# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက် ကြာသပတေးနေ့။ Thursday, 11 May 2017 (၈၉၂၁)


## ဝမ်းမြောက်ခြင်းတရား

လူမိုက်တို့သည် စေးနဲ့ဝန်တို၍ သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်း မရှိကုန်။ ထို့ကြောင့် ဒုဂ္ဂတိဘဝသို့ရောက်ရ၏။ ပညာရှိတို့ကား သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်း ရှိကုန်၍ တမလွန်ဘဝ၌ ချမ်းသာရ၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစရိယတရားလေးပါးတို့တွင် ဝမ်းမြောက်ခြင်းဟူသော တရားသည် ချမ်းသာခြင်းကို ဆောင်၏။ လောကဝင်(ဓမ္မပဒ-၁၇၇)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပနိုင်ငံခရီးစဉ်များမှ ပြန်လည်ရောက်ရှိ

စာမျက်နှာ » ၈

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိုရမ်အစည်းအဝေးတက်ရောက်ရန် တရုတ်နိုင်ငံသို့ သွားမည်

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ မေ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် Belt and Road Forum for International Cooperation သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ခရီးသွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်အား ဗုဒ္ဓဘာသာဝင် ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ညောင်ရေသွန်းလောင်းပူဇော်

**ရန်ကုန် မေ ၁၀**

ဖွား၊ ပွင့်၊ ဟော၊ စံ၊ ဗျာဒိတ်ခံ ကဆုန်လပြည့်(ဗုဒ္ဓနေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ရက်တစ်ရက်ဖြစ်သည်။ ယနေ့ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြပြီး ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင် နိဗ္ဗာန်နန်းဆိုသည်နှင့်အညီ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဗျာဒိတ်ခံယူသောနေ့၊ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံဝင်သောနေ့ဟူသည့် ထူးခြားချက်လေးမျိုးနှင့်ပြည့်စုံသောကြောင့် ဤနေ့ကို ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဟု ခေါ်ဆိုကြသည်။

ဗုဒ္ဓဘာသာဝင်တို့သည် မြတ်ဗုဒ္ဓ၏ ဘုရားဖြစ်သောနေ့ထူးနေ့မြတ်ကို အာရုံပြု၍ ကဆုန်လပြည့်နေ့၌ ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိကြသည်။ ဗောဓိပင်သည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူရာဌာန ဖြစ်ခြင်းကြောင့် ဖွားဖက်တော်ခုနစ်ပါးတွင် စာရင်းဝင်သည့် ထူးခြားသောသစ်ပင်ဖြစ်သည်။ မြတ်စွာဘုရားနှင့် တိုက်ရိုက်ဆက်စပ်နေသောကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဗောဓိပင်၌ ရေသွန်းလောင်းခြင်း ယဉ်ကျေးမှုအစဉ်အလာကို ခေတ်အဆက်ဆက် ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီ ပွဲတော်များတွင် ကဆုန်လ ညောင်ရေသွန်းပွဲကို ရိုးရာပွဲတော်အဖြစ် သတ်မှတ်ခဲ့ကြသည်။ အထက်ပါအကြောင်းအရာများကို နှလုံးသွင်း၍ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် နှစ်စဉ် ကဆုန်လပြည့်နေ့ရောက်တိုင်း ဗုဒ္ဓရုပ်ပွား ဥဒ္ဒိဿစေတီတော်များကို ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာသဘင်များ

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❁



ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၄) ကြိမ်မြောက် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော်ကို ရင်ပြင်တော်ပေါ်၌ စည်ကားစွာ ကျင်းပစဉ်။(ဓာတ်ပုံ-ခင်မောင်ဝင်း၊ ကြေးမုံ)










# ကြေးမုံ

## ကန်ထရိုက်လယ်ယာစနစ်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်သောသတင်းများအရ ယခုနှစ်မိုးစပါးရာသီ၌ စုစုပေါင်း စိုက်ဧက တစ်သိန်းခွဲကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်မည်ဟု သိရသည်။ အဆိုပါ ထုတ်ပြန်သည့်သတင်း၌ ဧရာဝတီတိုင်းဒေသကြီးတွင် ဧက ၆၀၀၀၀ ခန့်ဟု ဖော်ပြထားသော်လည်း ကျန်စိုက်ပျိုးမည့် တိုင်းဒေသကြီးများဖြစ်သော ပဲခူး၊ ရန်ကုန်နှင့် မန္တလေးတို့တွင် စိုက်ဧက မည်မျှစီရှိမည်ကို ဖော်ပြထားခြင်းမရှိပါ။ မည်သို့ပင်ဖြစ်စေ ကန်ထရိုက်လယ်ယာစနစ် စတင်ကျင့်သုံးမည်ဆိုသည်ကို ဝမ်းမြောက်ကြိုဆိုကြောင်း ဖော်ပြလိုပါသည်။

သို့သော် မြန်မာနိုင်ငံ၌ ကန်ထရိုက်လယ်ယာစနစ်နှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းထားခြင်းမရှိသေးသည်ကို အလေးအနက်ထား သုံးသပ်သင့်ပါသည်။ ကန်ထရိုက်လယ်ယာစနစ်နှင့် သက်ဆိုင်သော ဥပဒေကိုလွှတ်တော်သို့ တင်ပြနိုင်ရေးအတွက် ပြင်ဆင်ကြိုးပမ်းဆဲသာရှိပါသေးသည်။ ဤသို့ဆို၍ ဥပဒေပြဋ္ဌာန်းနိုင်ခြင်းမရှိသေးသော ကာလ၌ ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးစနစ်ကို မကျင့်သုံးသင့်ဟု ဆိုလိုခြင်းမဟုတ်ကြောင်း ရှင်းလင်းတင်ပြလိုပါသည်။ ကန်ထရိုက်လယ်ယာစနစ်ကို ဦးဆောင်တာဝန်ယူ အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ရှုထောင့်ပေါင်းစုံမှ သုံးသပ်စဉ်းစား၍ ဆောင်ရွက်ရန် လိုအပ်သည်ကိုသာ အကြံပြုလိုခြင်းဖြစ်ပါသည်။

ယခုနှစ် မိုးစပါးရာသီ၌ အကောင်အထည်ဖော်မည့် ကန်ထရိုက်လယ်ယာအတွေ့အကြုံများသည် ကန်ထရိုက်လယ်ယာစနစ်ဥပဒေကြမ်း ပြင်ဆင်ရေးဆွဲရာ၌ များစွာအသုံးဝင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုနှစ် မိုးစပါးရာသီတွင် ရှေ့ပြေးအဖြစ် အကောင်အထည်ဖော်မည့် ကန်ထရိုက်လယ်ယာစနစ်၌ ရှုထောင့်ပေါင်းစုံမှ ကြိုတင်စဉ်းစား ပြင်ဆင်နိုင်သည်နှင့်အမျှ နောင်အတည်ပြုပြဋ္ဌာန်းမည့် ကန်ထရိုက်လယ်ယာစနစ်ဥပဒေအတွက် ပိုမိုအထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ရှေ့ပြေးဆောင်ရွက်မည့် ကန်ထရိုက်လယ်ယာစနစ်တွင် လိုက်နာရမည့် စံနှုန်းများနှင့် စည်းကမ်းချက်များကို နိုင်ငံတော်အစိုးရထံ တင်ပြထားသည်ဟု သိရသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် အဆိုပါစံနှုန်းများနှင့် စည်းကမ်းချက်များကို နိုင်ငံတော်အစိုးရထံသို့ တင်ပြသည့်နည်းတူ တောင်သူလယ်သမားများအပါအဝင် ပြည်သူလူထုထံသို့ ချပြသင့်ပါသည်။ သို့မှသာဝေဖန်ထောက်ပြသင့်သည့် အချက်များကို ဝေဖန်ထောက်ပြနိုင်မည်ဖြစ်သကဲ့သို့ ပိုမိုကောင်းမွန်စေရန် ပြုပြင်သင့်သည့်အချက်များကိုလည်း ပြုပြင်နိုင်မည်ဖြစ်ပါသည်။

ဤရှေ့ပြေးအကောင်အထည်ဖော်မည့် ကန်ထရိုက်လယ်ယာစနစ်၏ အောင်မြင်မှုနှင့် မအောင်မြင်မှုတို့သည် မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ အနာဂတ်အတွက်အရေးပါသည်ဟု ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် ဤရှေ့ပြေးကန်ထရိုက်လယ်ယာစနစ်၏ အောင်မြင်မှုနှင့် မအောင်မြင်မှုတို့သည် မြန်မာ့တောင်သူလယ်သမားများအကြား ကန်ထရိုက်စနစ်နှင့် ပတ်သက်သော ပုံရိပ်ကို စွဲထင်စေမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် တောင်သူလယ်သမားအရေး ဆောင်ရွက်လျက်ရှိသော အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုင်ပင်ညှိနှိုင်း၍ အကြံပြုချက်များရယူပါက ပိုမိုပြည့်စုံကောင်းမွန်မည်ဟု ယူဆပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စိတ်ကူးအကြံဉာဏ်ကောင်းကို ပိုမိုပြည့်စုံကောင်းမွန်စေရန်အတွက် မူဝါဒလမ်းညွှန်မှုများချမှတ်ပေးပါရန် လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။ ။




## နွေရာသီကျောင်းပိတ်ရက် ပန်းချီနှင့် အက သင်တန်းဆင်း

**မြင်းမူ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အမှတ်(၄) အခြေခံပညာမူလွန်ကျောင်း၏ နွေရာသီ ပန်းချီသင်တန်းနှင့် အကသင်တန်းဆင်းပွဲကို မေ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါပန်းချီသင်တန်းကို ဧပြီ ၃ ရက်မှစတင်၍ ပန်းချီဆရာကြီး ဦးစံရွှေက ကျောင်းသား ကျောင်းသူ ၄၅ ဦးအား ကောက်ကြောင်းပန်းချီနှင့် ဆေးရောင်ခြယ်နည်း ပညာရပ်များကိုလည်းကောင်း၊ အကသင်တန်းနည်းပြဆရာမ ဒေါ်အေးသန်းကြွယ်က ကျောင်းသား ကျောင်းသူ ၂၅ ဦးအား အခြေခံစည်း၊ ဝါးနှင့် ကဗျာလွတ်အကများကိုလည်းကောင်း အခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ မြန်မာ မဟာဓာတ်အားလိုင်းပြင်ပ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပ

**နေပြည်တော် မေ ၁၀**

သုတေသနဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာ၌ သုတေသီများ၏ ပင်ကိုအတွေးအခေါ်ဖြင့် ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်နိုင်ရန်၊ တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းစေရေး ဆောင်ရွက်မှုလုပ်ငန်းများအား ထိရောက်စွာထောက်ပံ့ပေးနိုင်ရန်တို့ကို မျှော်မှန်းကြိုးပမ်းဆောင်ရွက်ကြရန် မေ ၉ ရက် နံနက် ၈ နာရီက ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမဆောင်၌ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း တက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို မေ ၈ ရက်မှ ၁၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် Park Royal ၌ ကျင်းပသည့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ မြန်မာမဟာဓာတ်အားလိုင်းပြင်ပ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဖိုရမ် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။




ပြည်ထောင်စုဝန်ကြီးက အမျိုးသားစွမ်းအင်မူဝါဒနှင့် အာဆီယံဒေသတွင်းနိုင်ငံများအတွင်း ၂၀၂၅ ခုနှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုနှုန်း (၂၃ ရာခိုင်နှုန်း)အထိ တိုးမြှင့်သုံးစွဲနိုင်ရေး ရည်မှန်းချက်များနှင့်အညီ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း(NEP)အရ ကာလတို၊ ကာလရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အကြိုမီးလင်းရေး စီမံကိန်းကို တစ်အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အားစနစ်များ အသုံးပြု၍ ဆောင်ရွက်လျက်ရှိကြောင်း။

ပထမ ငါးနှစ်စီမံကိန်းအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း တစ်အိမ်သုံးဆိုလာစနစ်ဖြင့် အိမ်ထောင်စုပေါင်း ၄၆၈၁၈၆ စုကို အကျိုးပြုနိုင်ရန် ရည်ရွယ်၍ ကျေးရွာပေါင်း ၅၁၈၄ ရွာ၊ အသေးစားဓာတ်အားစနစ်ဖြင့် အိမ်ထောင်စုပေါင်း ၃၅၀၄၉ စုကို အကျိုးပြုနိုင်ရန်ရည်ရွယ်၍ ကျေးရွာပေါင်း ၃၆၄ ရွာကို ဆောင်ရွက်ရန် လျာထားလျက်ရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးရွာပေါင်း ၃၄ ရွာတို့တွင် အသေးစားဓာတ်အားစနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ပထမ ငါးနှစ်စီမံကိန်းတွင် မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်ဓာတ်အားရရှိရေးစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ခဲ့ပြီး အိမ်ထောင်စုပေါင်း(ငါးသိန်း) ခန့်ကို အကျိုးပြုနိုင်ရန် မျှော်မှန်းထားကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့ဘဏ်၊ GIZ၊ ADB စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပြီး အသေးစားဓာတ်အားစနစ်ဆိုင်ရာနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များကို ရေးဆွဲချမှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ADB မှ Energy Specialist ဖြစ်သူ Mr. Choon-Sik Jung က မြန်မာ မဟာဓာတ်အားလိုင်းပြင်ပ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဖိုရမ်နှင့် ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကျေးရွာမီးလင်းရေးစီမံကိန်း ဧရိယာများ လျာထားချမှတ်ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**


ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# ပြည်သူနှင့်အတူ

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပနိုင်ငံများသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ကြေညာ

၁။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၁-၅-၂၀၁၇ ရက်နေ့မှ ၉-၅-၂၀၁၇ ရက်နေ့အထိ ဥရောပသမဂ္ဂဌာနချုပ်၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အီတလီနိုင်ငံ၊ ဗာတီကန်မြို့ပြနိုင်ငံနှင့်ဗြိတိန်နိုင်ငံများသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပြီး ၁၀-၅-၂၀၁၇ ရက်နေ့ နံနက်၁၁နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

**ဘယ်လ်ဂျီယံနိုင်ငံခရီးစဉ်**

၂။ ဘရပ်ဆဲလ်မြို့၌ ရောက်ရှိနေစဉ်ကာလအတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂-၅-၂၀၁၇ ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘုရင်မင်းမြတ် His Majesty King Philippe ၊ ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ် Mr. Charles Michel တို့နှင့် တွေ့ဆုံခဲ့ပါသည်။ ဝန်ကြီးချုပ်နှင့်တွေ့ဆုံရာတွင် မြန်မာ-ဘယ်လ်ဂျီယံနှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရည်အသွေး မြှင့်တင်ရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေးအတွက် အကူအညီပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံအစိုးရ၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် မြန်မာနိုင်ငံဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံက အကူအညီပေးရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

၃။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥရောပကောင်စီဥက္ကဋ္ဌ Mr. Donald Tusk နှင့် နေ့လယ်ပိုင်းတွင်တွေ့ဆုံ ဆွေးနွေးခဲ့ပြီး ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ Mrs. Federica Mogherini က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ တွေ့ဆုံပွဲများအတွင်း မြန်မာ-ဥရောပသမဂ္ဂဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အသွင်ကူးပြောင်းရေးကာလ၌ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် အခက်အခဲများအား ကျော်လွှားအောင်မြင်မှုရရှိရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် (၂၁)ရာစုပင်လုံကျင်းပမည့်ကိစ္စ၊ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ အာဆီယံ-အီးယူဆက်ဆံရေးမြှင့်တင်ရေးကိစ္စ၊ အာရှ-ဥရောပဆွေးနွေးပွဲ(ASEM) နိုင်ငံခြားရေးဝန်ကြီးများအစည်း အဝေးကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် Mrs. Federica Mogherini တို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး မီဒီယာများ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားခဲ့ကြပါသည်။

**အီတလီနိုင်ငံခရီးစဉ်**

၄။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အီတလီသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် ၃-၅-၂၀၁၇ ရက်နေ့ နေ့လယ်ပိုင်းတွင် ရောက်ရှိခဲ့ပြီး အီတလီဝန်ကြီးချုပ်ဟောင်း Mr. Romano Prodi၊ အီတလီ-မြန်မာအသင်း (Italia-Birmania Insieme)၏ဥက္ကဋ္ဌ Mr. Vincenzo Scotti တို့အား သီးခြားစီလက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၌ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၅။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၃-၅-၂၀၁၇ ရက်နေ့တွင် အီတလီသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Angelino Alfano အား တွေ့ဆုံခဲ့ပြီး ၄-၅-၂၀၁၇ ရက်နေ့တွင် အီတလီနိုင်ငံဝန်ကြီးချုပ် Mr. Paolo Gentiloni နှင့် နှစ်နိုင်ငံဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။ အဆိုပါတွေ့ဆုံပွဲများ၌ မြန်မာ-အီတလီ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စ၊ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များအပေါ် အီတလီနိုင်ငံမှ ဆက်လက်ထောက်ခံဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုပြတိုက်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် အီတလီနိုင်ငံမှ အကူအညီများပေးအပ်ရေး၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

၆။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၄-၅-၂၀၁၇ ရက်နေ့ နံနက်ပိုင်းတွင် ဗာတီကန်နန်းတော်၌ ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး His Holiness Pope Francis အား သွားရောက်တွေ့ဆုံခဲ့ပါသည်။ ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗာတီကန်မြို့ပြနိုင်ငံ (Holy See) တို့အကြား သံတမန်အဆက်အသွယ်ထူထောင်သည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့ကြပါသည်။ ဆက်လက်ပြီးနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗာတီကန်မြို့ပြနိုင်ငံ အစိုးရအဖွဲ့အကြီးအကဲ His Eminence Cardinal Pietro Parollin နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်နိုင်ခြင်းအတွက် ဝမ်းမြောက်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြပါသည်။

၇။ ဗာတီကန်မြို့ပြနိုင်ငံသည် ကုလသမဂ္ဂတွင် လေ့လာသူအဆင့်အတန်းရရှိထားသည့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ ကျော်နှင့် သံတမန်ဆက်သွယ်မှုပြုလုပ်ထားပြီးဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်ရန် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထပုံမှန် အစည်းအဝေးမှ ၁၀-၃-၂၀၁၇ ရက်နေ့တွင် အတည်ပြုခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံဘက်မှ သံရုံးအဆင့်ဖြင့်လည်းကောင်း၊ ဗာတီကန်မြို့ပြနိုင်ငံဘက်မှ ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်ရုံးအဆင့်ဖြင့်လည်းကောင်း သံတမန်အဆက်အသွယ် ထူထောင်ရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဗာတီကန်မြို့ပြနိုင်ငံအတွက် ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးမှတစ်ဆင့် တွဲဖက်တာဝန်ယူရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲပိုင်းတွင် ရောမမြို့ရှိ အီတလီအောက်လွှတ်တော်၌ Migration and Gender Equality ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လွှတ်တော်အမတ်များညီလာခံ၏ ဖွင့်ပွဲအခမ်းအနားသို့ အထူးဧည့်သည်တော်အဖြစ် တက်ရောက်ပြီး အဖွင့်မိန့်ခွန်းပြောကြားခဲ့ပါသည်။ အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အီတလီသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Hon. Laura Boldrini နှင့် အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Paolo Gentiloni တို့လည်း တက်ရောက်ခဲ့ကြပါသည်။

**ဗြိတိန်နိုင်ငံခရီးစဉ်**

၉။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် ၄-၅-၂၀၁၇ ရက်နေ့ ညပိုင်းတွင် ရောက်ရှိခဲ့ပြီး ၅-၅-၂၀၁၇ ရက်နေ့ နေ့လယ်ပိုင်းတွင် ဗြိတိန်နိုင်ငံ ဝေလမင်းသား Prince Charles နှင့် ကြင်ရာတော်တို့အား လန်ဒန်မြို့ရှိ Clarence House ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အဲလစ်ဇဘက် ဘုရင်မကြီးက မြန်မာကိုယ်စားလှယ်အဖွဲ့အား Buckingham နန်းတော်၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၁၀။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ၏ ဆေးပညာသင်ကြားမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများပြုလုပ်ပေးနေသည့် St. Mary’s Hospital သို့ သွားရောက်လေ့လာခဲ့ပြီး ညနေပိုင်းတွင် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးဌာန ဝန်ကြီး the Rt. Hon. Boris Johnson မှ လန်ဒန်မြို့ရှိ ၎င်း၏နေအိမ် Carlton Gardens ၌တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၁၁။ အဆိုပါ ညစာစားပွဲ၌ နှစ်ဖက်အကြား မြန်မာ-ဗြိတိန်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် ဆက်လက်ကူညီပံ့ပိုးသွားရေးစသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၁၂။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၈-၅-၂၀၁၇ ရက်နေ့တွင် လန်ဒန်မြို့ရှိ Guild Hall ၌ ကျင်းပသည့် လန်ဒန်မြို့တော်မှ ပေးအပ်သည့် Honorary Freedom of the City of London Award ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ထူးဆောင်ဆုကိုလက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် လန်ဒန်မြို့ ခေတ္တမြို့တော်ဝန် Alderman Sir Alan Yarrow က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ ယခုချီးမြှင့်သည့် Honorary Freedom of the City of London Award မှာ လန်ဒန်မြို့တော်မှ ပေးအပ်သည့် အဆင့်အမြင့်ဆုံးဂုဏ်ထူး ဆောင်ဆုဖြစ်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ လွတ်လပ်မှုနှင့် ဒီမိုကရေစီ ဖြစ်ထွန်းရေးအတွက် အကြမ်းမဖက်သည့်နည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ကမ္ဘာ့နိုင်ငံရေးစင်မြင့်တွင် ထူးချွန်ပြောင်မြောက်သောခေါင်းဆောင်မှုတို့အတွက် ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ အဆိုပါဆုကို ယခင်က ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စစ်မာဂရက်သက်ချာ၊ တောင်အာဖရိကနိုင်ငံ သမ္မတဟောင်း မစ္စတာ နယ်လ်ဆင် မင်ဒဲလား၊ သိပ္ပံပညာရှင် ပါမောက္ခစတီဗင်ဟော့ကင်းနှင့် ဗြိတိန်နိုင်ငံ ဝေလမင်းသမီး ဒိုင်ယာနာတို့ အားလည်း ချီးမြှင့်ခဲ့ပါသည်။

၁၃။ လန်ဒန်မြို့၌ရှိနေစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၈-၅-၂၀၁၇ ရက်နေ့တွင် ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Sir Michael Fallon MP နှင့်လည်းကောင်း၊ ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးဌာန ပါလီမန်ဆိုင်ရာ ဒုတိယဝန်ကြီး H.E. Mr. Alok Sharma နှင့်လည်းကောင်း၊ ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Rory Stewart MP နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ပါသည်။ အဆိုပါတွေ့ဆုံပွဲများ၌ နှစ်ဖက်အကြား မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ဗြိတိန်နိုင်ငံမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် စွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းများပေးအပ်ရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗြိတိန်နိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာ-ဗြိတိန်နှစ်နိုင်ငံအကြား ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်စွမ်းအင် စသည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးစသည့်ကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

၁၄။ ၉-၅-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗြိတိန်နိုင်ငံသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် လန်ဒန်မြို့ရှိ Landmark Hotel ၌ တွေ့ဆုံခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# တောင်ကိုရီးယားသမ္မတသစ်အဖြစ် မွန်းဂျေအင်း ကျမ်းသစ္စာကျိန်ဆို

**ဆိုးလ် မေ ၁၀**
တောင်ကိုရီးယားနိုင်ငံ၏ သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသူ မွန်းဂျေအင်းသည် သမ္မတရာထူး၌ စတင်တာဝန်ထမ်းဆောင်ရန် မေ ၁၀ ရက်က ကျမ်းသစ္စာကျိန်ဆိုကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားသမ္မတသစ်အဖြစ် စတင်တာဝန်ထမ်းရွက်သူ မွန်းသည် လတ်တလောဖြစ်ပေါ်နေသော မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ အရေးတကြီးကိုင်တွယ်ဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ပြုပြောကြားသည်။ ဈေးကလီးယားနှင့် ဒုံးလက်နက် အစီအစဉ်များကို အကောင်အထည်ဖော်နေသည့် မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့်တရုတ်နိုင်ငံတို့နှင့် တင်းမာမှုများဖြစ်ပေါ်နေချိန်တွင် ဒေသတွင်း၌ တည်ငြိမ်မှု ပြန်လည်ရရှိရေးကိစ္စကို ဦးစားပေးဆောင်ရွက်မည်ဟု ဆိုသည်။

ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများ လျှော့ပါးပျက်ပြယ်စေရေးအတွက် မိမိအစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယား၌ ဖြန့်ကြက်လျက်ရှိသော အမေရိကန်၏ ဒုံးလက်နက် ကာကွယ်ရေးစနစ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဖြစ်ပေါ်နေသော အငြင်းပွားမှုများကို အဆုံးသတ်စေရန် ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း မွန်းက သမ္မတအဖြစ် ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

သမ္မတမွန်းသည် ထူးထူးခြားခြားခန့်အပ်မှုများအဖြစ် မြောက်ကိုရီးယားနှင့် ဆက်ဆံရေးမြှင့်တင်ရန် လိုလားသော မူဝါဒနှင့်ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ခဲ့သူများကို ဝန်ကြီးချုပ်ရာထူးတွင်လည်းကောင်း၊ ထောက်လှမ်းရေးဌာနအကြီးအကဲရာထူးတွင် လည်းကောင်း ခန့်အပ်ရန် ရွေးချယ်ခဲ့သည်။

**ရိုက်တာ။**



# FBI (အက်ဖ်ဘီအိုင်)ဒါရိုက်တာ ဂျိမ်းစ်ဘီကိုမီအား ရာထူးမှ ဖယ်ရှား

**ဝါရှင်တန် မေ ၁၀**
အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က အက်ဖ်ဘီအိုင်ဒါရိုက်တာ ဂျိမ်းစ်ဘီကိုမီအား ရာထူးမှ ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများ အရသိရသည်။

သမ္မတထရန့် လက်မှတ်ရေးထိုးထားသော ဂျိမ်းဘီကိုမီအား ရာထူးမှ ထုတ်ပယ်သည့် အစီရင်ခံစာကို အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆီရန်းစပိုင်ဆာက မေ ၉ ရက်တွင် တရားဝင်ထုတ်ပြန်ခဲ့သည်။

FBI (အက်ဖ်ဘီအိုင်) ဒါရိုက်တာ ဂျိမ်းဘီကိုမီအား ရာထူးမှ ထုတ်ပယ်ခြင်းကို တရားရေးဌာန တာဝန်ရှိသူများ၏ ထောက်ခံချက်ဖြင့် သမ္မတထရန့်က လက်မှတ်ရေးထိုး အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဒါရိုက်တာ ဂျိမ်းဘီကိုမီ၏ ရာထူးနေရာတွင် အစားထိုးပြောင်းလဲခန့်အပ်ရန် သမ္မတထရန့် ဦးဆောင်သည့် အစိုးရအဖွဲ့က စီစဉ်လျက်ရှိကြောင်း သိရသည်။

ဟီလာရီကလင်တန် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်အတွင်း ဝန်ကြီးအနေဖြင့် ကိုယ်ပိုင်အီးမေးလ်အကောင့် အသုံးပြုမှုများရှိသည်ဟု စွပ်စွဲပြစ်တင်ခြင်းများ ထွက်ပေါ်လာခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဂျိမ်းဘီကိုမီ၏ ဖြေရှင်းချက်အပေါ် ဒုတိယရှေ့နေချုပ် ရော့ရှိဆန်စတင်းက မေးခွန်းထုတ်ခဲ့သည်။ အဆိုပါကိစ္စရပ်သည် အက်ဖ်ဘီအိုင်ဒါရိုက်တာ၏လုပ်ဆောင်ချက်မဟုတ်ကြောင်း ပြောကြားချက်ကိုလည်း ဒုတိယရှေ့နေချုပ် ရော့ရှိဆန်စတင်းက ဂျိမ်းဘီကိုမီအား ရှုတ်ချခဲ့ကြောင်း သိရသည်။

အက်ဖ်ဘီအိုင် ဒါရိုက်တာ ဂျိမ်းဘီကိုမီသည် အမေရိကန်သမ္မတရွေးကောက်ပွဲကာလအတွင်း ရုရှားအာဏာပိုင်များက သမ္မတထရန့်အား ကူညီထောက်ပံ့ပေးရန် ဝင်ရောက်စွက်ဖက်ခဲ့ခြင်းရှိ/မရှိ စုံစမ်းစစ်ဆေးရာတွင် အဓိကတာဝန်ရှိသူတစ်ဦးဖြစ်သည်။

သမ္မတထရန့် အစိုးရအနေဖြင့် အထက်ပါစုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်ပြီး အဖြစ်မှန်များ ပေါ်ပေါက်မည်ကို စိုးရိမ်သည့်အနေဖြင့် အက်ဖ်ဘီအိုင်ဒါရိုက်တာ ဂျိမ်းဘီကိုမီအား ရာထူးမှဖယ်ရှားနိုင်ခြေရှိသည်ဟု ဒီမိုကရက်တစ်အချို့က ပြောကြားခဲ့ဖူးသည်။

ထို့ပြင် သမ္မတထရန့်နှင့် ရုရှားအစိုးရတို့၏ ဆက်ဆံရေးကို ပွင့်လင်းမြင်သာစွာ သိရှိစေရေးအတွက် အစိုးရရှေ့နေတစ်ဦး ခန့်အပ်ပေးရန် ဒီမိုကရက်တစ်အချို့က တောင်းဆိုထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**






# ကုလသမဂ္ဂ၏ရာသီဥတုဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ ဂျာမနီနိုင်ငံ ဘွန်းမြို့၌ ကျင်းပလျက်ရှိ

**ဘွန်း မေ ၁၀**
အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က ပါရီရာသီဥတုပြောင်းလဲမှုထိန်းညှိရေး သဘောတူညီချက်ပါ ကတိကဝတ်များအတိုင်း လိုက်နာဆောင်ရွက်ရန် မရေမရာ သဘောထားရပ်တည်ချက်ကို ပြသလျက်ရှိနေစဉ်အတွင်း ဂျာမနီနိုင်ငံ ဘွန်းမြို့၌ ကုလသမဂ္ဂ၏ ကမကထပြုမှုဖြင့် ရာသီဥတုဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲတစ်ရပ်ကို ၁၀ ရက်ကြာ ကျင်းပလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျာမနီနိုင်ငံ အနောက်ပိုင်းရှိ ဘွန်းမြို့၌ ကျင်းပသော နိုင်ငံတကာ ဆွေးနွေးပွဲသို့ ကမ္ဘာတစ်ဝန်းမှ အထူးသံတမန်များ တက်ရောက်ကြပြီး ပါရီ ရာသီဥတုပြောင်းလဲမှုထိန်းညှိရေး သဘောတူညီချက်အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးညှိနှိုင်းလျက်ရှိကြသည်။

၂၀၁၅ ခုနှစ်တွင် ပေါ်ထွက်လာခဲ့သော အဆိုပါ သဘောတူညီချက်သည် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ရည်ရွယ်သည်။ ပါရီသဘောတူညီချက် ပေါ်ထွက်လာရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သည့် အဖွဲ့အစည်းမှာ အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ အစိုးရအဖွဲ့ဖြစ်သည်။

ဘွန်းမြို့၌ကျင်းပသော နိုင်ငံတကာဆွေးနွေးပွဲကို ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း၏ အကြီးအကဲ ပက်ထရစ်စီယာအက်စပီနိုဆာက ကမကထပြု ကျင်းပကြောင်းသတင်းတွင် ဖော်ပြထားသည်။

**ရိုက်တာ။**

# အစိုးရအရာရှိများကို လုပ်ကြံသတ်ဖြတ်ရန် လျှို့ဝှက်ကြံစည်နေသည့် ဂျာမန်စစ်သားများ ဖမ်းဆီးခံရ

**ဘာလင် မေ ၁၀**
ပွင့်လင်းဖော်ရွေသည့် လူဝင်မှုကြီးကြပ်ရေးမူဝါဒများကို ထောက်ခံသည့် အစိုးရအရာရှိများကို လုပ်ကြံသတ်ဖြတ်ရန် လျှို့ဝှက်ကြံစည်နေသော လက်ယာအစွန်းရောက်သမား သုံးဦးကို ဖမ်းဆီးရမိကြောင်း ဂျာမန်တာဝန်ရှိသူများက ပြောကြားသည်။

၎င်းတို့သုံးဦးက သမ္မတဟောင်း ဂျိုအာချင်ဂေါက်နှင့် တရားရေးဝန်ကြီး ဟိုင်ကိုမက်စ်တို့အပါအဝင် ပစ်မှတ်ထားသတ်ဖြတ်မည့် လူစာရင်းတစ်ခု ပြုလုပ်ထားကြောင်း အစိုးရရှေ့နေများက မေ ၉ ရက်တွင် ပြောကြားသည်။

မီဒီယာများ၏ ရေးသားဖော်ပြချက်အရ သုံးဦးအနက် တစ်ဦးမှာ ကောလိပ်ကျောင်းသားတစ်ဦးဖြစ်ပြီး ၎င်း၏ နေအိမ်တွင် လက်နက်များ လျှို့ဝှက်သိမ်းဆည်းထားသည်ဟု သိရသည်။ ကျန်နှစ်ဦးမှာ အသက် ၂၀ ဝန်းကျင်ရှိ ဖက်ဒရယ်တပ်မတော် စစ်သားများဖြစ်ကြသည်။

စစ်သားတစ်ဦးက သူ့ကိုယ်သူ ခိုလှုံခွင့်တောင်းခံထားသည့် ဆီးရီးယားဒုက္ခသည်တစ်ဦးအသွင် ဟန်ဆောင်ရန် ကြိုးစားခဲ့သည်။ ၎င်းအနေဖြင့် ယင်းကဲ့သို့ ဟန်ဆောင်ရန်ကြိုးစားခြင်းသည် လုပ်ကြံမှုကို ဒုက္ခသည်များက ပြုလုပ်သည်ဟု ပြည်သူများထင်မှတ်စေရန်ဖြစ်ဖွယ်ရှိကြောင်း အစိုးရရှေ့နေများက ပြောကြားသည်။

အဆိုပါဖြစ်ရပ်သည် စစ်တပ်အတွင်း လက်ယာစွန်း ပြုပြင်ပြောင်းလဲရေးအယူအဆ ကြီးကြီးမားမားရှိနေကြောင်း ပြသသည့် လက္ခဏာရပ်တစ်ခုဖြစ်ကြောင်း ရှုမြင်နေကြသည်။

ယခုဖြစ်ရပ်ကို ယုံကြည်ရန် ခက်ခဲကြောင်း ဂျာမန်အဓိပတိ အိန်ဂျလာမာကယ်က မီဒီယာများကို ပြောကြားပြီး အလားတူဖြစ်ရပ်မျိုး ယခင်က ရှိ/မရှိ စုံစမ်းစစ်ဆေးရန်လည်း တာဝန်ရှိသူများကို ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း နိုင်ငံတကာဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ တိုးတက်

**ပေကျင်း မေ ၁၀**
တရုတ်နိုင်ငံ ပေကျင်းမြို့၌ မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကျင်းပရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ကောင်းစွာတိုးတက်လျက်ရှိကြောင်း ပေကျင်းမြို့မြူနီစီပါယ် အုပ်ချုပ်ရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက မေ ၁၀ ရက်တွင် ပြောကြားသည်။

ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်းအမည်ရှိ နိုင်ငံတကာဆွေးနွေးပွဲကို မြို့တော်ပေကျင်းမြောက်ပိုင်းဆင်ခြေဖုံးဒေသရှိ ယန်ကျီရေကန် နိုင်ငံတကာညီလာခံခန်းမဆောင်နှင့် တရုတ်အမျိုးသားညီလာခံခန်းမတို့တွင် ကျင်းပမည်ဟု ဆင်ဟွာသတင်းဌာနနှင့် သီးသန့်ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းတွင် ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝန်းဂျီက ပြောကြားသည်။

တရုတ်အမျိုးသားညီလာခံခန်းမရှိ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်မည့်နေရာအတွက် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း၊ ဖွင့်ပွဲအခမ်းအနားနှင့် အဆင့်မြင့်မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးပွဲများကို ယင်းနေရာ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲ၏ အဓိကနေရာဖြစ်သည့် ယန်ကျီဌာနအတွက် စီမံဆောင်ရွက်မှုများမှာလည်း အလားတူပြီးစီးပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တရုတ်အမျိုးသားညီလာခံ ခန်းမဆောင်တွင် သတင်းပြန်ကြားရေးဌာနတည်ရှိပြီး ၎င်း၏တည်ဆောက်ရေးလုပ်ငန်းများ မေ ၁၀ ရက်တွင် ပြီးစီးမည်ဟု မျှော်လင့်ရသည်။ ယန်ကျီဌာနတွင်လည်း သတင်းပြန်ကြားရေးဌာနတစ်ခုရှိပြီး ယင်းမှာလည်း အဆင်သင့်ရှိနေပြီဖြစ်သည်။

ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်းနိုင်ငံတကာ ဆွေးနွေးပွဲတွင် လုပ်အားပေးရန် စေတနာ့ဝန်ထမ်း ၂၀၀၀ ခန့် စာရင်းပေးသွင်းထားပြီး ၎င်းတို့အား လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း ဝမ်က ပြောကြားသည်။

**ဆင်ဟွာ။**



# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းပူဇော်

**နေပြည်တော် မေ ၁၀**

၁၃၇၉ ခုနှစ် ကဆုန်လပြည့်နေ့တွင် ကျရောက်သော ညောင်ရေသွန်းပွဲတော်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများသည် ညနေပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ဇေယျာသီရိကုန်းတိုက်ရှေ့ လောကချမ်းသာဆုတောင်းပြည့်ဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များတွင်လည်း ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲများကို ပြုလုပ်ကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❁ ကဆုန်လပြည့်(ဗုဒ္ဓနေ့)မှ**

ကျင်းပခြင်း၊ ဘုရားကျောင်းကန်များသို့သွား၍ ဒါန၊ သီလ၊ ဘာဝနာများကို ပွားများဆောက်တည်ကြခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၄) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နံနက် ၅ နာရီမှ စတင်ကာ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ဆက်ကပ်ပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက ညောင်ရေအိုးများ ကိုယ်စီကိုင်ဆောင်ပြီး စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ခြင်း၊ စေတီတော်ရင်ပြင် အဂ္ဂိထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

ရွှေတိဂုံစေတီတော်ရင်ပြင် ထောင့်လေးထောင့်ရှိ မဟာဗောဓိညောင်ပင်များ၌ ဘုရားဖူးလာပြည်သူများ ညောင်ရေသွန်းလောင်းနိုင်ရန် ဘာသာရေးအသင်းအဖွဲ့များက ကုသိုလ်ယူ ကူညီဆောင်ရွက်ပေးကြပြီး အလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းကြသည်။

မဟာဝိဇယစေတီတော်၏ (၃၁) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ အနေကဇာတင်ပွဲနှင့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေခြင်း၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက မဟာဗောဓိညောင်ပင်အား ရေသွန်းလောင်းခြင်း၊ "ဥဒ္ဒိဿိယ ဇိနံ ဗုဒ္ဓံ" အစချီသော ညောင်ရေသွန်းဂါထာကို ရွတ်ဆိုပူဇော်ခြင်း၊ "ဇယော ဟိ ဗုဒ္ဓဿ" ဂါထာတော် ရွတ်ဆိုခြင်း၊ "ဗောဓိညောင်နန်း" အစချီသော ရှစ်လုံးဘွဲ့ကဗျာကို ရွတ်ဆိုပူဇော်ခြင်း၊ "ဇယန္တော" အစချီသော ဆုတောင်းပတ္ထနာ (၆)ဂါထာဖြင့် ရွတ်ဆိုပူဇော်ခြင်း၊ "သွန်းကြ၊ သွန်းကြ" အစချီသော ညောင်ရေသွန်းကဗျာများဖြင့် ရွတ်ဆိုပူဇော်ကြပြီး ညောင်ရေသွန်းလောင်းကြသည်။

ရွှေဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၄၂) ကြိမ်မြောက် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နံနက် ၅ နာရီခွဲတွင် ကျင်းပရာ စေတီတော်၏ အာရုံခံတန်ဆောင်းများ၌ သစ်သီးနှင့် မုန့်ဆွမ်းများ ကပ်လှူပူဇော်ခြင်း၊ စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာများအား အရုဏ်ဆွမ်း ကပ်လှူ၍ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် ပူဇော်ကြကာ အဂ္ဂိထောင့်ရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ နံနက် ၆ နာရီမှ စတင်ကာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်ပြီး "မဟာဗောဓိ ဒုမေန ထောမသော" ဂါထာရွတ်ဆိုခြင်း၊ "ဥဒ္ဒိဿိယ ဇိနံ ဗုဒ္ဓံ" အစချီသော ညောင်ရေသွန်းဂါထာကို ရွတ်ဆိုပူဇော်ကြကာ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲကို နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင် နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပရာ ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမေဓာနန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ၊ ဩဝါဒကထာနှင့် အနုမောဒနာတရားများချီးမြှင့်ပြီး မဟာဗောဓိပင်၌ ကဆုန်ညောင်ရေသွန်းလောင်းကြသည်။

ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်၌ (၁၉) ကြိမ်မြောက် ညောင်ရေသွန်းလောင်းပွဲကို နံနက် ၈ နာရီတွင် စေတီတော်ဂန္ဓကုဋီတိုက်အတွင်း၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူခြင်း၊ ဆရာတော်၊ သံဃာတော်များထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့များက ရှစ်ပါးသီလခံယူဆောက်တည်ခြင်း၊ ရေစက်ချအမျှပေးဝေခြင်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ဆံတော်ရှင် ဆူးလေစေတီတော်၏ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နံနက်အရုဏ်တက်ချိန်မှစ၍ ကျင်းပရာ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဆရာတော်၊ သံဃာတော်များထံမှ ကိုးပါးသီလခံယူဆောက်တည်ခြင်း၊ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ချီးမြှင့်ခြင်း၊ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲ ဖြစ်ပေါ်လာခြင်းအကြောင်းကို ဟောကြားတော်မူခြင်း၊ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်သွန်းချအမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ကြပြီး စေတီတော်မြောက်ဘက်မုခ်ရှိ ဗောဓိပင်တန်ဆောင်း၌ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အလားတူ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ နံနက်ပိုင်းတွင် စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ ဦးဆောင်ကာ ဆရာတော်၊ သံဃာတော်အပါး ၅၀ ကျော်နှင့် ဘဏ္ဍာတော်ထိန်းဂေါပကများက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဆွမ်းတော်ကြီးကပ်လှူပူဇော်ကြပြီး ကဆုန်ညောင်ရေသွန်းလှူပူဇော်ကြသည်။ ဘုရားဖူးလာပြည်သူများ ညောင်ရေသွန်းလောင်းပူဇော်ရန် ညောင်ရေအိုး၊ အောင်သပြေ၊ အမွှေးနံ့သာများကို နံနက် ၆ နာရီမှ ည ၉ နာရီထိ စီစဉ်ပေးထားသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ တန်ခိုးကြီးဘုရားများ၌ ကဆုန်လပြည့်ဗုဒ္ဓအခါတော်နေ့၌ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားများ ကျင်းပကြပြီး ဘုရားဖူးလာပြည်သူများက မဟာဗောဓိညောင်ပင်အား နံနက်ပိုင်းမှစတင်ကာ တစ်နေကုန် ညောင်ရေသွန်းလောင်းပူဇော်ကြသည်။



**သီရိမင်္ဂလာကမ္ဘာအေးစေတီတော် မဟာဗောဓိကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲတွင် ဘုရားဖူးလာပြည်သူများ မဟာဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။** (ဓာတ်ပုံ-ဇော်မင်းလတ်)

မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ရာတွင် ဘုရားဖူးလာပြည်သူများအား အဆင်ပြေစေရန် စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက ညောင်ရေအိုး၊ အမွှေးနံ့သာရည်များ စီစဉ်ပေးထားသည်ကို တွေ့ရသည်။

ဘုရားစေတီများနှင့် မြို့နယ်၊ ရပ်ကွက်များရှိ ဓမ္မာရုံများ၊ လမ်းများ၌ စေတနာရှင် အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များက စတုဒိသာများ ကျွေးမွေးလှူဒါန်း၍ အလှူဒါနကောင်းမှုပြုသူများပြားသကဲ့သို့ မြတ်ဗုဒ္ဓ၏ နေ့ထူးနေ့မြတ် အခါသမယတွင် ဥယျာဉ်ပန်းခြံများ၌ တစ်ဦးချင်းအလိုက်၊ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက်ဖြင့် အနားယူအပန်းဖြေသူများဖြင့် အထူးစည်ကားများပြားလျက်ရှိကြောင်း တွေ့ရသည်။

**သတင်း-ရီရီမြင့်၊ မြတ်စန္ဒီ**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွန်း**

# လောကချမ်းသာ အဘယလာဘမုနိဘုရား၏ မဟာဗောဓိပင်အား ကဆုန်ညောင်ရေသွန်းလောင်း

**ရန်ကုန် မေ ၁၀**

"ဗျာဒိတ်တော်ခံ၊ ဖွားပွင့်စံ လေးတန်စုံစေ့၊ ကဆုန်လပြည့်နေ့" ထူးမြတ်သည့်နေ့၌ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၏ ရင်ပြင်တော်ပေါ်ရှိ သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်စိုက်ပျိုးခဲ့သော ဒက္ခိဏသာခါ မဟာဗောဓိညောင်ပင်အား (၁၆) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို (မေ ၁၀ ရက်) ၁၃၇၉ ခုနှစ် ကဆုန်လပြည့်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အဆိုပါကျောက်တော်ကြီးဘုရားရင်ပြင်တော်၌ ကျင်းပသည်။

ထို့နောက် (၁၆) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲတွင် ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝတ်အဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ နေရာယူ၍ အခမ်းအနားကို ဖွင့်လှစ်ကာ ဆရာတော်၊ သံဃာတော်များက ဘုရားကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဆွမ်း၊ သစ်သီးနှင့် ရေချမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ပရိသတ်များက ရှစ်ပါးသီလခံယူခြင်းနှင့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး မဟာဗောဓိညောင်ပင်ရှိရာသို့ ဆရာတော်ကြီးများ ကြွရောက်ကာ ဂေါပကအဖွဲ့များ၊ ဝတ်အဖွဲ့များ၊ သိကြား၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်၊ ကျောင်းသားကျောင်းသူများ ရောက်ရှိပြီး ညောင်ရေအိုးများဖြင့် မဟာဗောဓိပင်အား စုပေါင်းကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြကြောင်း သိရသည်။

**(၆၈၄)**



# အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့အခမ်းအနားတက်ရောက်ရန် သီရိလင်္ကာနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့နှင့် ကန္ဒီမြို့တို့၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့အခမ်းအနား တက်ရောက်ရန် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဘဟိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကျွမ်းကျင်ပညာရှင် ဦးအောင်သိန်းညွန့်နှင့် ဝန်ကြီးရုံး ညွှန်ကြားရေးမှူး ဦးသောင်းဝင်းတို့ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက်နှင့်အညီ မြန်မာနိုင်ငံက ဆောင်ရွက်ထားရှိမှုအပေါ် လေ့လာတွေ့ရှိချက်များ တင်ပြဆွေးနွေး

**နေပြည်တော် မေ ၁၀**

နိုင်ငံဖြတ်ကျော်ကူးစက်မြန်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များ အပါအဝင် အပြည်ပြည်ဆိုင်ရာပြည်သူ့ကျန်းမာရေးအရေးပေါ်ပြဿနာများ (Public Health Emergencies of International Concern-PHEIC) အား ကာကွယ်ခြင်း၊ စုံစမ်းထောက်လှမ်းခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅) (International Health Regulations - 2005)၊ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးလုံခြုံမှု အစီအစဉ် (Global Health Security Agenda - GHSA) တို့နှင့်အညီ မြန်မာနိုင်ငံက ဆောင်ရွက်ထားရှိမှု အခြေအနေအပေါ် ပြည်တွင်း ပြည်ပ ပညာရှင်များ၏ ပူးတွဲပြင်ပလေ့လာဆန်းစစ်ခြင်းလုပ်ငန်း (Joint External Evaluation-JEE) တွေ့ရှိချက်များကို ပြန်လည်တင်ပြဆွေးနွေးခြင်း အခမ်းအနားကို မေ ၉ ရက်က နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားတွင် ပူးတွဲပြင်ပလေ့လာဆန်းစစ်ခြင်းလုပ်ငန်း၏ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင် Dr. Bardan J. Ranaနှင့် နိုင်ငံတကာပညာရှင်များက ၎င်းတို့၏ လေ့လာတွေ့ရှိချက်များကို သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် တင်ပြဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံမှ ပညာရှင်များ၏ မတ်လနှင့် ဧပြီလများအတွင်း ဆောင်ရွက်ခဲ့သည့် ဆန်းစစ်တွေ့ရှိချက်များကို နိုင်ငံတကာပညာရှင်များ ပါဝင်သောအဖွဲ့က မေ ၃ ရက်မှ ၉ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်၍ ထပ်မံဆန်းစစ်ခဲ့ခြင်းဖြစ်ပြီး ပညာရပ်ဆိုင်ရာနယ်ပယ် ၁၉ ခုအတွက် တွေ့ရှိချက်များ၊ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် တင်ပြဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကား ပြောကြားခဲ့ရာ ပြည်တွင်း ပြည်ပ ပညာရှင်များ၏ ပူးတွဲပြင်ပလေ့လာဆန်းစစ်ခြင်းလုပ်ငန်းတွေ့ရှိချက်များ၊ အထူးသဖြင့် တင်ပြဆွေးနွေးခဲ့သည့် ပညာရပ်ဆိုင်ရာနယ်ပယ် ၁၉ ခု ပိုမိုတိုးတက်စေရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများသည် တိုင်းပြည်၏ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါသောကြောင့် အားထည့်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တစ်ခုတည်းသာမကဘဲ ဆက်စပ်နှီးနွှယ်လျက်ရှိသည့် အခြားဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အားနည်းချက်များ၊ လိုအပ်ချက်များကို စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်၍ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် နီးနွှယ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့သည်။

**(နိုင်လင်းကြည်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဘီလိယက်နှင့် စနူကာအားကစားပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ် ဘီလိယက်နှင့် စနူကာအားကစားပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘီလိယက်နှင့် စနူကာပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ ဘီလိယက် တစ်ဦးချင်းပြိုင်ပွဲတွင် လှထွန်း(ရှမ်း)က သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မျိုးညွန့်ဦး(ကယား)က သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကျော်ဇေယျ(ပဲခူး)က သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ဖြိုးသူ(ချင်း)က သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ကျော်ဝင်းလှိုင်(ရှမ်း)က သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ကျော်မိုးနိုင်(ဧရာဝတီ)က သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရဲရင့်ရှိုင်း(ကရင်)က သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည့်ဖြိုးဝင်း(မန္တလေး)က သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ထို့အတူ စနူကာတစ်ဦးချင်းပြိုင်ပွဲတွင် ဉာဏ်မျိုးဟိဏ်း(ရန်ကုန်)မှ သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လင်းလင်း(မန္တလေး)က သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ အေးမင်း(ကချင်)က သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ သော်ဇင်ဟန်(ကရင်)က သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ကျော်စိုးထွန်း(ရှမ်း)က သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မျိုးမင်းသိန်း(မွန်)က သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ခန့်မြတ်ဟန်(ကယား)က သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အဆိုပါတိုင်းဒေသကြီးနှင့်ပြည်နယ် ဘီလိယက်နှင့် စနူကာအားကစားပြိုင်ပွဲကို မေ ၁၁ ရက် နံနက် ၉ နာရီမှစတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘီလိယက်နှင့် စနူကာပြိုင်ပွဲရုံ၌ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

### ❖ အာရှ-ပစိဖိတ်မှ

ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mrs LUAN THUY DUONG၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်း၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး နော်လှလှစိုး၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် ပညာရေးမြှင့်တင်မှုကော်မတီတို့၏ အဖွဲ့ဝင် ဦးကျော်နိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးကျော်သောင်း၊ ဦးခင်မျိုးဝင်း၊ ဦးမြင့်သန်းထွန်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

### ■ ကျောဖုံးမှ

တည်းခိုနိုင်ရေး၊ သတင်းမီဒီယာသမားများအနေဖြင့် ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများကို တက်ရောက်သတင်းရယူနိုင်ပြီး ညီလာခံ ကျင်းပနေစဉ်ကာလအတွင်း ညနေပိုင်းတွင်ပြုလုပ်မည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ တည်းခိုရာ Sky Palace Hotel မှ ညီလာခံကျင်းပရာနေရာ (MICC-2) သို့ နံနက်ပိုင်း အသွားခရီးစဉ်နှင့် ညနေပိုင်းအပြန် ခရီးစဉ်များအား ပို့ဆောင်ပေးနိုင်ရေးနှင့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) တွင် သတင်းရယူမည့် မီဒီယာများအတွက် နေ့လယ်စာကို ကူပွန်တစ်စောင် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် မြေညီထပ်၌ ရောင်းချပေးရေး စီစဉ်ထားရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# ငွေကြေးနှင့် ပစ္စည်းများ လုယက်သည့် တရားခံသုံးဦးအား ဖမ်းဆီးနိုင်ခဲ့သော ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအားဂုဏ်ပြု

**မကွေး မေ ၁၀**

မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က မှုခင်းစွမ်းစွမ်းတမံဖော်ထုတ်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖ ကျေးရွာပြည်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ မေ ၉ ရက် နံနက်က ပြုလုပ်ခဲ့သည်။

မှုခင်းဖြစ်စဉ်မှာ မေ ၅ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဝါးကြီးအိုင်နယ်မြေရဲစခန်းအပိုင်နယ်မြေတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုရန်ပုံငွေအဖွဲ့အစည်းဝင်များထံမှ စိုက်ပျိုးစရိတ်ချေးငွေ ၁၆၃ သိန်း ရှစ်သောင်းနှင့် ပစ္စည်းများ လုယက်ခံခဲ့ရခြင်းဖြစ်သည်။ နာရီပိုင်းအတွင်း တရားခံ သုံးဦးနှင့် သက်သေခံငွေများ၊ ပစ္စည်းများအား ရဲတပ်ဖွဲ့ဝင် ခုနစ်ဦး၊ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၊ ရပ်မိရပ်ဖ နှစ်ဦးတို့က ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်၍ ယခုကဲ့သို့ ဂုဏ်ပြုပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနိုင်ဦး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင်၊ အပြည်ပြည်ဆိုင်ရာ အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုရန်ပုံငွေအဖွဲ့အစည်း(PGMF)မှ အထွေထွေမန်နေဂျာ ဦးမောင်မောင်၊ အထွေထွေမန်နေဂျာ ဦးသောင်းထိုက်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

### ○ ဟံသာဝတီအသင်းမှ

နှစ်သင်းစလုံး ကွာတားဖိုင်နယ်တက်ရောက်ရေးအတွက် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းကစားပုံအရ ဇွဲကပင်အသင်း ပိုကောင်းခဲ့သော်လည်း ဂိုးဖန်တီးနိုင်မှုအားနည်းသောကြောင့် ထိရောက်သည့် ဂိုးသွင်းခွင့် မရခဲ့ပေ။ ဟံသာဝတီအသင်းသည် တိုက်စစ်တွင် အချိတ်အဆက်လွဲချော်နေသောကြောင့် ဇွဲကပင်အသင်းဘက်သို့ ဖိအားပေးနိုင်ခြင်းမရှိသော်လည်း ပထမပိုင်းပြီးခါနီးတွင် ဂျူနီယာနှင့် မာစီယိုတွဲလုံးမှ တိုက်စစ်မှူး မာစီယိုက ဂိုးစတင်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၅ မိနစ်တွင် ဂျပန်ကွင်းလယ်လူ ကင်မ်ကပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ ချေပဂိုးရယူပေးခဲ့သည်။ ဂိုးထပ်မသွင်းနိုင်၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး ဟံသာဝတီအသင်းက အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး မာစီယိုက ၉၉ မိနစ်နှင့် မိနစ် ၁၂၀ တွင် သွင်းယူခဲ့ပြီး တတိယဂိုးမှာ ပင်နယ်တီမှ သွင်းယူခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းသည် အချိန်ပိုတွင် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ဂိုးများ ပေးခဲ့ရခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက မြဝတီအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ အမာခံ ကစားသမားအများစုဖြင့် ပွဲထွက်လာသည့် ရန်ကုန်အသင်းသည် ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၁၁ မိနစ်တွင် ပြည့်ဖြိုးဇော်၊ မိနစ် ၂၀ နှင့် ၈၅ မိနစ်တွင် ကျော်ကိုကိုက သွင်းယူခဲ့သည်။

ဒုတိယအဆင့်(ဒုတိယနေ့)ကို မေ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ ဖီးနစ်(က)အသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊**
**ဓာတ်ပုံ-စိုးညွန့်**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ငြိမ်းချမ်းသော တရားမျှတသော အားလုံးပါဝင်သော လူ့အဖွဲ့အစည်းများဆီသို့

## အေးမြင့်အောင်

အရာရာပြောင်းလဲနေသည့် ယနေ့အချိန်အခါမျိုးတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကျော်က အမေရိကန် သမ္မတကြီး အေဗရာဟင်လင်ကွန်း ပြောကြားခဲ့သည့် စကားတစ်ခွန်းကို အမြဲအမှတ်ရနေမိသည်-

"If we could first know where we are, and whither we are tending, we could then better judge what to do, and how to do it."

"ကျွန်တော်တို့ အခု ဘယ်မှာရောက်နေပြီး ဘယ်ကိုဦးတည်နေတယ်ဆိုတာသာ သိထားရင် ကျွန်တော်တို့ ဘာလုပ်ရမယ်၊ ဘယ်လိုလုပ်ရမယ် ဆိုတာကို ဆုံးဖြတ်ရလွယ်ပါတယ်" ဆိုသည့် စကားပင်ဖြစ်၏။

ဤစကားကို အမှတ်ရမိလေတိုင်း မီဒီယာ ပတ်ဝန်းကျင်တစ်ခုတွင် နှစ်ပေါင်းများစွာ လုပ်ကိုင်နေရသူတစ်ဦးအဖို့ မိမိတို့မည်သို့ တွေ့ကြုံခဲ့ရသည်၊ ယနေ့မည်သည့် အခြေအနေသို့ ဆိုက်ရောက်နေသည်၊ ရှေ့ဆက်ရန် မည်သို့မည်ပုံ မျှော်မှန်းထားကြသည်ကို ဆန်းစစ်ကြည့်နေမိသည်။

**ခရီးအစ**

အမှန်အတိုင်းပြောရလျှင် မိမိတို့အားလုံး သတင်းအမှောင်ခေတ် (Dark Age) ကြီးတစ်ခုမှ လွတ်မြောက်အောင် အတူတကွလှုပ်ရှားရုန်းထွက်ခဲ့ကြရသည်။ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြသခွင့်များ ဆိတ်သုဉ်းကာ အာဏာရှင်အုပ်စိုးမှုတွေကြားခေါင်းမထောင်ဝံ့အောင် ဖြစ်ခဲ့ရသည်။ ဘာပဲရေးရေး၊ ဘာပဲဆိုဆို၊ ဘာပဲပြပြ ဆင်ဆာစနစ်အောက်တွင် ပြားပြားဝပ်ခဲ့ရသည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အသက်ဝင်လာသည့် အချိန်ကျမှသာ စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် စာနယ်ဇင်းသမားများ၏ အခွင့်အရေးများရရှိရန် မီဒီယာသမားများအားလုံးက ကိုယ့်နည်းကိုယ့်ဟန်နှင့် ချဉ်းကပ်အဖြေရှာခဲ့ကြသည်။ တစ်နည်းအားဖြင့် ယင်းအချိန်ကာလများတွင် စာနယ်ဇင်းလွတ်လပ်ခွင့်ရရှိရေးနှင့် မီဒီယာသမားများအား ဖိနှိပ်မှုကင်းဝေးရေးအတွက် တင်ပြတောင်းဆို ဆွေးနွေးချက်များသည် မြန်မာ့မီဒီယာလောက၌ ပွက်လောညံခဲ့သည်။ မြန်မာ့ဒီမိုကရေစီ လူ့အဖွဲ့အစည်းကြီးတွင် လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် နိုင်ငံသားများ၏ ဖွံ့ဖြိုးတိုးတက်မှုများအတွက် မီဒီယာကဏ္ဍဟူသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း ပြသခဲ့ကြသည်။

**ယနေ့အခြေအနေ**

၂၀၁၇ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် နယ်စည်းမခြား သတင်းထောက်များအဖွဲ့ (RSF)က ကမ္ဘာ့နိုင်ငံအသီးသီး၏ သတင်းလွတ်လပ်ခွင့်အဆင့်အတန်းကို ထုတ်ပြန်ပေးခဲ့သည်။ ယင်းထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်း ၁၈၀ ကျော်တွင် သတင်းလွတ်လပ်ခွင့် အဆင့် ၁၃၁ တွင် ရှိကြောင်း သိရှိရသည်။ တကယ်တမ်းပြောရလျှင် ယခုရရှိသည့် အဆင့်သည် အားရကျေနပ်စရာမဟုတ်ဟု ဆိုနိုင်သော်လည်း ယင်းအဆင့်ကိုရရှိရန် မိမိတို့မည်သို့ လျှောက်လှမ်းခဲ့ရသည်၊ အခက်အခဲမည်မျှကြုံတွေ့ခဲ့ရသည်၊ မည်မျှစတေးခဲ့ရသည်ကို စဉ်းစားကြဖို့လည်း လိုအပ်ပါသည်။ ၂၀၁၁၊ ၂၀၁၂ ကာလတွင် မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်အဆင့်အတန်းသည် နိုင်ငံပေါင်း ၁၇၀ တွင် အဆင့် ၁၆၉ နေရာ၌သာ တည်ရှိခဲ့သည်။ ယင်းအခြေအနေမှ ယခုအခြေအနေသို့ ရောက်ရှိလာမှုမှာ စာနယ်ဇင်းသမားအားလုံး၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဖြစ်သည်ကို မည်သူမျှမျက်ကွယ်ပြု၍ မရနိုင်ပေ။

**တာဝန်သစ်**

၂၀၁၇ ခုနှစ် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့အတွက် သတ်မှတ်ပေးထားသည့် ဆောင်ပုဒ်မှာ Critical Minds for Critical Times: Media role in advancing peaceful, just and inclusive Societies ဖြစ်ပြီး ယင်းဆောင်ပုဒ်၏အဓိပ္ပာယ်မှာ "အရေးကြီးသောအချိန်တွင် ပိုင်းခြားဝေဖန်တတ်စေရန်၊ ငြိမ်းချမ်းသော တရားမျှတသော အားလုံးပါဝင်သော လူ့အဖွဲ့အစည်းများဖြစ်အောင် မီဒီယာသမားများက စွမ်းဆောင်ပေးကြရန်" ဖြစ်သည်။

ယနေ့ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ ဆောင်ပုဒ်ကို ခွဲခြမ်းကြည့်မည်ဆိုပါက မိမိတို့မီဒီယာသမားများ ဆောင်ရွက်ရမည့် လုပ်ငန်းသုံးခုခန့်ရှိသည်။ မိမိတို့ လူ့အဖွဲ့အစည်းများကို ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရန်၊ တရားမျှတသော လူ့အဖွဲ့အစည်းများ ဖြစ်ပေါ်စေရန်နှင့် အားလုံးပါဝင်ဆောင်ရွက်နိုင်သော လူ့အဖွဲ့အစည်းများဖြစ်ပေါ်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

၂၀ ရာစုအကုန်ပိုင်းတွင် ကမ္ဘာကြီး၌ နိုင်ငံရေးအစွန်းရောက်ပုံစံများ အညွန့်တုံးလျော့နည်းစေခဲ့သော်လည်း ဘာသာရေး၊ လူမျိုးရေး အစွန်းရောက်ဝါဒီများ ကျန်ရှိသက်ဆိုးရှည်နေဆဲ ဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် လွတ်လပ်ပွင့်လင်းသည့် စိတ်အခံ (Open Mind)နှင့် ပိတ်ပင်တားဆီးထားသည့် စိတ်အခံ (Closed Mind)တို့ အကြား ရပ်တည်မှုများ ပိုမိုရှုပ်ထွေးလာကြသည်ဟု ထင်သည်။ လွတ်လပ်ပွင့်လင်းသော စိတ်အခံဖြင့် ရှင်သန်ရပ်တည်နေသော လူ့အဖွဲ့အစည်းများသည်သာ အနာဂတ်တွင် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မည်ဟု လူအများက ယုံကြည်ထားကြသည်။ လွတ်လပ်ပွင့်လင်းသော စိတ်အခံများ ဖြစ်ပေါ်လာစေရန် ငြိမ်းချမ်းမှု၊ တရားမျှတမှုနှင့် အားလုံးပါဝင်ဆောင်ရွက်နိုင်မှုဆိုသည့် အချက် သုံးချက်ကို လူ့အဖွဲ့အစည်းတိုင်းတွင် ရှင်သန်စေရန် မီဒီယာသမားတိုင်းက ကြိုးပမ်းအားပေးသင့်သည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့ မီဒီယာသမားများ သတိပြုရမည့်အချက်မှာ နိုင်ငံအများစုသည် မိမိတို့၏ နိုင်ငံရေးစနစ်ကို သိမ်မွေ့ညင်သာစွာ အသွင်ကူးပြောင်းနေသည့်အချိန်ဖြစ်၍ မီဒီယာသမားများ၏လိုအပ်ချက်များကို ရာနှုန်းပြည့် မဖြည့်ဆည်း မလိုက်လျောနိုင်သကဲ့သို့ မီဒီယာသမားများဘက်တွင်လည်း လွတ်လပ်မှုနှင့် အတူတွဲပါလာသည့် ကျင့်ဝတ်များ၊ တာဝန်ယူမှုများကို အသားမကျသေးသည့် အခြေအနေမျိုးကြုံတွေ့နေကြရသဖြင့် ယင်းအခြေအနေမျိုးတွင် နှစ်ဖက်နားလည်မှုရှိစွာ ချဉ်းကပ်အဖြေရှာနိုင်ရန် လိုအပ်မည်ဖြစ်သည်။

**မီဒီယာဖွံ့ဖြိုးရေး**

အမှန်အတိုင်းပြောရလျှင် ယခင်က မီဒီယာလွတ်လပ်ခွင့်အကြောင်း စဉ်းစားခဲ့ကြသည့်အချိန် ပထမဆုံးချဉ်းကပ်မှုသည် ပုံနှိပ်မီဒီယာလောက်သာ ဖြစ်ခဲ့သည်။ အားလုံးသိကြသည့်အတိုင်း ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း CNN သတင်းဌာနက ၂၄ နာရီပတ်လုံး သတင်းနှင့်သတင်းမှတ်တမ်းအစီအစဉ်များ ထုတ်လွှင့်ပြလိုက်သည့်အခါ သတင်းစာများ၏ အခန်းကဏ္ဍပြောင်းလဲသွားခဲ့ရသည်။ ယခုအခါ ၂၄ နာရီပတ်လုံး သတင်းထုတ်လွှင့်နေသည့် ရုပ်မြင်သံကြားသတင်းဌာနများ အများအပြားပေါ်ပေါက်လာခဲ့ရုံသာမက FM အသံလွှင့် သတင်းဌာနများပါ ပေါ်ပေါက်လာသောအခါ မီဒီယာများ၏ပုံစံများ ပြောင်းလဲလာခဲ့သည်။ သို့ဖြစ်၍ ယနေ့အချိန်တွင် မီဒီယာဖွံ့ဖြိုးရေးကို စဉ်းစားရာတွင် ယခင်ကကဲ့သို့ ပုံနှိပ်မီဒီယာတစ်ခုလောက်အပေါ်တွင်သာ မချဉ်းကပ်တော့ဘဲ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာများသာမက New Media ဟုခေါ်သည့် အွန်လိုင်းမီဒီယာများအပေါ်တွင်ပါ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရတော့မည် ဖြစ်သည်။

ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ကြည့်လျှင် နိုင်ငံပိုင်မီဒီယာများ၏ ဖွံ့ဖြိုးရေးကိုသာမက ပုဂ္ဂလိကမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ငွေကျပ် ၂၄၇ သန်းကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ ထောက်ပံ့ကူညီပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၉၉ သန်း ထောက်ပံ့ကူညီပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို ပြင်ဆင်ပေးခြင်း၊ စာနယ်ဇင်းသမားများ လွတ်လပ်ပြီး ဘေးကင်းလုံခြုံစွာ သတင်းရယူနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့တွင် သတ်မှတ်ပေးထားသည့် "ငြိမ်းချမ်းသော၊ တရားမျှတသော၊ အားလုံးပါဝင်သော လူ့အဖွဲ့အစည်းများ ဖြစ်ပေါ်ရေးအတွက် မီဒီယာသမားများက စွမ်းဆောင်ရန်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့ မီဒီယာသမားများအနေဖြင့် တာဝန်ထမ်းဆောင်ပေးကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် မိမိတို့အားလုံး၏ Critical Mind နှင့် Critical Thinking သည် အလွန်အရေးကြီးပါသည်ဟု ဆိုရမည်။ မိမိတို့ရေးသားတင်ဆက်သည့် သတင်းတစ်ပုဒ်ကြောင့် လူ့အဖွဲ့အစည်းများ မည်သို့အကျိုးသက်ရောက်နိုင်သည်၊ မည်မျှထိခိုက်သွားနိုင်သည်ကိုလည်း ဆင်ခြင်စဉ်းစားတတ်ရမည်ဖြစ်သည်။

၂၁ ရာစု ကမ္ဘာကြီး၌ လူသားများ၏ အတွေးအခေါ် အယူအဆ ကွဲပြားခြားနားမှုများမှာ ပို၍ ကြီးမားလာခဲ့ခြင်းကြောင့် လူ့အဖွဲ့အစည်းတစ်ခုနှင့် တစ်ခုကြား "စံ" တန်ဖိုးထားမှုများ၊ မျှော်လင့်သည့်တန်ဖိုးများ ကွဲပြားလာခဲ့ကြသည်။ ယင်းကွဲပြားခြားနားမှုများကို တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ခွင့်လွှတ်သီးခံမှု၊ မတူညီသည့်အပေါ် လက်ခံတန်ဖိုးထားမှုများဖြင့်သာ ဆောင်ရွက်ကြရမည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဒီမိုကရေစီ၏ အနှစ်သာရအတိုင်း မိမိဖြစ်ချင်သည်ကိုသာ ရှေ့တန်းမတင်ဘဲ မိမိဖြစ်ချင်သည့်အရာနှင့် သူတစ်ပါးဖြစ်ချင်သည့်အရာတို့ကို ညှိနှိုင်းပေါင်းစပ် အဖြေရှာတတ်သည့် အလေ့အကျင့်ကောင်းများ၊ မိမိတို့ အဖွဲ့အစည်းများကြား Expected Value ချင်း ညှိနှိုင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးကြရမည်။

မိမိတို့ လျှောက်လှမ်းနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ခရီးလမ်းကြီး အောင်မြင်စေဖို့ဆိုလျှင် မီဒီယာသမားများက မှန်ကန်သည့် ရပ်တည်ချက်၊ မှန်ကန်သည့် အတွေးအမြင်၊ မှန်ကန်သည့် ပူးပေါင်းကူညီမှုတို့ဖြင့် ဝိုင်းဝန်းကူညီပေးကြရမည်။ သို့မှသာ မိမိတို့အားလုံး မျှော်မှန်းသည့် ငြိမ်းချမ်းသော တရားမျှတသော အားလုံးပါဝင်သော မြန်မာ့လူ့အဖွဲ့အစည်းကြီးတစ်ခု အမှန်တကယ် ရုပ်လုံးပေါ်ပေါက်လာပါလိမ့်မည်။ ။

## ဒိုက်ဦးမြို့၌ အနန္တဂုဏ်ရည် ကုသိုလ်ဖြစ်အထူးကုဆေးခန်းဖွင့်

**ဒိုက်ဦး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့အမှတ် (၆)မင်းတဲရပ်ကွက် ဒေါ်ခင်ချစ်ဓမ္မာရုံ၌ ဖွင့်လှစ်ထားသော အနန္တဂုဏ်ရည်ဆေးခန်း၌ မေ ၆ ရက်က အသည်းခွဲစိတ် အထူးကုပါမောက္ခ ဒေါက်တာသန်းလွင် ဦးစီးသော အထူးကုဆရာဝန်ကြီးများနှင့် ဒိုက်ဦးမြို့မှ အနန္တဂုဏ်ရည်စေတနာရှင်အဖွဲ့တို့ပူးပေါင်း၍ ဇီဝိတဒါနဆေးအလှူနှင့် ဆေးဝါးကုသပေးရာ လာရောက်ဆေးကုသသော လူနာများအား အထွေထွေ၊ ခွဲစိတ်၊ နား၊ နှာခေါင်း၊ အရိုး၊ အကြောအဆစ်၊ သားဖွားမီးယပ်၊ ကလေးနှင့် သွားအထူးကုဆရာဝန်ကြီးများက မေတ္တာဖြင့်အခမဲ့ ကုသပေးပြီး ဆေးဒါနကုသိုလ်ပြုကြသည်။



အဆိုပါ အနန္တဂုဏ်ရည်ဆေးခန်းကို အပတ်စဉ်စနေနေ့တိုင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး အထူးကုဆရာဝန်ကြီးများမှ တစ်လတစ်ကြိမ် လာရောက်၍ အခမဲ့ကုသပေးသွားမည်ဖြစ်သည်။ **ကျော်ကျော်(IPRD)**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပနိုင်ငံခရီးစဉ်များမှ ပြန်လည်ရောက်ရှိ



**ရန်ကုန် မေ ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပသမဂ္ဂ (အီးယူ)ဌာနချုပ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့်ဗြိတိန်နိုင်ငံတို့သို့ တရားဝင်ခရီး သွားရောက်ခဲ့ပြီး ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Mr. Pier Giorgio Fedrico ALIBERTI၊ ဥရောပသမဂ္ဂ(EU) Counsellor Mr.Colin STEINBACH နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြိမ် (၅၀)မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ခဲ့



**နေပြည်တော် မေ ၁၀**

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင် မေ ၄ ရက်မှ ၇ ရက်အထိ ကျင်းပသည့် အာရှဖွံ့ဖြိုးရေးဘဏ် ဂါဗနာဘုတ်အဖွဲ့၏ အကြိမ် (၅၀)မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းနှင့်အဖွဲ့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၅ ရက်တွင် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်သည်။ အစည်းအဝေးတွင် လက်ရှိဒေသတွင်း စီးပွားရေးနှင့်ငွေရေးကြေးရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ချင်းမိုင်ကနဦးပူးပေါင်းဆောင်ရွက်မှု (Chiang Mai Initiative Multilateralization CMIM)၊ အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office-AMRO)၏ ဆောင်ရွက်မှုအစီရင်ခံစာနှင့် အာရှငွေချေးစာချုပ် ဈေးကွက်ဖြစ်ပေါ်ရန် လုပ်ဆောင်မည့် အစီအစဉ်များ (Asia Bond Markets Initiative-ABMI)နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက နိုင်ငံအလိုက်ဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆက်လက်၍ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးတို့၏ အစည်းအဝေးကိုကျင်းပခဲ့ရာ နိုင်ငံများအကြား ပြည်တွင်းသုံးငွေကြေးဖြင့် ငွေချေးမည့် အစီအစဉ် (Bilateral Swap Arrangement-BSA)၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံအကြား အခွန်ကိစ္စရပ်များနှင့် အကောက်ခွန်ဆိုင်ရာဖြေလျှော့မှုများ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဂျပန်နိုင်ငံမှဦးဆောင်အကောင်အထည်ဖော်မည့် အရှေ့တောင်အာရှသဘာဝဘေးအန္တရာယ်ခံနိုင်မှု အစီအမံများ (Southeast Asia Disaster Risk Insurance Facility-SEADRIF)အပေါ် ဆွေးနွေးခဲ့ပြီး အကောင်အထည်ဖော်ရန်အတွက် နားလည်မှုစာချွန်လွှာကို ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဂျပန်နိုင်ငံနှင့်ကမ္ဘာ့ဘဏ်တို့မှ လက်မှတ်ရေးထိုးခဲ့ကြသည်။

မေ ၆ ရက်တွင် ကျင်းပသည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ဂျပန်နိုင်ငံ၏ အိမ်ရှေ့မင်းသား Mr. Naruhito တက်ရောက်အဖွင့်အမှာစကားပြောကြား၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး Mr. Taro Aso က ဂျပန်နိုင်ငံနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Takehiko Nakao က အာရှ ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၆ ခုနှစ်အတွင်း အာရှနှင့်ပစိဖိတ်ဒေသတွင်း ဆောင်ရွက်မှုများနှင့် ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

မေ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပခဲ့သည့် Business Session တွင် နိုင်ငံအလိုက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းဆောင်ရွက်မှုများကို တင်ပြခဲ့ကြရာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေခံအဆောက်အအုံတည်ဆောက်မှုလုပ်ငန်းများ၊ Country Partnership Strategy 2017-2021 အရ အကောင်အထည်ဖော်မည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မေ ၄ ရက်မှ ၇ ရက်အတွင်း အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr.Takehiko Nakao၊ ကမ္ဘာ့ဘဏ် ဒုတိယဥက္ကဋ္ဌ Ms.Victoria Kwakwa၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ(JICA)၊ ဂျပန်ဘဏ်၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(JBIC)၊ ဂျာမနီ Governor Mr.Hand-Joachim Fuchtel၊ အီးယူကော်မရှင်မှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုဌာန ညွှန်ကြားရေးမှူးချုပ် Mr. Stefano Manservisi နှင့်အဖွဲ့၊ Mitsui Sumitomo Insurance Group မှ ဥက္ကဋ္ဌ Mr. Noriyuki Hara တို့နှင့် သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီပေးရေး၊ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်အားကစားကဏ္ဍများတွင် ပိုမိုအဆင့်မြှင့်တင်ဆောင်ရွက်ပေးရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေး၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒအရ အကောင်အထည်ဖော်နေသည့် ဦးစားပေးလုပ်ငန်းများတွင် ပံ့ပိုးကူညီပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာသေနတ်ပစ်အားကစားအဖွဲ့ ငွေတံဆိပ်နှစ်ခု ဆွတ်ခူးရရှိ

**ရန်ကုန် မေ ၁၀**

မလေးရှားနိုင်ငံ၌ ကျင်းပမည့်(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရန်အတွက် မြန်မာသေနတ်ပစ်အဖွဲ့ခေါင်းဆောင် ဦးအောင်ချမ်းမြေ့၊ နည်းပြနှစ်ဦး၊ ကစားသမားကိုးဦး စုစုပေါင်း ၁၂ ဦးတို့သည် မေ ၃ ရက်မှ ၁၂ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် (၄၁) ကြိမ်မြောက် အရှေ့တောင်အာရှသေနတ်ပစ်အသင်း အားကစားပြိုင်ပွဲတွင် မြန်မာသေနတ်ပစ်အဖွဲ့မှ ငွေတံဆိပ်နှစ်ခုဆွတ်ခူးခဲ့သည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံဝင်ရောက်ယှဉ်ပြိုင်ရာ အမျိုးသားမီတာ ၅၀ စိတ်ကြိုက်ပစ္စတိုပြိုင်ပွဲတွင် မလေးရှားနိုင်ငံမှ ပထမ၊ မြန်မာနိုင်ငံမှ ရဲထွန်းနောင်က ဒုတိယ(ငွေတံဆိပ်ဆု)နှင့် ဗီယက်နမ်နိုင်ငံမှ တတိယဆုတို့ကိုလည်းကောင်း၊ အမျိုးသမီးမီတာ ၅၀ ပွိုင့် ၂၂ ရိုင်ဖယ်ဝမ်းလျားမှောက်သေနတ်ပစ်ပြိုင်ပွဲတွင် ဖိလစ်ပိုင်နိုင်ငံမှ ပထမ၊ မြန်မာနိုင်ငံမှ သူသူကျော်က ဒုတိယ(ငွေတံဆိပ်ဆု)နှင့် မလေးရှားနိုင်ငံမှ တတိယဆုတို့ကို ဆွတ်ခူးခဲ့သည်။

အဆိုပါအဖွဲ့သည် မေ ၁၀ ရက် နံနက် ၁၀နာရီ ၁၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိ၍ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အဖွဲ့ချုပ်မှ စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားသမားများနှင့် ဆွေမျိုးမိဘများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြောင်း သိရသည်။ **(မေသုခ)**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဦးလှမောင်ရွှေ၊ ဒေါ်စောမြရာဇာလင်း၊ မင်းကျော်ဇေယျာဦး၊ ဦးဇော်ဌေး၊ ဦးစိုင်းလ၊ ဦးနိုင်ငံလင်း၊ ဦးမျိုးဝင်း၊ တာလှဖေ၊ ဦးအောင်စိုး၊ ခွန်မြင့်ထွန်းနှင့် ဦးမြင့်စိုးတို့ တက်ရောက်ကြသည်။



အစည်းအဝေး၌ လုပ်ငန်းကော်မတီအလိုက် တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးကြသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးများကို မေ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ လုပ်ငန်းကော်မတီအစည်းအဝေးများကို မေ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြေခံရမည့် မူများနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးမှုရလဒ်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့သို့ ဆက်လက်တင်ပြထားကြောင်း သိရသည်။

**သတင်း - သူရဇော်၊ ဓာတ်ပုံ - အေးသန်း**

# မြန်မာနိုင်ငံရဲ့ ကြုံတွေ့နေရတဲ့ အခက်အခဲ၊ စိန်ခေါ်မှု၊ သဘောထားရပ်တည်ချက်တွေကို ပိုမိုနားလည်နိုင်အောင် ရှင်းလင်းပြောကြားခွင့်ရရှိခဲ့ပါတယ်

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီ ၃၀ ရက်မှ မေ ၁၀ ရက်အထိ ဥရောပသမဂ္ဂ(အီးယူ)ဌာနချုပ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့် ဗြိတိန်နိုင်ငံတို့သို့ တရားဝင်ခရီးသွားရောက်ခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခရီးစဉ်အတွင်း နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အသီးသီးတွေ့ဆုံခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဆက်လက်အကူအညီပေးရေး၊ ရခိုင်ပြည်နယ်အရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၏ ခရီးစဉ်အပေါ် သုံးသပ်ပြောကြားချက်များကို ဖော်ပြလိုက်ပါသည်-**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ဥရောပ သုံးနိုင်ငံခရီးစဉ်ကို မေ ၁ ရက်မှာ စတင်ခဲ့တာ မေ ၉ ရက်မှာ ခရီးစဉ် အဆုံးသတ်ပါတယ်။ ဥရောပ သုံးနိုင်ငံခရီးလို့ ပြောကြသော်လည်းပဲ တကယ့်တကယ် ဗာတီကန်စီးတီး ကိုလည်း သွားရောက်ခဲ့တာဖြစ်တဲ့အတွက် စုစုပေါင်း ဥရောပ လေးနိုင်ငံခရီးသွားရောက်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ပထမဦးဆုံး ဘယ်လ်ဂျီယံနိုင်ငံကို သွားခဲ့တယ်။ ဘယ်လ်ဂျီယံပြီးတော့ အီတလီ။ အီတလီမှာ ကျွန်တော်တို့ ဗာတီကန်မြို့ပြနိုင်ငံကိုသွားတယ်။ အဲဒီက တစ်ဆင့် ဗြိတိန်နိုင်ငံကို လာရောက်ခဲ့ခြင်းဖြစ်ပါတယ်။

အစိုးရသစ်တက်လာပြီးတဲ့နောက် ဒီခရီးစဉ်ဟာ ဥရောပဘက်ကို ပထမဦးဆုံး တရားဝင်ခရီးလာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်က ကုလသမဂ္ဂအထွေထွေညီလာခံကိုသွားရောက်ခဲ့စဉ်တုန်းက ဗြိတိန်နိုင်ငံကိုဖြတ်သွားခဲ့ချိန်က ကျွန်တော်တို့ Private ခရီးစဉ်အနေနဲ့ သွားခဲ့ခြင်းဖြစ်ပါတယ်။ အခုကတော့ တရားဝင်ခရီးလာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသစ်တာဝန်ယူခဲ့ပြီးတဲ့နောက်ပိုင်းမှာဆိုရင် ဥရောပနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးတွေ၊ အဆင့်မြင့်ခေါင်းဆောင်တွေက ကျွန်တော်တို့ ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းကို ထောက်ခံကြောင်း လာရောက်လည်ပတ်ပြီး ပြောကြားခဲ့ကြပါတယ်။ သူတို့ လာရောက်လည်ပတ်ပြီး ထောက်ခံမှုကို တုံ့ပြန်တဲ့အနေနဲ့ ဥရောပနိုင်ငံတွေနဲ့ဆက်ဆံရေးကို အလေးထားပြသတဲ့အနေနဲ့ ပထမဦးဆုံး လာရောက်ခဲ့ခြင်းဖြစ်ပါတယ်။

ဘယ်လ်ဂျီယံခရီးစဉ်နဲ့ စတင်ပြောရမယ်ဆိုရင် ဘယ်လ်ဂျီယံကို လာရောက်ခဲ့ခြင်းဟာ အဓိက နံပါတ်တစ်က အဖွဲ့ဝင် ၂၈ နိုင်ငံ ပါဝင်တဲ့ ဥရောပသမဂ္ဂဌာနချုပ်ကို သွားရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဥရောပကောင်စီဆိုတာ အဖွဲ့ဝင် ၂၈ နိုင်ငံရဲ့ အစိုးရတွေကိုကိုယ်စားပြုထားတဲ့ ကောင်စီပါ။ ဥရောပကောင်စီရဲ့ ဥက္ကဋ္ဌ Mr. Donald Tusk၊ ဥရောပသမဂ္ဂရဲ့ နိုင်ငံခြားရေး၊ လုံခြုံရေးနဲ့ မူဝါဒရေးရာအကြီးအကဲ Mrs. Mogherini နဲ့လည်း နေ့လယ်စာစားသုံးရင်း တွေ့ဆုံခဲ့ပါတယ်။

ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးမှာ အစဉ်တစိုက် ထောက်ခံအားပေးတဲ့နိုင်ငံဖြစ်ပါတယ်။ အခုအခါမှာလည်းပဲ ဥရောပသမဂ္ဂနဲ့ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကိစ္စ၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးကိစ္စ၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာပါ အားတက်သရော ကူညီပံ့ပိုးဖို့ ကတိကဝတ်တွေလည်း ဖော်ပြခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ အသွင်ကူးပြောင်းရေးကာလမှာ တွေ့ကြုံရင်ဆိုင်နေရတဲ့ အထူးသဖြင့် ရခိုင်အရေးကိစ္စကိုလည်း ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ပြီးတော့ မိမိတို့နိုင်ငံရဲ့ သဘောထားရပ်တည်ချက်အမြင်တွေကိုလည်း ကျွန်တော်တို့ အသိပေးနိုင်ခဲ့ပါတယ်။

အထူးသဖြင့် ဥရောပသမဂ္ဂကတော့ ကျွန်တော်တို့ရဲ့ တရားဥပဒေစိုးမိုးရေးကို အထူးသဖြင့် ရဲတပ်ဖွဲ့ဝင်တွေကို သင်တန်းပေးတာတွေကို သူတို့ကူညီပံ့ပိုးတဲ့အနေအထားမျိုးတွေရှိပါတယ်။ အလားတူပဲ အသွင်ကူးပြောင်းရေးနဲ့ ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေးအတွက် လိုအပ်တဲ့ ကူညီပံ့ပိုးမှုတွေကို အားသွန်ခွန်စိုက် ပါဝင်ပေးပြီးတော့ သူတို့အနေနဲ့ ကမ်းလှမ်းထားတဲ့အကြောင်းအရာတွေကို ထပ်လောင်းအတည်ပြုပေးခဲ့ပါတယ်။

ဘယ်လ်ဂျီယံကို ရောက်စဉ်ကာလအတွင်းမှာ ဘယ်လ်ဂျီယံဘုရင်ကြီး King Philippe နဲ့ရော၊ ဘယ်လ်ဂျီယံနိုင်ငံရဲ့ ဝန်ကြီးချုပ် မစ္စတာ H.E. Charles Michel နဲ့ရော ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့ပါတယ်။ အထူးသဖြင့် ဘယ်လ်ဂျီယံနဲ့ မြန်မာနိုင်ငံအကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဘယ်လ်ဂျီယံနိုင်ငံကနေ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်ရေးကိစ္စနဲ့။ အထူးသဖြင့် ဘယ်လ်ဂျီယံကတော့ ရေအရင်းအမြစ်နဲ့ပတ်သက်ပြီး စီမံခန့်ခွဲမှုမှာ ကူညီပံ့ပိုးမှုတွေ ပြုလုပ်လျက်ရှိပါတယ်။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး
ဦးကျော်တင်

အလားတူပဲ ရင်ဆိုင်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေနဲ့ ပတ်သက်ပြီး မိမိတို့ရဲ့ သဘောထားအမြင်တွေကို ကျွန်တော်တို့ ရှင်းလင်းပြောကြားနိုင်ခဲ့ပါတယ်။ ဘယ်လ်ဂျီယံနိုင်ငံကလည်း ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဦးဆောင်မှုနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အမျိုးသားရင်ကြားစေ့ရေးကိစ္စ၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စမှာ တတ်အားသရွေ့ ကူညီပံ့ပိုးပေးဖို့ သူတို့အနေနဲ့ ကတိပေးပြောကြားခဲ့ပါတယ်။

ဘယ်လ်ဂျီယံခရီးစဉ်အတွင်းမှာ သတင်းမီဒီယာတွေ သတိပြုမိတာကတော့ ဥရောပသမဂ္ဂရဲ့ နိုင်ငံခြားရေးနဲ့ လုံခြုံရေးက အကြီးအကဲနဲ့ ဥရောပကောင်စီ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ Mrs. Mogherini နဲ့ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပါတယ်။ အဲဒီ သတင်းစာရှင်းလင်းပွဲပြီးတဲ့အခါမှာ ဥရောပနဲ့ မြန်မာနိုင်ငံကြားမှာ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနဲ့ တစ်ဦးနဲ့တစ်ဦး စိန်ခေါ်မှုပြဿနာတွေကို နားလည်မှုရရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ရခိုင်ပြည်နယ်ကိစ္စနဲ့ ပတ်သက်လို့ နိုင်ငံတကာအချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့ စေလွှတ်ရေးကိစ္စနဲ့ပတ်သက်ပြီး အမြင်ချင်းကွဲပြားမှုရှိတဲ့အရာကို ပြင်ပသတင်းမီဒီယာတွေက အဲဒီ သဘောကွဲပြားမှုအသေးအဖွဲလေးကိုပဲ High Light လုပ်ပြီး ဖော်ပြကြတာကို တွေ့ရပါတယ်။ အမှန်တကယ်ဆိုရင် ဒီဆွေးနွေးပွဲဟာ မြန်မာနိုင်ငံကနေပြီးတော့ ရခိုင်ပြည်နယ်နဲ့ပတ်သက်ပြီး ရေရှည်ပြဿနာကိုဖြေရှင်းရာမှာ ကိုဖီအာနန်ကော်မရှင်ရဲ့ ထောက်ခံတင်ပြတဲ့ အကောင်အထည်ဖော်တဲ့နည်းလမ်းနဲ့ သွားတာကို ဥရောပသမဂ္ဂကလည်း အလွယ်တကူ အားပေးထောက်ခံခဲ့တယ်။ သဘောထားအမြင်ကွဲလွဲမှုနဲ့ပတ်သက်လို့ ရှိကောင်းရှိသော်လည်း ကျွန်တော်တို့အနေနဲ့ နှစ်ဦးနှစ်ဖက် နားလည်မှုရှိပါတယ်။ ဥရောပသမဂ္ဂနဲ့ မြန်မာနိုင်ငံရဲ့ ဆွေးနွေးမှုတွေဟာ အပြုသဘောဆောင်တဲ့အကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

နောက်တစ်ခုက အီတလီနိုင်ငံခြားရေးဝန်ကြီးရော၊ အီတလီဝန်ကြီးချုပ်နဲ့ရော တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အီတလီနိုင်ငံဟာ လက်ရှိမှာ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံလည်းဖြစ်ပြီး G-7 လို့ခေါ်တဲ့ စီးပွားရေးအင်အားကြီးနိုင်ငံ ခုနစ်နိုင်ငံအဖွဲ့အစည်းရဲ့ လက်ရှိဥက္ကဋ္ဌလည်းဖြစ်ပါတယ်။ အီတလီနိုင်ငံဟာ မြန်မာနိုင်ငံအစိုးရသစ်တာဝန်ယူပြီးတဲ့အချိန် ပထမဦးဆုံးနိုင်ငံခြားရေးဝန်ကြီးက အားပေးထောက်ခံမှုပြုတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အခက်အခဲစိန်ခေါ်မှုတွေကို အင်မတန်နားလည်မှုရှိတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်မှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်နဲ့ ထိန်းသိမ်းရေးကိစ္စ၊ ပြတိုက်တွေအတွက် ကူညီပံ့ပိုးမှုတွေပေးသွားဖို့ နောက်ပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဖို့ကိစ္စတွေကို အလေးပေးဆွေးနွေးခဲ့ကြပါတယ်။ အထူးသဖြင့် အီတလီမှာ ကျွန်တော်တို့ ရောက်ရှိနေတဲ့အချိန် အီတလီအောက်လွှတ်တော်မှာ ကွန်ဖရင့်တစ်ခု ကျင်းပနေပါတယ်။ ဒီကွန်ဖရင့်မှာ ယနေ့ လက်တွေ့ရင်ဆိုင်နေရတဲ့ လူဝင်မှုပြဿနာနဲ့ပတ်သက်ပြီး ဘယ်လိုမူဝါဒတွေ ချမှတ်မလဲဆိုတဲ့ကိစ္စတွေကို လွှတ်တော်အမတ်တွေ တက်ရောက်ဆွေးနွေးနေတဲ့အချိန်ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို အထူးဧည့်သည်တော်အဖြစ် တက်ရောက်ဖို့ ဖိတ်ကြားပြီး ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ဒီလိုနိုင်ငံတကာကွန်ဖရင့်တစ်ခုမှာ အထူးသဖြင့် အရေးကြီးတဲ့ လူဝင်မှုပြဿနာနဲ့ပတ်သက်ပြီး လူ့အခွင့်အရေးရှုထောင့်က ကျား/မ တန်းတူအခွင့်အရေးရှုထောင့် စသည်ဖြင့် အဘက်ဘက်က ချဉ်းကပ်မှုပုံစံနဲ့ ၎င်းတို့မူဝါဒနဲ့ပတ်သက်ပြီး မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပါတယ်။

အီတလီနိုင်ငံမှာ ထူးခြားတဲ့ကိစ္စတစ်ခုကတော့ အီတလီနိုင်ငံထဲမှာရှိတဲ့ ဗာတီကန်မြို့ပြနိုင်ငံဖြစ်ပါတယ်။ သူကလည်း အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဗာတီကန်စီးတီးကို သွားရောက်ပြီး ပုပ်ရဟန်းမင်းကြီးနဲ့ ဂါရဝပြု တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံပြီးနောက် ဗာတီကန်မြို့ပြနိုင်ငံနဲ့ မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်သွယ်ဖို့ ပူးတွဲကြေညာချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ ဒီလို သံတမန်ဆက်သွယ်နိုင်ဖို့ကိုလည်း ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာ မကြာသေးမီက သဘောတူအတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါတယ်။

အီတလီပြီးတဲ့အခါ ဗြိတိန်နိုင်ငံဘက်ကို ခရီးဆက်ခဲ့ပါတယ်။ ဗြိတိန်နိုင်ငံကို ၅ ရက်နေ့မှာ ရောက်ပါတယ်။ ရောက်ရှိလာတဲ့အခါမှာလည်း အိမ်ရှေ့စံ ဝေလမင်းသားနဲ့ ကြင်ရာတော်တို့ကို ရင်းရင်းနှီးနှီးတွေ့ဆုံခွင့်ရရှိခဲ့ပါတယ်။ အဲဒီနေ့မှာပဲ ဗြိတိန်နိုင်ငံရဲ့ ဒုတိယမြောက် အဲလိဇဘတ်ဘုရင်မကြီးကိုယ်တိုင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို နေ့လယ်စာနဲ့ တည်ခင်းဧည့်ခံခဲ့ပါတယ်။

ဗြိတိန်နိုင်ငံရောက်စဉ်ကာလအတွင်းမှာ တရားဝင်ဆွေးနွေးမှုတွေအဖြစ် နိုင်ငံခြားရေးဝန်ကြီး ဘော့ရစ်ဂျွန်ဆင် တည်ခင်းဧည့်ခံတဲ့ ဂုဏ်ပြုညစာစားပွဲမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ပါတယ်။ အထူးသဖြင့် ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို အဘက်ဘက်က ကူညီပံ့ပိုးဖို့ကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးရေးအပိုင်းမှာလည်း ဗြိတိန်နိုင်ငံ ဖွံ့ဖြိုးရေးအစီအစဉ်ကနေပြီးတော့ ပေါင် ၁၁၈ သန်းလောက်ရှိတဲ့ စီမံချက်တွေနဲ့ ကူညီပံ့ပိုးပေးတာရှိပါတယ်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးအပိုင်းပါ။ ကျန်းမာရေးအပိုင်းမှာ သူနာပြုတွေကို Training ပေးဖို့ကိစ္စတွေ၊ အဆင့်အတန်းမြှင့်ဖို့ကိစ္စတွေ၊ ခွဲစိတ်ကုသတဲ့အခါမှာ တကယ့်လူနာတွေ မဟုတ်ဘဲနဲ့ စက်ရုပ်တွေနဲ့ခွဲစိတ်ပြီးတော့ သင်ကြားတဲ့နည်းလမ်းမျိုးတွေ အသုံးပြုတဲ့ဘက်မှာ ကူညီပံ့ပိုးပြီး ကျွန်တော်တို့နိုင်ငံရဲ့ သင်ရိုးညွှန်းတမ်းတွေကို ပြင်ဆင်ရေးဆွဲပြီး ကူညီပံ့ပိုးမှုတွေပြုဖို့ တိုင်ပင်ဆွေးနွေးခဲ့ပါတယ်။ ဗြိတိန်နိုင်ငံကလည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်သွားနိုင်တဲ့အလားအလာတွေ အထူးသဖြင့် ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းတွေနဲ့ အခြားလုပ်ငန်းတွေမှာ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်လမ်းတွေနဲ့စပ်လျဉ်းပြီးတော့လည်း တိုင်ပင်ဆွေးနွေးခဲ့ကြပါတယ်။ ဗြိတိန်နိုင်ငံအနေနဲ့ အထူးသဖြင့် ရဲတပ်ဖွဲ့တွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်မှုကိစ္စတွေမှာလည်း ကူညီပေးဖို့အတွက် အစီအစဉ်တွေရှိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံတွေ ပြုပြင်ထိန်းသိမ်းမှုမှာ ကူညီပံ့ပိုးမှုအတွက်လည်း ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။

ဗြိတိန်နိုင်ငံကို ရောက်စဉ်ကာလအတွင်း မေ ၈ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဒီမိုကရေစီရေး၊ လွတ်လပ်ရေးတို့အတွက် ငြိမ်းချမ်းသောနည်းလမ်းနဲ့ ရှန်းကန်ကြိုးပမ်းဆောင်ရွက်မှုတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ လန်ဒန်မြို့တော်ဝန်ရဲ့ အမြင့်ဆုံးဆုဖြစ်တဲ့ Freedom Awards ကို ချီးမြှင့်အပ်နှင်းခဲ့ပါတယ်။ ဒီလိုချီးမြှင့်အပ်နှင်းခံရခြင်းဟာဆိုရင် မြန်မာနိုင်ငံအတွက် အင်မတန်ဂုဏ်ယူဖွယ်ရာကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုဆုမျိုးကို အရင်က ဝန်ကြီးချုပ် မာဂရက်သက်ချာ၊ တောင်အာဖရိကက နယ်လ်ဆင်မင်ဒဲလား၊ ဒက်စ်မွန်တူးတူးတို့လို ပုဂ္ဂိုလ်မျိုးတွေကိုပဲ ချီးမြှင့်ခဲ့ဖူးတဲ့ဆုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ခေါင်းဆောင်တစ်ဦးအနေနဲ့ အခုလိုဆုမျိုးချီးမြှင့်ခံရခြင်းဟာ မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက်လည်း ဂုဏ်ယူဖွယ်ရာဖြစ်ပြီးတော့ မြန်မာနိုင်ငံရဲ့ပုံရိပ်ကိုလည်း ကမ္ဘာ့အလယ်မှာ ပိုမိုပြီးမြှင့်တင်ပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ သွားရောက်ခဲ့တဲ့နိုင်ငံတွေမှာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုတွေ၊ မြန်မာအသိုင်းအဝိုင်းတွေနဲ့ လက်လှမ်းမီသလောက် ထိတွေ့တွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ကူညီပံ့ပိုးပေးဖို့နဲ့ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာဘာသာစကား ဒါတွေကို ထိန်းသိမ်းစောင့်ထိန်းကြဖို့ မှာကြားမှုတွေ ရင်းရင်းနှီးနှီးပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်ပရောက်စဉ်မှာ သူတို့ရဲ့ အခက်အခဲတွေ၊ သူတို့ရင်ဆိုင်ကြုံတွေ့နေရတဲ့ အချက်တွေကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းမေးမြန်းပြီး ပြည်သူတွေရဲ့အသံကို နားထောင်ခဲ့ပါတယ်၊ အချုပ်ပြောရမယ်ဆိုရင် ဥရောပလေးနိုင်ငံခရီးစဉ်အတွင်းမှာ မိမိတို့သွားရောက်ခဲ့တဲ့ နိုင်ငံတိုင်းက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေ၊ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေကို သူတို့ရဲ့အနေနဲ့ ဘယ်နည်းဘယ်ပုံ ပံ့ပိုးပေးနိုင်မယ်ဆိုတာ ကျွန်တော်တို့ မေးမြန်းပြီး သူတို့ပံ့ပိုးပေးလိုတဲ့ဆန္ဒကို အားတက်သရော ပြသခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဒီဘက်ကို လာခြင်းအားဖြင့် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုတွေကို မြှင့်တင်နိုင်ရုံမကဘဲ ကျွန်တော်တို့ မြန်မာနိုင်ငံအပေါ် ထင်မြင်လွဲမှားနေတဲ့ ရခိုင်ပြည်နယ် ပြဿနာနဲ့ ပတ်သက်ပြီး မိမိတို့ရဲ့အမြင်၊ မိမိတို့ရဲ့ ရပ်တည်ချက်တွေကို ဥရောပနိုင်ငံခေါင်းဆောင်တွေ၊ ဥရောပသမဂ္ဂအဖွဲ့ဝင် အကြီးအကဲတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ ကြုံတွေ့နေရတဲ့ အခက်အခဲ၊ စိန်ခေါ်မှု၊ မိမိတို့ရဲ့ သဘောထားရပ်တည်ချက်တွေကို ပိုမိုနားလည်နိုင်အောင် ကျွန်တော်တို့အနေနဲ့ ရှင်းလင်းပြောကြားခွင့်ရရှိခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီခရီးစဉ်ကနေ မြန်မာနိုင်ငံအတွက် ကူညီပံ့ပိုးမှုတွေ၊ အားပေးထောက်ခံမှုတွေ၊ ဆက်လက်ရရှိခဲ့တဲ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုစေမယ့် ကူညီမှုတွေကိုလည်း ရရှိနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ပုံရိပ်ကိုလည်း ကျွန်တော်တို့အနေနဲ့ပိုပြီး ဆက်လက်မြှင့်တင်နိုင်ရမယ်လို့ ပြောကြားလိုပါတယ်။

**(သတင်းအဖွဲ့)**

# ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၌ ကုသိုလ်ပြုသူများဖြင့် စည်ကားများပြား



**နေပြည်တော် မေ ၁၀**

ယနေ့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ သုံးလောကထွတ်ထား သဗ္ဗညုဂေါတမမြတ်စွာဘုရားရှင် ဘုရားဆုပန် ဗျာဒိတ်ခံတော်မူသော၊ ဘုရားအလောင်းတော် ဖွားမြင်တော်မူသော၊ ဘုရားအဖြစ်ပွင့်တော်မူသော၊ ပရိနိဗ္ဗာန်စံဝင်တော်မူသော ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ် အခါသမယ ဖြစ်သည်။

ထို့သို့ ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် အချိန်အခါတွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဘုရားကျောင်းကန် စေတီများ၌ ကုသိုလ်ပြုသူများနှင့် ဘုရားရှင်၏ ပရိဘောဂစေတီအဖြစ်ခံယူထိုက်သော မဟာဗောဓိညောင်ပင်တွင် ရေစင်သွန်းလောင်း ကုသိုလ်ယူကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ယနေ့ နံနက်ပိုင်းတွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော် ကုသိုလ်ယူနေကြသော အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ညနေပိုင်းတွင် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်များအား နဝမအကြိမ် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရမြင့်မောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက မဟာဗောဓိညောင်ပင်များအား ရေစင်သွန်းလောင်းပူဇော်ကြသည်။

အလားတူ ပျဉ်းမနားမြို့နယ် (၃၉)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲ အခမ်းအနားကို ပျဉ်းမနားမြို့ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်၌ ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

ထို့ပြင် ဓာတုဇယ ဓာတ်ပေါင်းစု စေတီတော်၊ နေပြည်တော် ဗုဒ္ဓဂယာ သံဝေဇနိယ လေးဌာန၊ မဟာသကျရံသီ ရုပ်ရှင်တော်မြတ် ရုပ်တော်မူဘုရား၊ ပျဉ်းမနားမြို့ရှိ ကိုးနဝင်း ဆုတောင်းပြည့်စေတီ၊ ရန်အောင်မြင်ရွှေလက်လှစေတီ၊ စူဠာမဏိစေတီ၊ လယ်ဝေးမြို့ရှိ ဖောင်တော်ချက်မစေတီ၊ ရွှေရင်မျှော်စေတီ စသည့် တန်ခိုးကြီးဘုရားစေတီများနှင့် မြို့ပေါ်ရပ်ကွက်ရှိ ဘုရားစေတီပုထိုးများတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ တရားဘာဝနာ ပွားများကြသူများ၊ ကုသိုလ်ပြုကြသူများနှင့် ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



မောင်တောမြို့ ရွှေဗဟိုလ်ကျောင်းဝင်းအတွင်း၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲမြင်ကွင်း။

# မောင်တောမြို့၌ ဒေသခံပြည်သူများ အေးချမ်းစွာ ကဆုန်ညောင်ရေသွန်းလောင်း

**မောင်တော မေ ၁၀**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့ အမှတ် (၄) မြို့မအရှေ့ရပ်ကွက်ရှိ ရွှေဗဟိုလ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ယနေ့ညနေ ၄ နာရီတွင် ဒေသခံပြည်သူများဦးဆောင်ကာ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ညောင်ရေသွန်းလောင်းပွဲကြီးကို စည်ကားသိုက်မြိုက်အေးချမ်းစွာ ကျင်းပသည်။

"ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ အခုလို ကဆုန်လပြည့်နေ့မှာညောင်ရေသွန်းလောင်းရင် အမျိုးသား အမျိုးသမီး ယောဂီဝတ်စုံတွေနဲ့ မဟုတ်ဘူးဗျ။ သူ့ထောင့် သူ့အရောင်နဲ့သူ ဝတ်ဆင်လာရတာ။ ကျွန်တော်တို့တုန်းက အရှေ့ဘက်ထောင့်ဆိုရင် ဖြူဟ္မာ၊ မြောက်ဘက်ဆိုရင် ဂဠုန်၊ တောင်ဘက်ဆိုရင် နတ်၊ အနောက်ဘက်ထောင့်ကိုနဂါး၊သူ့အရောင်နဲ့သူ၊အမျိုးသမီး အမျိုးသား ဝတ်ဆင်လာရတာ။ ပျော်စရာပါ။ ခုချိန်ထိအခုလို ကဆုန်ညောင်ရေသွန်းပွဲမျိုးနဲ့ကြုံတိုင်း အလုပ်နားပြီး ကလေးတွေကို လာအားပေးတယ်။ ကျွန်တော်တို့တုန်းက ဒီထက်ပိုစည်ကားပြီး ပိုပျော်ဖို့ ကောင်းတယ်" မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်တွင် နေထိုင်သည့် ကိုကျော်လွင်က ပြောသည်။

ကဆုန်လပြည့်နေ့တွင် မောင်တောမြို့၌ ခရိုင်အတွင်းရှိကျေးရွာ/ရပ်ကွက်များဖြစ်သည့် မြို့မအရှေ့၊ ညောင်ပင်လှ၊ စံပြ၊ မြို့သစ်၊ ရှိတ္တာရာ၊ ဝိမလ စသည့်အနီးဝန်းကျင် ရပ်ကွက်/ကျေးရွာများမှ အမျိုးသား အမျိုးသမီးငယ်များက တူညီယောဂီဝတ်စုံများဖြင့် ညောင်ရေခွက်လေးများကိုင်ကာ ကိုယ်စီကိုယ်စီဖြင့် လာရောက်သွန်းလောင်းကြသည်။

ကဆုန်ညောင်ရေသွန်းလောင်းပွဲ ဖွင့်ပွဲတွင် ကျောင်းတိုင်ဆရာတော်နှင့်တကွ နမောတဿ သုံးကြိမ်ရွတ်ဆို၍အခမ်းအနားကို ဖွင့်လှစ်ပြီး ရွှေဗဟိုလ်ကျောင်းထိုင်ဆရာတော် ဦးသောမက ငါးပါးသီလချီးမြှင့်သည်။ ယင်းနောက် ဖြူဟ္မာအမျိုးသား၊ နတ်အမျိုးသား၊ နဂါးအမျိုးသား၊ ဂဠုန်အမျိုးသားတို့က ဇယောဟိဗုဒ္ဓဿ သီရိမတောအယံဂါထာကို သုံးကြိမ်ရွတ်ဆိုပူဇော်ခဲ့ပြီး အမျိုးသမီးငယ်များအဖွဲ့ကလည်း ယင်းသို့ဖြင့် သုံးကြိမ်ရွတ်ဆိုကာ ကဆုန်ညောင်ရေသွန်းလောင်းပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အဆိုပါမောင်တောမြို့ ကဆုန်ညောင်ရေသွန်းလောင်းပွဲတွင် ညောင်ရေသွန်းလောင်းသည့် ဒေသခံအမျိုးသား အမျိုးသမီးတို့အား အလှူရှင်များက အချိုရည်များဖြင့် ဒါနပြုတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်၊ အောင်ကျော်စိန် (မောင်တော)**
**ဓာတ်ပုံ-မောင်မောင်သန့်(ကြေးမုံ)**

❖

# ကဆုန်လပြည့်နေ့တွင် မန္တလေးမြို့အနှံ့ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကား

**မန္တလေး မေ ၁၀**

ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များအတွက် မင်္ဂလာရှိသော ဘာသာရေး နေ့ထူးနေ့မြတ်ဖြစ်သဖြင့် မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရား ပုထိုးစေတီတော်များ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲများ ကျင်းပရာ မန္တလေးမြို့မှ ဆွမ်းလောင်းအသင်းများနှင့် ကုသိုလ်ရှင်များက ဆရာတော်၊ သံဃာတော်များကို ဆွမ်း၊ ဆွမ်းဟင်းများ၊ ချိုချဉ်ခဲဖွယ်ဘောစဉ်များ လောင်းလှူကုသိုလ်ပြုလျက်ရှိကြပြီး ယနေ့ နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ ဘုရားကြီးမျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရဟန်းရှင်လူပြည်သူများ၊ ဓမ္မစကြာဝတ်အသင်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ရွှေသက်န်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ အလှူငွေလှူဒါန်းခြင်း ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ သီတင်းသီလဆောက်တည်ကြခြင်း၊ မဟာမုနိပရိဝုဏ်အတွင်း အဂ္ဂိထောင့်ရှိ ပရိဘောဂစေတီ၊ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ထို့အတူ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမ ဘုရားကြီးတိုက်ရှိ ဦးပွားဆုတောင်းပြည့်စေတီတော်၊ ရွှေကျီးမြင်၊ ဘုရားနီဘုရား၊ ဆုတောင်းပြည့် ဆုတောင်းရဘုရား၊ ဝါခင်ကုန်းဘုရား၊ နန်းမြို့ဆုတောင်းပြည့်ဘုရား၊ မန္တလေးမြို့ ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ သီပေါမင်းတရားကြီးတည်ထားကိုးကွယ်တော်မူခဲ့သော အရှေ့ပြင်လုံးဆိုင်ရာ အောင်တော်မူမြတ်စွာဘုရား၊ မဟာအောင်မြေမြို့နယ် ဗောဓိကုန်းရပ်တွင် တည်ရှိသော မင်းတုန်းမင်းတရားကြီးစိုက်ပျိုးလှူဒါန်းခဲ့သည့် ဗောဓိညောင်ပင်တို့တွင် ညောင်ရေသွန်းလောင်းလှူပွဲကြီးကို စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြရာ ကြက်ပျံမကျစည်ကားသည်။

အလားတူ မန္တလေးတောင်ဂေါပကအဖွဲ့ကကြီးမှူး၍ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး စိုက်ပျိုးတော်မူခဲ့သည့် မန္တလေးတောင်ခြေရှိ မဟာဗောဓိညောင်ပင်အား စတုတ္ထအကြိမ်မြောက် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲမှ စတင်ကျင်းပခဲ့ရာ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်၍ ကြွရောက်လာတော်မူသော ဆရာတော်များ၊ ဧည့်ပရိသတ်အပေါင်းတို့က ရေစက်ချအမျှဝေကာ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ မွန်းလွဲပိုင်းမှစ၍ အနုပညာဦးစီးဌာန(မန္တလေး) ဇာတ်ဌာနခွဲမှ မြန်မာမှုတီဝိုင်းများဖြင့် အနုပညာရှင်များက သီဆိုဖျော်ဖြေကြပြီး ဘုရားဖူးလာ ပြည်သူများကိုလည်း အအေးစတုဒိသာတိုက်ကျွေးသည်။ ကဆုန်လပြည့် မွန်းလွဲပိုင်း၌ မန္တလေးမြို့ အနောက်ခင်မကန်တိုက်ရှိ ဂိလာနဆန်ပြုတ်အလှူတော်အဖွဲ့က မ န္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံ၊ ခုတင် (၅၅၀) ဆံ့ ဆေးရုံ၊ အရိုးအထူးကုဆေးရုံ၊ ခုတင် (၃၀၀) ဆံ့ ဆေးရုံများသို့ လူနာ၊ လူနာစောင့်တို့အတွက် ညနေစာ ထမင်းဟင်းအစုံ၊ ဂျုံယို၊ ဆန်ပြုတ်၊ သောက်ရေသန့်၊ ရေသန့်ခဲနှင့် စားသောက်ဖွယ်ရာများကို သွားရောက်လှူဒါန်းကုသိုလ်ပြုကြသည်။

ထို့အတူ အမရပူရမြို့နယ် စွယ်တော်မြတ်စေတီတော် မန္တလေး ပရိဝုဏ်အတွင်းရှိ ၂၀၁၁ ခုနှစ်က စိုက်ပျိုးထားသည့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ လှူဒါန်းသော မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသူများဖြင့် အထူးစည်ကားလှကြောင်း တွေ့ရှိရသည်။ ညနေ၅နာရီမှစ၍ မန္တလေးမြို့ကျုံးပတ်လည်ထောင့်နေရာအသီးသီးတွင် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းကမ္မဝါများ ရွတ်ပွားချီးမြှင့်ကြရာ ကြည်ညိုနာယူပူဇော်ကြသူများဖြင့် အထူးစည်ကားကာ မန္တလေးမြို့အနှံ့ နံနက်အရုဏ်တက်ချိန်မှစ၍ ညတိုင်အောင် ဘုရားစေတီပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ကြသူများ၊ ဘုရားဖူးလာသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိရာ ဘာသာရေး၊သာသနာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်ပြည်သူများကလည်း စတုဒိသာကြာဆံဟင်း၊ ရွှေရင်အေးအချိုရည်မျိုးစုံ၊ သောက်ရေသန့်တို့ဖြင့် ဧည့်ခံတိုက်ကျွေး လှူဒါန်းကြပြီး ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် တိုးမပေါက်အောင်အထူးစည်ကားသည်။ ကဆုန်ညောင်ရေသွန်းလောင်ပူဇော်ပွဲများကို မိမိတို့နေရာဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

❑

## ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများလျော့ပါးစေရန် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် မေ ၁၀**

ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရန် ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတကာ ရေနှင့်သက်ဆိုင်သော သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲမှုဌာန(ဂျပန်)မှ Prof. Toshio Koike နှင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အကြံပေးအဖွဲ့ အတွင်းရေးမှူး ပါမောက္ခ ဒေါ်ခင်နီနီသိန်းတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရေး မဟာဗျူဟာသစ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး အစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးနှင့် Mr. Nobuyuki Ichihara တို့က တင်ပြကြသည်။

မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာဦးစီးဌာနများပါဝင်သည့် ရေနှင့်သက်ဆိုင်သော သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေး ပလက်ဖောင်းဖြစ်ပေါ်လာစေရန် အချက်အလက်များ စီမံခန့်ခွဲမှု၊ လိုအပ်သောလုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်မှုနှင့် တာဝန်ခွဲဝေမှုများကို တက်ရောက်လာသူများက ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြည်နယ်အဆင့် မူးယစ်ဆေးစွဲရောဂါ ကာကွယ်ရေးစီမံချက်လုပ်ငန်းစဉ် ဆွေးနွေး

**မြစ်ကြီးနား မေ ၁၀**

လူထုအခြေပြု မူးယစ်ဆေးစွဲရောဂါကာကွယ်ရေးစီမံချက်လုပ်ငန်း ပြည်နယ်အဆင့်အသိပေးဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ Madira Hotel ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်ရေးစီမံချက် လုပ်ငန်းစဉ်များပါဝင်ပြီး အဓိကစီမံချက် လေးချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်း (SARA) ဥက္ကဋ္ဌ ဒေါက်တာဂျော်ထက်ဒိုးက ပြောသည်။

ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ကျလာစေရန် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပိုမိုထိရောက်စွာလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောအန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသူရမျိုးတင်က ပြောသည်။

အဆိုပါ ဆွေးနွေးပွဲကို မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်း(SARA) က ဦးဆောင်၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာ စုစုပေါင်း ၃၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မင်းမင်းဦး)**

# နှလုံးသားလှသည့် ပရဟိတသမားများ၏ ရင်တွင်းပီတိစကားများ

အောင်တိုးတက်

**စာရေးသူဆီကို မေ ၃ ရက် ညနေပိုင်းမှာ ဖုန်းဝင်လာတယ်။ ကိုသီဟဆီကပါ။ ဘာအကြောင်းလဲဆိုတော့ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ပရဟိတလုပ်ငန်းများဆောင်ရွက်နေကြတဲ့ ဒေါ်သန်းမြင့်အောင်နဲ့ ဒေါ်ဖြူဖြူသင်း ဦးဆောင်ဆောင်ရွက်နေတဲ့အဖွဲ့အတွက် တစ်ဖွဲ့ကို ကျပ်သိန်း ၂၅၀၀ လှူမယ်ဆိုတဲ့ သတင်းပေးလာတယ်။ အလုပ်အားမယ်ဆိုရင်လိုက်ခဲ့ပါတဲ့။ မနက် ၇ နာရီ ကမ္ဘောဇဘဏ်ရုံးချုပ်ရှေ့လာဖို့ ပြောသွားတယ်။ ဒီသတင်းစကားကြားတော့ စိတ်ထဲမှာဝမ်းသာသွားတယ်။ အရင်တုန်းက ဒေါ်သန်းမြင့်အောင်ရဲ့ ပရဟိတလုပ်ငန်းတွေနဲ့ ဒေါ်ဖြူဖြူသင်းရဲ့ HIV/AIDS ဝေဒနာရှင်တွေကို ပြုစုစောင့်ရှောက်ပေးနေတယ် ကြားသိခဲ့တာကြာပါပြီ။ ထဲထဲဝင်ဝင် မလေ့လာဖြစ်ခဲ့ပါဘူး။ အခုကြုံဆုံလေ့လာခွင့်ရတော့မယ်ဆိုတော့ ဝမ်းသာမိတာပါ။**

မေ ၄ ရက် နံနက် ၇ နာရီ မထိုးခင် စာရေးသူလည်းစုရပ်ကို ရောက်ပါတယ်။ စုရပ်လူစုံတော့ မြောက်ဒဂုံရှိ ဒေါ်သန်းမြင့်အောင်ရဲ့ အောင်ဖောင်ဒေးရှင်းရုံးသို့ ထွက်ခွာလာခဲ့ရာ နံနက် ၇ နာရီ မိနစ် ၂၀ ခန့်မှာ ရောက်ရှိပါတယ်။ ခေတ္တနားနေစဉ် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းရဲ့ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းရောက်ရှိလာပြီး ဆည်းဆာရိပ်ဂီလာနဘိုးဘွားရိပ်သာသို့ ဆက်လက်ထွက်ခွာခဲ့ပါတယ်။

ကားမောင်းချိန် ၁၅ မိနစ်သာကြာမြင့်ပြီး ဘိုးဘွားရိပ်သာရောက်တော့ ဒေါ်သန်းမြင့်အောင်က ဧည့်သည်များကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပါတယ်။ နောက် ဘိုးဘွားများထားရှိရာသို့ ခေါ်ဆောင်သွားကာ တစ်ခန်းဝင် တစ်ခန်းထွက် လိုက်လံပြသပြီး ဘိုးဘွားရိပ်သာ၏ အခြေအနေများကို ရှင်းလင်းပြောပြပါတယ်။

အလှူငွေပေးအပ်ပွဲ စတင်ရာတွင် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ဦးညီညိုမြင့်က ဖောင်ဒေးရှင်း စတင်သန္ဓေတည်လာပုံများနှင့် လှူဒါန်းမှုအစုစုတို့ ပြုလုပ်ခဲ့ပုံများကို ရှင်းလင်းပြောပြပါတယ်။

ယင်းနောက် အောင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်က "ကျွန်မတို့ မြန်မာနိုင်ငံမှာ လိုအပ်ချက်တွေ အများကြီးရှိတယ်။ အဲဒီလိုအပ်ချက်တွေဘာလဲဆိုတော့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အများကြီးပါ၊ အဲဒီအများကြီးကို လုပ်ဖို့ဆိုတာ ပရဟိတသမားတွေ အများကြီးမွေးထုတ်ဖို့ လိုအပ်ပါတယ်။ တကယ်မှန်မှန်ကန်ကန်နဲ့ စနစ်တကျနဲ့ ကျွမ်းကျင်တဲ့ ပရဟိတသမားတွေ အများကြီး မွေးထုတ်ဖို့ လိုအပ်ပါတယ်။ အဲဒီအခါကျတော့ ကျွန်မပရဟိတ သင်တန်းကျောင်းလေး၊ သဘာဝပတ်ဝန်းကျင်နှင့် ပရဟိတသင်တန်းကျောင်းလေးတစ်ခု ဖွင့်လှစ်ဖို့လုပ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်က ပရဟိတအဖွဲ့အစည်းတွေကို ကျွန်မတို့ သင်တန်းတွေပေးပါတယ်။

"သင်တန်းတွေပေးပြီးတဲ့အခါမှာ သူတို့လိုအပ်တာတွေကို ကျွန်မတို့နောက်ကနေ ပံ့ပိုးပေးပါတယ်။ ဥပမာ လူငယ်တွေ စာဖတ်ဖို့လိုနေတယ်။ သူတို့စာကြည့်တိုက်မထောင်နိုင်ရင်တောင် Mobile library တွေ လုပ်ကြပါတယ်။ အဲဒီအခါမှာ ကျွန်မတို့က ဒီကနေ စာအုပ်တွေ ပို့ပေးပါတယ်။ ရပ်ရွာထဲအရောက်ပေါ့။ ကလေးဆို ကလေးစာပေပွဲပေါ့။ သဘာဝသီးနှံနဲ့ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုဆိုတာ ပရဟိတဂေဟာတွေအတွက် ရန်ပုံငွေ တင်ပေးလိုက်တယ်။ ပြီးလို့ရှိရင် ကျွန်မတို့ ဒီကနေ ပစ္စည်းတွေတင်ပို့ပေးတာရှိတယ်။ အကုန်အမျိုးမျိုးပါပဲ။ နောက်တစ်ခါ ဘိုးဘွားရိပ်သာတွေ ထူထောင်ကြမယ်။ ဘိုးဘွားတွေကို ဘယ်လိုပြုစုမလဲ ဘိုးဘွားပြုစုမယ့် ကလေးတွေကို ကျွန်မတို့ ဒီမှာ သင်တန်းတွေပေးတယ်။ နယ်တွေကိုလည်း ကျွန်မတို့ကိုယ်တိုင် လိုက်ပြီးတော့ သင်တန်းတွေပေးတယ်။ ပြောရမယ်ဆိုရင် "နှလုံးသားလှတဲ့သူတွေက ပရဟိတလုပ်ကြတာပါ" ပညာပြည့်ဝပြီး နှလုံးသားလှရင် ထိထိရောက်ရောက်နဲ့ မြန်မြန်ဆန်ဆန် လုပ်နိုင်ပါတယ်။

"အဲဒီလို တစ်ဖက်ကလုပ်နေသလို ဒီနေရာလေးဟာ ဘူမိနက်သန်ဆိုတာ ကျွန်မတို့ ညီအစ်မတွေ၊ နောက်အနုပညာရှင်တွေ ပါပါသေးတယ်။ ဒီနေရာမှာ အမျိုးသမီးနဲ့ ပတ်သက်တဲ့ အမျိုးသမီးအခွင့်အရေးတွေ၊ အမျိုးသမီး ကာကွယ်စောင့်ရှောက်ရေး၊ လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ ဒီအလုပ်တွေ ကျွန်မတို့ ဆက်လုပ်နေတုန်းပါ။ ကျွန်မကတော့ ဘယ်ဟာကို အဓိက ဦးတည်လဲဆိုတော့ အခုဘိုးဘွားရိပ်သာလည်း ရောက်ခဲ့ပါတယ်။ ကျွန်မတို့ဆီမှာ လူတိုင်းဟာ အရွယ်မရွေး၊ အချိန်မရွေး အမျိုးသမီးလည်း အမျိုးသမီးမို့လို့ အမျိုးသားလည်း အမျိုးသားမို့လို့ ရောဂါသည်ကလည်း ရောဂါသည်မို့လို့ ကလေးသူငယ်ကနေစပြီး ဘိုးဘွားတွေအထိ အရွယ်မရွေး လိုအပ်နေတဲ့ လိုအပ်ချက်တွေကို လူမှုရေးအရ၊ ကျန်းမာရေးအရ အဲဒီလိုအပ်ချက်တွေကိုလည်း ကျွန်မဖြည့်ပါတယ်။ နောက်တစ်ခါ အောင်ဖောင်ဒေးရှင်းရဲ့ အဓိကဦးတည်တာက



ဒေါ်နန်းလိုင်းခမ်း



ဒေါ်သန်းမြင့်အောင်



ဒေါ်ဖြူဖြူသင်း

လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို ဦးတည်တာပါ။ အဲဒီအတွက် အောင်ဖောင်ဒေးရှင်းဟာ လူသားအရင်းအမြစ်တွေအတွက် ပညာအမွေ၊ စာရိတ္တအမွေ၊ ပရဟိတအမွေတွေ ပေးနေတဲ့ နေရာဖြစ်ပါတယ်။ ဒီကိုလာပြီး လာရောက်လှူဒါန်းတဲ့အတွက် ကျွန်မတို့ဖောင်ဒေးရှင်း အတွက် အများကြီးအထောက်အကူဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းကို အများကြီး ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသွားခဲ့ပါတယ်။

ဆက်လက်၍ ခုခံအားကျဆင်းမှုရောဂါ ကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသည့် ဒေါ်ဖြူဖြူသင်းက "ကျွန်မတို့ ၂၀၀၂ ခုနှစ်ထဲကနေစပြီးတော့ ဒီနေ့အချိန်အထိ HIV ကူညီစောင့်ရှောက်ရေး လုပ်ငန်းတွေအပြင် အမျိုးသမီးဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး အသက်မွေးဝမ်းကျောင်းပညာတွေ သင်ပေးတာ ၂၁ ကြိမ်ရှိပါပြီ။ တခြားနိုင်ငံရေးအသိပညာတွေ၊ အမျိုးသမီးများနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေ လုပ်ပေးပါတယ်။ အခုတော့ ခဏနားထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ HIV Center ဆောက်နေတာရှိပါတယ်။ ကျွန်မတို့ရဲ့ အခက်အခဲက ဘာလဲဆိုတော့ လုပ်လာတဲ့ တစ်လျှောက်လုံး လူနာတွေအများကြီးကို ပြုစုစောင့်ရှောက်ရတယ်။ ဒီလူနာတွေနဲ့ ပတ်သက်ပြီး ထားစရာနေရာမရှိတဲ့ပြဿနာပါ။ ကျွန်မတို့ဆောက်တဲ့ အဆောက်အအုံက သုံးနှစ်ကြာပါပြီ။ အခက်အခဲတွေကတော့ အများကြီးပါပဲ အလှူရှင်ရှိတယ်ကြားတော့ ဝမ်းသာခဲ့ရပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ပိုပြီးတော့ ဝမ်းသာမှာပါ။ ဒီနိုင်ငံအတွက် လိုအပ်ချက်တွေ ရှိနေသေးတယ်ဆိုတာ အမှန်တကယ် လုပ်ဆောင်နေသူတွေကလည်း သိပါတယ်။ ပြည်သူတွေလည်း သိကြပါတယ်။ ကျွန်မတို့ ရပ်တည်နေတာ ရန်ပုံငွေမရှိဘူး။ အခုအချိန်အထိရပ်တည်နေတာ အခက်အခဲတွေရှိပေမယ့် လုပ်ချင်တဲ့ စိတ်ဆန္ဒတစ်ခုတည်းနဲ့ပါ။ လုပ်ချင်တဲ့ စိတ်ကူးတွေလည်း အများကြီးရှိပါတယ်။ အလွန်ပင်ပန်းမှုတွေလည်း ရှိခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံအတွက် လိုအပ်ချက်တွေ လုပ်ရဦးမှာပါလား။ အစိုးရကိုလည်း တတ်နိုင်တဲ့ ဘက်က ကူညီရမယ်။ ပြည်သူလူထုတွေကိုလည်း ကူညီရမယ်။ ဒီလိုအခြေအနေမျိုးမှာ လက်ရှိလုပ်နေတဲ့ ကိစ္စရပ်တွေကို အကောင်းမွန်ဆုံးလုပ်နိုင်အောင် ကူညီဆောင်ရွက်ပေးတဲ့ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ကျွန်မတို့လုပ်ဆောင်သွားမယ့်ကိစ္စရပ်တွေမှာ အတတ်နိုင်ဆုံး လက်တွဲပြီး ကူညီဆောင်ရွက်ပေးပါလို့ ပြောကြားချင်ပါတယ်"ဟု ရင်တွင်းစကား ပြောကြားသွားပါတယ်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် စဉ်ဆက်မပြတ် ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းလှူဒါန်းနေသည်ကို ကြားသိရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ နိုင်ငံ့အနာဂတ်အတွက် ဖန်တီးရှင် ကလေးသူငယ်များအား ပြုစုပျိုးထောင်ပေးခြင်းနှင့် ဒုက္ခပင်လယ်တွင်း၌ မရုန်းထွက်နိုင်သည့် ကလေးငယ်များကို စာပေသင်ကြားပေးခြင်း၊ သင့်တော်ရာအလုပ်အကိုင်များ ဖန်တီးပေးခြင်းနှင့် လမ်းမှားရောက်နေသော ကလေးသူငယ်များကို ပညာ၊ စာရိတ္တခိုင်မာအောင် ပျိုးထောင်၍ လမ်းကြောင်းမှန်ပေါ်သို့တင်ပေးသည့် ပရဟိတလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူများကို ရေတို၊ ရေရှည်စီမံချက်များဖြင့် လှူဒါန်းမှု ပိုမိုပြုလုပ်နိုင်ပါက နိုင်ငံ့သားကောင်းရတနာများ ပိုမိုပေါ်ထွက်လာမည်ကို မှန်းဆတွေးမိ၍ တင်ပြလိုက်ပါတယ်။ ။

# သောက်သုံးရေရှားပါးသော မကွေးမြို့နယ် အစစမ်းကျေးရွာ၌ စက်ရေတွင်းတူးဖော်လှူဒါန်း

**မကွေး မေ ၁၀**

ကမ္ဘာ့ဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် မြန်မာပြည်အနှံ့ သောက်သုံးရေရှားပါးသော ဒေသများတွင် စက်ရေတွင်းများကို တူးဖော်လှူဒါန်းပေးလျက်ရှိရာ ယခုအခါ မြန်မာပြည်အလယ်ပိုင်း ဖန်ခါးမြေ ဟုခေါ်တွင်သည့် မြေလတ်ဒေသဖြစ်သော မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် ဒုတိယမြောက်တွင်းအဖြစ် အစစမ်းကျေးရွာ၌ အင်္ဂလန်နိုင်ငံထုတ် DANDO အမျိုးအစား ရေတွင်းတူးစက်ကြီးဖြင့် ၁၅၄ တွင်းမြောက် စက်ရေတွင်းကို အနက်ပေ ၅၂၀ အရောက်တွင် တစ်နာရီ ရေဂါလန် ၃၆၀၀ ဖြင့် ရေအောင်ခဲ့ပြီဖြစ်သည်။



မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် ဒုတိယမြောက်တွင်းအဖြစ် အစစမ်းကျေးရွာ၌ အင်္ဂလန်နိုင်ငံထုတ် DANDO အမျိုးအစား ရေတွင်းတူးစက်ကြီးဖြင့် ၁၅၄ တွင်းမြောက် စက်ရေတွင်း ရေအောင်စဉ်။

ဖောင်ဒေးရှင်းသည် မေ ၅ ရက်ကလည်း ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ ပိဋကတ်ဘုန်းတော်ကြီးကျောင်းတွင် အနက်ပေ ၄၀၀ အရောက် တစ်နာရီ ရေဂါလန် ၂၀၀၀ နှုန်းဖြင့် ၁၅၃ တွင်းမြောက် ရေအောင်ခဲ့ပြီးဖြစ်သည်။ ထို့အတူ ဖောင်ဒေးရှင်းအနေဖြင့် တစ်ချိန်တည်းမှာပင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ မေတ္တာရှင်ကုသိုလ်ဖြစ် အခမဲ့ဆေးရုံတွင်လည်း စက်ရေတွင်း တူးဖော်ပေးလျက်ရှိသည်။

အလားတူ ဖောင်ဒေးရှင်းသည် ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလ ရောက်သည့်အချိန်တိုင်း ရေရှားပါးမှု အခက်အခဲများနှင့် ကြုံတွေ့ရလေ့ရှိသော ဒေသများရှိ ပရဟိတအဖွဲ့အစည်းအသီးသီးသို့ အချိန်နှင့်တစ်ပြေးညီ ပိုမိုကျယ်ပြန့်စွာ သောက်သုံးရေများ လှူဒါန်းနိုင်ရန်အတွက် ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ်များ ပေးအပ်လှူဒါန်းလျက်ရှိရာ မေ ၉ ရက်က မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ စေတနာရှင်လူမှုကူညီရေးအသင်းသို့ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ်တစ်စီးကို ပေးအပ်လှူဒါန်းခဲ့ပြီး ယနေ့အထိ ရေသယ်ယာဉ်စုစုပေါင်း ၃၈ စီး ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(၀၁၀)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၀**

မူးယစ်တပ်ဖွဲ့စု (၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု အောင်ရာကျေးရွာ အမှတ်(၉၅)နေ စိုးဝင်း၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၉၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် မြန်မာငွေ ၅၇ ဒသမ ၇ သိန်းတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းအေးသာစံမြို့နယ် အကွက်အမှတ် (၅၉၂)၊ (၂၈/၂၉) လမ်းနှင့် (၈၂/၈၃) လမ်းကြား မြောက်အိုးဘို ဗလီဝင်းအတွင်း တိုက်တန်းနေ အောင်ဆန်းထွေး၏ နေအိမ်ခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၆၉ ပြားကို လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ အထွက် လေးမိုင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခွန်မင်းနောင် မောင်းနှင်လာသည့် MARK-II မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ မေ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါဈေးလမ်းနေ ညဏ်လင်း၏နေအိမ်တိုက်ခန်းကို ရှာဖွေရာ အိုက် သုည ဒသမ ၈၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်နေ နိုင်လင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၃၉၉ ပြားကို ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အရအရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၁၁၆၆၇၀၁၊ ၀၉၄၂၁၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children

World Vision

# မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့်လိုင်စင်မဲ့ယာဉ် လေးစီး သိမ်းဆည်းရမိ

**ရန်ကုန် မေ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိရာတွင် မေ ၉ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် လိုင်စင်မဲ့ယာဉ် လေးစီးအား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ပြီးခဲ့သည့် မတ် ၁ ရက်မှ စတင် စစ်ဆေးဆောင်ရွက်ခဲ့ရာ မေ ၉ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Mitsubishi Pajero Station Wagon၊ Honda Airwave Station Wagon၊ Daihatsu Move နှင့် Toyota Platana Isis ယာဉ်များအား မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့များက တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ်လေးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ သန်းခန့်)အား သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မေ ၉ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်များ တားဆီးနိုင်ခဲ့မှု ခြောက်မှု (စုစုပေါင်း ခန့်မှန်းတန်ဖိုး ၁၆ ဒသမ ၉၁ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**






# လေပြင်းတိုက်၍ ဂန့်ဂေါမြို့နယ် ကျေးရွာအချို့တွင် နေအိမ်အမိုးလန်ခြင်း၊ အိမ်ပြိုခြင်းများဖြစ်ခဲ့



**ဂန့်ဂေါ မေ ၁၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း မေ ၉ ရက် ညနေ ၅ နာရီခန့်က လေပြင်းတိုက်ပြီး မိုးအနည်းငယ်ရွာခဲ့ရာ လက်ရှိကောက်ယူရရှိထားသောစာရင်းများအရ ဂန့်ဂေါမြို့နယ် ဇာဟောရွာတွင် ၂၈ အိမ်၊ ကျွန်းဒတ်ရွာတွင် ၁၆ အိမ်နှင့် လာပို့ရွာတွင် ၁၂ အိမ် အမိုးလန်ခြင်း၊ အိမ်ပြိုခြင်းများဖြစ်ခဲ့ကြောင်းသိရသည်။

“မနေ့က ညနေ ၅ နာရီ ကျော်မှာ လေတိုက်တာအတော်ပြင်းခဲ့ပါတယ်။ မိုးရွာတာတော့နည်းပေမယ့် လေကတအားပြင်းတော့ အမိုးလန်တာတွေများပါတယ်။ အခုလောလောဆယ်မှာ မြို့နယ်တာဝန်ရှိသူတွေနဲ့ ကူညီရေးလုပ်တာတွေကို ဆောင်ရွက်နေသလို မကွေးတိုင်းဒေသကြီး လူကယ်ပြန်ကို စာရင်းအတိအကျပေးနိုင်အောင်နဲ့ ကူညီထောက်ပံ့တာတွေကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်အောင်လုပ်နေပါတယ်။ ပြီးခဲ့တဲ့ လကလည်း အနောက်တောလေးရွာ ပြင်သာဆည်ဘက်မှာ လေပြင်းတိုက်သွားတာ ရွာ ၁၆ ရွာက အိမ်အချို့အမိုးလန်တာတွေ၊ အိမ်ပြိုတာတွေဖြစ်လို့ ကူညီကယ်ဆယ်ရေးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ယမင်းလှိုင်က ပြောသည်။

မေ ၉ ရက်က တိုက်ခဲ့သော လေပြင်းကြောင့် အိမ်ခြေ ၆၅၀ ကျော်ရှိသော ဇာဟောကျေးရွာ၏ အရှေ့ဘက်ခြမ်း ဇာဟောချောင်းဘေးတစ်လျှောက်ရှိ အိမ်အများစုအမိုးလန်ခဲ့သလို ပြီးခဲ့သည့်လက တိုက်ခတ်ခဲ့သော လေပြင်းကြောင့် ဇာဟောရွာ၏ အနောက်ဘက်နှင့်မြောက်ဘက်ရှိ အိမ်အများစုအမိုးလန်ခဲ့ကြောင်း ဇာဟောကျေးရွာ ဒေသခံ ကိုပေါ်လွင်ဦးထံမှ သိရသည်။

“ဇာဟောကျေးရွာမှာ အများစုက ယာလုပ်ငန်းလုပ်ကိုင်ကြသူတွေများပါတယ်။ မနေ့ညနေ ၅ နာရီနဲ့ ၆ နာရီကြားမှာ လေပြင်းတိုက်ပြီး မိုးရွာတာ လေက အတော်အတိုက်ကြမ်းတဲ့အတွက် အမိုးလန်တာတွေရှိသလို လွန်ခဲ့တဲ့ သုံးရက်ကမှဆောက်ထားတဲ့ အိမ်တစ်လုံး သွပ်ပြားတွေလန်ပြီး လေနဲ့အတူလွင့်ပါသွားတာ လျှပ်စစ်မီးကြိုးပေါ်ချိတ်တဲ့ဟာချိတ်၊ အတော်ဝေးတဲ့နေရာထိ လွင့်တဲ့ဟာလွင့်နဲ့ တွေ့ရပါတယ်။ ဒီနေ့မနက်မှာတော့ မီးသတ်တွေလာရှင်းပေးပြီး ထောက်ပံ့ကူညီမှုတွေရအောင် ဂန့်ဂေါမြို့နယ် လူကယ်ပြန်က ပျက်စီးစာရင်းပြုစုနေတယ်လို့တော့ သိရပါတယ်” ဟု ဇာဟောကျေးရွာနေ ကိုပေါ်လွင်ဦးက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ဘ၀တစ်သက် တစ်ခါသာ ဂျာစီလဲဖို့ စတင်တောင်းဆိုဖူးတဲ့ ကစားသမားအမည်ကို မက်ဆီ ထုတ်ဖော်ပြောကြား

ကမ္ဘာကျော်ကစားသမား လီယွန်နယ် မက်ဆီက သူ့ကို ဂျာစီလဲဖို့စတင်တောင်းဆိုတဲ့ ကစားသမားများကိုသာ ဂျာစီအလဲအလှယ် ပြုခဲ့ဖူးသော်လည်း သူ့ဘ၀တစ်သက်ဂျာစီ လဲလှယ်ဖို့ စတင်တောင်းဆိုဖူးတဲ့ ကစားသမားဆို၍ လက်ရှိရီးယဲလ်နည်းပြ ဇီဒန်း တစ်ဦးသာလျှင်ရှိဖူးကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

နံရံမှ ကြမ်းခင်းအထိ ဘောလုံးသမား မြောက်မြားစွာရဲ့ ဂျာစီ ၇၀ ကျော်ကို အခန်းတစ်ခန်းတွင် သီးသန့်အမှတ်တရထားရှိသည့် ဓာတ်ပုံကို အင်စတာဂရမ်စာမျက်နှာ ထက်တင်ခဲ့ပြီးနောက် မက်ဆီက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ မက်ဆီတွင် ရာအူးလ်၊ ဖီဂို၊ သီယာရီ အွန်နရီအစ ၀က်စ်ဟမ်းကစားသမား လန်ဇီနီတို့လို ကစားသမားအဆုံး ဂျာစီပေါင်း ၇၀ ကျော်ကို စုဆောင်းထားရှိသည်ကို အံ့အားသင့်ဖွယ် တွေ့ခဲ့ကြရသည်။ မက်ဆီသည်နိုင်ငံတကာပွဲစဉ်နှင့် ချန်ပီယံလိဂ်ပွဲစဉ်များ ယှဉ်ပြိုင်ခဲ့ရာတွင် တွေ့ဆုံခဲ့သည့် ပြိုင်ဘက်ကစားသမားများနှင့် ဂျာစီလဲလှယ်မှုပြုခဲ့ခြင်းဖြစ်သည်။

သို့သော် မက်ဆီက ဘယ်ကစားသမားကိုမျှ သူ့ဘက်က ဂျာစီလဲလှယ်ရန် စတင်တောင်းဆိုခဲ့ဖူးခြင်းမရှိဘဲ သူ့ကိုဂျာစီခြင်းဖလှယ်ရန် လာရောက်ပြောကြားတဲ့ ကစားသမားများနှင့်သာ ဂျာစီအလဲအလှယ်ပြုခဲ့ကြောင်း ဆိုသည်။ မက်ဆီက "ကျွန်တော် ဘယ်သူကိုမှ ဂျာစီလဲပေးဖို့တောင်းဆိုခဲ့ဖူးခြင်းမရှိပေမယ့် ဇီဒန်းတစ်ယောက်ကိုတော့ ကျွန်တော့်ဘက်က စတင်တောင်းဆိုဖူးပါတယ်"ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။



## ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် တွေ့ဆုံမည့်ပြိုင်ဘက်ကို ဂျူဗင်တပ် အသင့်စောင့်နေပြီ

စီရီးအေကလပ် ဂျူဗင်တပ်နှင့် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းတို့ တွေ့ဆုံမှုတွင် အိမ်ရှင် ဂျူဗင်တပ်ကတိုက်စစ်မှူး မန်ဇူကစ်နဲ့ နောက်ခံလူ ဒန်နီအဲဗက်စ်တို့ရဲ့ ပထမပိုင်းသွင်းဂိုးတွေနဲ့အတူ အိမ်ကွင်းအိုးလေဒီမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြခဲ့ကာ နှစ်ကျော့ပေါင်း လေးဂိုး-တစ်ဂိုးရလဒ်နဲ့ ဗိုလ်လုပွဲဆီ တက်ရောက်သွားခဲ့ပါတယ်။ ဒါပေမယ့် ပွဲကစားချိန် ၆၉ မိနစ်မှာ မိုနာကိုတိုက်စစ်မှူး မက်ပီရဲ့ သွင်းဂိုးတစ်ဂိုးကို ခွင့်ပြုခဲ့ရလို့ ဂျူဗီရဲ့ ချန်ပီယံလိဂ် ၆၈၉ မိနစ်ကြာ ပေးဂိုးမရှိတဲ့ စံချိန်တစ်ရပ်ကတော့ ရပ်တန့်သွားခဲ့ပါတယ်။

နှစ်သင်းစလုံးကသူတို့ရဲ့ အတောင့်တင်းဆုံး လူအင်အား၊ အံ့အ၀င်ဆုံး ကစားကွက်အခင်းအကျင်းတွေနဲ့ ပွဲထွက်လာခဲ့လို့ နည်းဗျူဟာပိုင်းနဲ့ပတ်သက်ပြီး ၀ေဖန်စရာသိပ်မရှိပေမယ့် ဂျူဗီက ဗိုလ်လုပွဲတက်ရောက်နိုင်မယ်ဆိုတဲ့ ယုံကြည်မှုအပြည့်ပုံစံနဲ့ ကစားသွားခဲ့တာ၊ နှစ်သင်းကြား သမ္မာကွာဟမှုတွေက ရလဒ်ပိုင်းကို အဖြေထုတ်နိုင်ခဲ့တာလို့ ပြောလို့ရပါတယ်။ မိုနာကိုအသင်းဟာ ကွာတားဖိုင်နယ်အဆင့်မှာတုန်းက ကားအနီး ဗုံးပေါက်ကွဲခဲ့လို့ ဒေါ့မွန်အသင်းမတည်မငြိမ်ဖြစ်ခဲ့ချိန် ရင်ဆိုင်ခဲ့ရတာကြောင့် ဒီအဆင့်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်လို့ သမ္မာပိုင်းမှာတော့ ဂျူဗီကို ဘယ်လိုမှ မမီဘူးဆိုတာ သေချာပါတယ်။

ဒီပွဲရဲ့အခြားထူးခြားမှုတွေကတော့ ဂျူဗင်တပ်ဟာ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲစဉ်တွေမှာ သွင်းဂိုး ၃၀ အထိ သွင်းယူနိုင်ခဲ့တဲ့ အသင်းဖြစ်လာခြင်း၊ ဂျူဗင်တပ်ဟာ ဥရောပပြိုင်ပွဲတွေမှာ ၁၂ ပွဲဆက် ရှုံးပွဲမရှိ စံချိန်ရရှိခဲ့ခြင်း၊ တိုက်စစ်မှူး မန်ဇူကစ်အနေနဲ့ ချန်ပီယံလိဂ်သွင်းဂိုးမရရှိတဲ့ အရှည်ကြာဆုံး စံချိန်ကိုရပ်တန့်နိုင်ခဲ့ခြင်းတို့ ဖြစ်ပါတယ်။ ဒါ့အပြင် မိနစ် ၆၀၀ ကျော်ကြာပေးဂိုးမဲ့ခဲ့တဲ့ ဂျူဗီရဲ့ဂိုးပေါက်ထဲကို လူငယ်တိုက်စစ်မှူးမက်ပီက ဂျူဗီရဲ့ BBC ခံစစ်တွဲလို့ နာမည်ကြီးတဲ့ ဘာဇာဂလီ-ဘိုနူချီ-ချီလီနီတို့ကို ကျော်ဖြတ်ဂိုးသွင်းယူပြခဲ့ခြင်းဟာလည်း မက်ပီရဲ့ ဈေးကွက်လှုပ်ခတ်နေမှုကို ပိုအားကောင်းစေခဲ့သလို ဒီပွဲရဲ့ နောက်ထပ် ထူးခြားတဲ့ ၀ိသေသတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ ခုလိုနိုင်ပွဲရခဲ့တဲ့ ဂျူဗီဟာ ရီးယဲလ်(သို့မဟုတ်) အက်သလက်တီကို အသင်းတွေထဲက အနိုင်ရတဲ့အသင်းနဲ့ လာမယ့် ဇွန် ၅ ရက် ကာဒစ်ကွင်းမှာ ဗိုလ်လုပွဲနွှဲရမှာဖြစ်ပါတယ်။

## ဘွတ်ဘောလိဒ်စ်ရဲ့ ထုတ်ဖော်မှုအပြီး ပေါ့ဘာရဲ့ အပြောင်းအရွှေ့ကိစ္စရပ်အပေါ် ဖီဖာ စစ်ဆေးသွားမည်

မန်ယူကွင်းလယ်လူ ပေါ့ဘာ၏ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့မှုနောက်ကွယ်က စာချုပ်ပါ အချက်များကို ဘွတ်ဘောလိစ်ဒ်က ထုတ်ဖော်ခဲ့ပြီးနောက် ယင်းကိစ္စရပ်အပေါ် ဖီဖာမှ စစ်ဆေးသွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြခဲ့သည်။ ဖီဖာအုပ်ချုပ်ရေးအဖွဲ့က မန်ယူအသင်းသို့ "ယင်းအပြောင်းအရွှေ့ကိစ္စ ရှင်းလင်းချက်ကို ရှာဖွေသွားမည်"ဟု စာရေးသားပေးပို့ခဲ့ပြီးဖြစ်သည်။

ပေါ့ဘာ၏ အပြောင်းအရွှေ့တွင် အေးဂျင့်ဖြစ်သူ ရိုင်လိုလာက ငွေကြေးအကျိုးခံစားခွင့် ၄၁ ဒသမ ၄ သန်းအထိ ရှိနေခြင်းအပေါ် ဖီဖာက အသေးစိတ်စစ်ဆေးသွားမည်ဖြစ်သည်။ ရိုင်လိုလာမှာ မန်ယူ၊ ဂျူဗင်တပ်နှင့် ပေါ့ဘာတို့ သုံးဦးသုံးဖက်စလုံးထံမှ အကျိုးခံစားခွင့်ကိုရရှိခဲ့ခြင်းဖြစ်ပြီး ယင်းပမာဏက လူအများစု မျှော်မှန်းထားသည်ထက်ပင် လွန်စွာများပြားနေခြင်းကြောင့် ဖီဖာက ယခုကဲ့သို့ စုံစမ်းရန်ပြင်ဆင်လာခြင်းဖြစ်သည်။

ဘွတ်ဘောလိဒ်စ်မှ မထုတ်ဖော်မီပြီးခဲ့တဲ့ဆောင်းဦးပေါက်ကပင် ဂျူဗင်တပ်အလုပ်အမှုဆောင်ချုပ် မာရော့တာက "တူရင်ကို ပေါ့ဘာ ရောက်လာကတည်းက ရိုင်လိုလာက သူ့အတွက်ပါ သဘောတူညီချက် ထည့်သွင်းချုပ်ဆိုသွားခဲ့တာပါ။ ပေါ့ဘာကို ယူရိုသန်း ၉၀ နဲ့ ရောင်းရင် သူ့အတွက် ၂၀ ရာခိုင်နှုန်း၊ ဒီပမာဏထက်များရင် ရာခိုင်နှုန်းပိုများမယ်လို့ စာချုပ်ထဲမှာ ထည့်ချုပ်ခဲ့ရတာပါ"ဟု ပြောကြားခဲ့ဖူးသည်။

မေလဲ့သင်း-စုစည်းသည်

## ရီးမားကိုအိမ်ကွင်းမှာ အနိုင်ရယူဖို့ခက်ခဲနေတဲ့ အေစီမီလန်

ရှိုင်း
မင်း
မင်း

**စီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၃၆ ကိုလာမယ့်မေလ ၁၃၊ ၁၄၊ ၁၅ ရက် နေ့တွေမှာကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဖီအိုရင်တီနားနဲ့ လာဇီယို၊ ရိုးမားနဲ့ ဂျူဗင်တပ်တို့ထိပ်တိုက်ဆုံတွေ့နေတဲ့ပွဲတွေ ပါ၀င်နေတာကြောင့် စိတ်၀င်စားဖို့ကောင်းနေကာ ဂျူဗင်တပ်တို့နိုင်ပွဲပြန်ရမလားစောင့်ကြည့်ရမယ်။**

### ဖီအိုရင်တီနာ - လာဇီယို ည ၁၀း၃၀ (၁၃-၅-၁၇)

ဖီအိုရင်တီနာဟာ စီးရီးအေအိမ်ကွင်းပွဲတွေမှာ ရှုံးပွဲတစ်ပွဲသာရှိသလိုနောက်ဆုံး အိမ်ကွင်းပွဲမှာလည်း အင်တာမီလန်ကို အနိုင်ယူနိုင်ခဲ့ တယ်။ ဒါပေမယ့် နောက်ပိုင်းပွဲတွေမှာ ဖီအိုရင်တီနာရဲ့ တိုက်စစ်ပိုင်းတည်ငြိမ်မှုအနည်းငယ်အားနည်းနေတာကိုသတိပြုရမယ်။ လာဇီယိုက နောက်ဆုံးအ၀េးကွင်းပွဲမှာ ရိုးမားကိုအနိုင်ယူနိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်းအသာစီး ရရှိမှုမရှိခဲ့ဘူး။ ဒါပေမယ့် ဂိုးသွင်းခြေ ပိုမိုကောင်းမွန်တဲ့ လာဇီယိုတောင်အနိုင်ရသွားနိုင်တယ်။

### အတ္တလန္တာ - မီလန် နံနက် ၁း၁၅ (၁၄-၅-၁၇)

အတ္တလန္တာက ဥရောပပြိုင်ပွဲ၀င်ခွင့်ရရှိဖို့အားစိုက်နေပြီး စီးရီးအေအိမ်ကွင်း ကိုးပွဲဆက် ရှုံးပွဲမရှိခဲ့သလို နောက်ဆုံးအိမ်ကွင်းပွဲမှာ ဂျူဗင်တပ်ကိုတောင်သရေကစားနိုင်ခဲ့တယ်။ ဒါပေမယ့် အတ္တလန္တာရဲ့ ခံစစ်က အနည်းငယ် အားနည်းမှုရှိနေတယ်။ အေစီမီလန်က နောက်ဆုံးအ၀ေးကွင်းပွဲမှာ ခရိုတိုနီကိုသရေသာကစားနိုင်ခဲ့တာမို့ နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် တိုက်စစ်ပိုင်းအားနည်းမှုရှိတယ်။ အတ္တလန္တာပဲ နိုင်ပွဲရသွားနိုင်တယ်။

### အင်တာ - ဆာစူအိုလို ညနေ ၅း၀၀ (၁၄-၅-၁၇)

အင်တာမီလန်က နောက်ဆုံးအိမ်ကွင်းပွဲမှာနာ ပိုလီကိုအရေးနိမ့်ရတယ်ဆိုပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်မှုရှိတယ်။ ဒါပေမယ့်နောက်ပိုင်းအိမ်ကွင်းပွဲတွေမှာ တိုက်စစ်တည်ငြိမ်မှု အားနည်းနေတယ်။ ဆာစူအိုလိုအသင်းက နောက်ဆုံးကစားခဲ့တဲ့ အ၀ေးကွင်းပွဲ ၇ ပွဲမှာ ရိုးမားတစ်သင်းကိုသာ အရေးနိမ့်ခဲ့ပြီး ကျန်ပွဲတွေမှာ ရလဒ်ကောင်းတွေရယူနိုင်ခဲ့တယ်။ ဆာစူအိုလိုရဲ့ရှန်းအားကြောင့် သရေကျသွားနိုင်တယ်။

### ကယ်ဂလီယာ - အမ်ပိုလီ ည ၇း၃၀ (၁၄-၅-၁၇)

ကယ်ဂလီယာရီက နောက်ဆုံးအိမ်ကွင်းနှစ်ပွဲဆက်နိုင်ပွဲရထားသလို ပေးဂိုးလည်းမရှိခဲ့ဘူး။ ဒါပေမယ့် တိုက်စစ်ကတော့စွမ်းဆောင်ရည်တည်ငြိမ်မှုအားနည်းတတ်တာကိုသတိပြုရမယ်။ အမ်ပိုလီက တန်းမဆင်းရရေးအတွက် အားစိုက်နေပြီးနောက်ဆုံး အ၀ေးကွင်းနှစ်ပွဲမှာ ဖီအိုရင်တီနာ၊ အေစီမီလန်တို့ကိုတောင်အနိုင်ရယူနိုင်ခဲ့တယ်။ အ၀ေးကွင်းမှာ အမ်ပိုလီရှန်းကန်ရမှာ ဖြစ်ပေမယ့် တစ်ဂိုးအသာနဲ့ နိုင်ပွဲရနိုင်တယ်။

### ဆမ်ဒိုးရီးယား - ချီယေဗို ည ၇း၃၀ (၁၄-၅-၁၇)

ဆမ်ဒိုးရီးယားအသင်းကအိမ်ကွင်းမှာအသင်းလိုက်ကစားပုံမဆိုးပေမယ့် တိုက်စစ်နဲ့ခံစစ်ပိုင်း အားနည်းမှုရှိနေတာကြောင့် နောက်ဆုံးအိမ်ကွင်းပွဲမှာ ခရိုတိုနီကိုတောင်အရေးနိမ့်ခဲ့ရတယ်။ ချီယေဗိုက နောက်ဆုံးအ၀ေးကွင်းပွဲမှာဂျီနိုအာကိုအနိုင်ရခဲ့ပေမယ့် အ၀ေးကွင်း မှာရှန်းကန်ရတတ်တဲ့အသင်းမို့ ဆမ်ဒိုးရီးယားကို ခက်ခက်ခဲခဲ ရင်ဆိုင်ရမှာပါ။ ဆမ်ဒိုးရီးယားပဲ နိုင်ပွဲရနိုင်တယ်။

### တိုရီနို - နာပိုလီ ည ၇း၃၀ (၁၄-၅-၁၇)

တိုရီနိုကအိမ်ကွင်းမှာ ရှန်းအားကောင်းပေမယ့်နောက်ပိုင်းအိမ်ကွင်းပွဲတွေမှာ ဘာလော့တီဦးဆောင်တဲ့ တိုက်စစ်ကဂိုးသွင်းခြေ အနည်းငယ်အားနည်းနေတယ်။ နာပိုလီကတော့အ၀ေးကွင်းမှာ စွမ်းဆောင်ရည်ကောင်းမွန်မှုရှိပြီး နောက်ဆုံးအ၀ေးကွင်းပွဲမှာ အင်တာမီလန်ကိုတောင် အနိုင်ယူနိုင်ခဲ့တယ်။ ဒါ့အပြင် နာပိုလီဟာချန်ပီယံလိဂ်တိုက်ရိုက်၀င်ခွင့်ရယူနိုင်ဖို့အတွက်လည်း ရိုးမားနဲ့အားပြိုင်နေရတာကြောင့် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါကြောင့်လည်းဒီပွဲစဉ်မှာ နာပိုလီပဲ အနိုင်ရဖို့ရှိပါတယ်။

### ဘိုလော့နာ - ပက်စ်ကာရာ ည ၇း၃၀ (၁၄-၅-၁၇)

ဘိုလော့နာရဲ့ခြေစွမ်းမတည်ငြိမ်ဘူးဆိုပေမယ့်နောက်ပိုင်း အိမ်ကွင်းပွဲတွေမှာ စွမ်းဆောင်ရည်ကောင်းမွန်နေပြီး အဓိကတိုက်စစ်မှူး ဒက်စထရိုလည်း ဂိုးသွင်းခြေရနေတယ်။ အမှတ်ပေးဇယား အောက်ဆုံးမှာသာရပ်တည်နေရတဲ့ ပက်စ်ကာရာကတော့ အ၀ေးကွင်းပွဲတွေမှာရှန်းကန်ရတတ်တာကြောင့် အ၀ေးကွင်းနိုင်ပွဲတစ်ပွဲသာ ရရှိထားသေးတယ်။ ဘိုလော့နာကသာ အနိုင်ရမှာပါ။

### ခရိုတိုနီ - အူဒီးနီးစ် ည ၇း၃၀ (၁၄-၅-၁၇)

ခရိုတိုနီဟာနောက်ပိုင်းပွဲတွေမှာ စွမ်းဆောင်ရည်ကောင်းမွန်မှုရှိနေပြီး နောက်ဆုံးအိမ်ကွင်းနှစ်ပွဲမှာ အင်တာမီလန်ကို အနိုင်၊ အေစီမီလန်ကိုသရေကစားနိုင်ခဲ့တယ်။ အသင်းလိုက်ခြေစွမ်းအားနည်းပေမယ့် တိုက်စစ်စွမ်းဆောင်ရည် မဆိုးဘူး။ အူဒီးနီးစ်ကတော့ အ၀ေးကွင်း မှာရှန်းကန်ရတတ်တဲ့အသင်းမို့ နောက်ပိုင်းပွဲတွေမှာ ရှန်းအား မဆိုးတဲ့ ခရိုတိုနီကိုပွဲချိန်ပြည့်ဖိအားပေးနိုင်ဖို့ ခက်တယ်။ အူဒီးနီးစ်ရဲ့ တိုက်စစ်ကလည်း နောက်ဆုံးအ၀ေးကွင်းနှစ်ပွဲဆက် ဂိုးသွင်းယူနိုင်မှု မရှိခဲ့ဘူး။ ခရိုတိုနီကပ်နိုင်သွားဖို့များတယ်။

### ရိုးမား - ဂျူဗင်တပ် နံနက် ၁း၁၅ (၁၅-၅-၁၇)

ရိုးမားက နောက်ဆုံးအိမ်ကွင်းပွဲ နှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့ခြင်းမရှိသလို နောက်ဆုံးအိမ်ကွင်းပွဲမှာဆိုရင်လာဇီယိုရဲ့သုံးဂိုးသွင်းယူခြင်းကို တောင်ခံခဲ့ရတယ်။ စီးရီးအေအမှတ်ပေးဇယားကိုဦးဆောင်နေတဲ့ ဂျူဗင်တပ်က ဒီပွဲမတိုင်ခင် မိုနာကိုအသင်းနဲ့ ချန်ပီယံလိဂ်ပွဲကစားခဲ့ရပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်မှုရှိသလို ဂိုးသွင်းခြေလည်းရှိတယ်။ ဂျူဗင်တပ်အနေနဲ့ ဒီပွဲအနိုင်ရလိုက်တာနဲ့ချန်ပီယံဖြစ်ဖို့ သေချာသွားမှာဖြစ်တာကြောင့် အိမ်ကွင်းမှာအားစိုက်လာဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဂျူဗင်တပ်ကသာနိုင်ပွဲရသွားမှာပါ။

# နွေရာသီအပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ဘယ်လိုကာကွယ်သွားကြမလဲ

armifomif;pif(wref[mif;

မြန်မာနိုင်ငံသည် အီကွေတာရပ်ဝန်းတွင်တည်ရှိနေသောကြောင့် ပူပြင်းခြောက်သွေ့သောရာသီဥတုမျိုးကို သာကြုံတွေ့ရသည်။ ထို့အပြင်ကမ္ဘာကြီးပူးနွေးလာသောကြောင့်လည်း နွေရာသီအပူချိန်သည် နှစ်စဉ် မြင့်တက်လျက်ရှိသည်။ ၂၀၁၇ ခုနှစ်တွင် ဧပြီလဆန်းကတည်းက မြန်မာနိုင်ငံ၏ အချို့သောဒေသများ၌ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်နေပြီဖြစ်သည်။ မိုးလေဝသ ပညာရှင် ဒေါက်တာထွန်းလွင်ကလည်း အပူအန္တရာယ် ကာကွယ်ရေးကို စေတနာဖြင့် နှိုးဆော်နေပြီဖြစ်သည်။

ပြင်းထန်လှသောအပူဒဏ်ကို အံတုနိုင်ရန်အတွက် ရေစိမ်ချိုးခြင်း၊ရေခဲရေသောက်ခြင်း၊ အဲကွန်း၊ ပန်ကာလေခံခြင်း၊ အကျီချွတ်ထားခြင်းစသည့် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသောပြုမူနေထိုင်မှုများကို လူတိုင်းနီးပါးပြုမူလာကြသည်။ အထူးသဖြင့်ညဘက်တွင် အပူချိန်ကြောင့်နှစ်ခြိုက်စွာအိပ်မရသဖြင့် ဖျာ၊ သင်ဖြူများအား ရေဆွတ်ခြင်း၊ အိပ်ရာခင်းများအားရေဆွတ်ခြင်းများ ပြုလုပ်လာကြသည်။ နေ့ခင်းဘက်တွင်းလည်း အချို့သော အလုပ်ကြမ်းသမားများသည် ပုဆိုး၊ တံဘက်များကိုရေဆွတ်ခြုံပြီးအလုပ်လုပ်နေကြသည်ကို တွေ့ရသည်။ ကျန်းမာရေးအတွက် လွန်စွာအန္တရာယ်ရှိသော လုပ်ရပ်များဖြစ်ပေသည်။ အခိုက်အတန့်သာ အပူသက်သာသော်လည်းရေရှည်တွင် ကျန်းမာရေးအတွက် ဆိုးကျိုးများစွာဖြစ်ပေါ်စေနိုင်သည်။

### ခြင်ထောင်ဖြင့်အိပ်သင့်

စာရေးသူသည်ငယ်စဉ်က အပူချိန်ပြင်းထန်လှသော ကယားပြည်နယ်ရှိ ဘော်လခဲမြို့လေးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ ထိုမြို့သည်ကျောက်တောင်များဝိုင်းရံထားသည့် မြေနိမ့်လွင်ပြင်တွင်တည်ရှိနေသောကြောင့် နွေရာသီတွင် သဘာဝလေမရဘဲလွန်စွာပူပြင်းလှပါသည်။ ပူပြင်းလှသဖြင့် နံနက် ၇ နာရီ လောက်ကတည်းက အပေါ်အကျီချွတ်ချင်ပါသည်။ ဒေသခံများမှလွဲ၍ဝန်ထမ်းအများစုသည် အကျီချွတ်ထားကြသည်ကိုတွေ့ရပါသည်။ ညဘက်တွင်လည်း ပူပြင်းလှသဖြင့် ခြင်ထောင်မထောင်ဘဲ အိပ်လေ့ရှိကြသည်။ အကျိုးဆက်အနေဖြင့် ငှက်ဖျားပိုး သယ်ဆောင်လာသောခြင်များ အကိုက်ခံရသောကြောင့် ငှက်ဖျားရောဂါခံစားကြရသည်။ ငှက်ဖျားရောဂါဖြင့် သေဆုံးသွားသူ လုပ်ဖော်ကိုင်ဖက်အချို့ကိုလည်း ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် မည်သည့်ဒေသတွင်နေထိုင်သည်ဖြစ်စေ နွေရာသီ၌ ခြင်ထောင်ဖြင့်သာအိပ်သင့်ပါသည်။

ပူပြင်းလှသောနေ့ခင်းဘက်များတွင် တတ်နိုင်ပါက ရေခဲရေသောက်သည့်အလေ့အထကို ရှောင်သင့်ပါသည်။ ရေခဲရေသည် အဝင်အေးသော်လည်းဝမ်းတွင်းရောက်ပါက အပူကိုသာအားပေးစေပါသည်။ ရေခဲရေသည် "သောက်လေသောက်လေငတ်မပြေ" ဆိုသလို ထပ်ခါထပ်ခါသောက်နေခြင်ပါသည်။ တတ်နိုင်ပါက ရေနွေးကြမ်းသောက်သင့်ပါသည်။ ရေနွေးကြမ်းသည် မကြာခဏရေဆာနေသည့်ဆန္ဒကိုပြေပျောက်စေပါသည်။ ငယ်စဉ်က အညာနွေကိုဖြတ်သန်းရာတွင် နေ့ခင်းဘက်၌ ထန်းလျက်ခဲအနည်းငယ်ကိုက်ပြီး ရေနွေးကြမ်းပူပူလေးကို သောက်ထားရသည်။ ထိုသို့ရေနွေးကြမ်းသောက်ထားမည်ဆိုလျှင် ရေဆာလောင်နေမှုဆန္ဒကို ပြေပျောက်စေသည့်အပြင် ပြင်းထန်လှသော အပူဒဏ်ကိုပါ မေ့လျော့စေနိုင်ပါသည်။

### အိမ်ဘေးပတ်လည်ရေဖျန်း

နွေရာသီတွင် နေ့ခင်းဘက်၌အပူဒဏ်ခံနိုင်ပြီး ကျန်းမာစွာနေထိုင်နေရန်အတွက် နံနက်စောစောကတည်းက အိမ်အောက်ကိုရေဖျန်းထားသင့်ပါသည်။ တတ်နိုင်ပါကအိမ်ဘေးပတ်လည်ကိုလည်း ရေဖျန်းထားသင့်ပါသည်။ ထိုသို့ရေဖျန်းထားလျှင်နေ့ခင်းဘက်အပူအချိန်ကိုအထိုက်အလျောက် သက်သာစေပါသည်။ ညဘက်တွင် နှစ်ခြိုက်စွာအိပ်စက်နိုင်ရေးအတွက် အိပ်ရာမဝင်မီရေချိုးခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများပြုလုပ်ပြီး လေဝင်၊ လေထွက်ကောင်းစေရန်တံခါးအားလုံးကို ဖွင့်ထားရန်လိုအပ်ပါသည်။ အထူးသဖြင့် ခြင်ထောင်အိပ်ဖို့ရန် မမေ့သင့်ပေ။ ရေရှားပါးသောဒေသများတွင် ရေဖတ်တိုက်ပြီးမှ အိပ်ရာဝင်သင့်ပေသည်။ သနပ်ခါးထူထူလိမ်းထားခြင်းသည်လည်း အပူဒဏ်ခံနိုင်ပြီး အအေးဓာတ်ရစေပါသည်။ အထူးသဖြင့် နေအိမ်ခြံဝင်းပတ်ပတ်လည်တွင် အရိပ်ရလေကာနေကာအပင်များကို စိုက်ထားမည်ဆိုလျှင် နွေရာသီအပူဒဏ်ကို အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။

နွေရာသီတွင် ပြင်းထန်အပူချိန်ကြောင့် Heatstroke ဖြစ်တတ်ပါသည်။ ထိုသို့ဖြစ်ပွားလျှင် ရှေးဦးသူနာပြုစုနည်းအတိုင်း အပူသက်သာစေရန် ဆောင်ရွက်ပေးပြီး နီးစပ်ရာ ဆေးခန်း၊ဆေးရုံသို့သွားရန် လိုအပ်ပါသည်။ အထူးသဖြင့်သက်ကြီးရွယ်အိုများတွင် Heatstroke ဖြစ်တတ်သဖြင့်ဂရုစိုက်သင့်ပါသည်။ ကလေးများတွင်လည်း ချွေးမှုတစ်ဆင့် မိတ်ဖုကဲ့သို့သော အနီအပိန့်များထွက်လာပြီး အဖျားတက်သည်အထိ ဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပြီး ကလေးငယ်များကို မြန်မာသနပ်ခါးများလိမ်းပေးထားမည်ဆိုလျှင် အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။

### ဦးနှောက်သွေးကြောပြတ်နိုင်

နွေရာသီတွင် အပူချိန်ပြင်းထန်လှသဖြင့် အရက်၊ ဘီယာသောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်သင့်သည်။ အယ်လ်ကိုဟောနှင့် ပြင်းထန်သောအပူချိန်တို့ ပေါင်းစပ်လိုက်လျှင် ဦးနှောက်သွေးကြောပြတ်သည့်အဆင့်သို့ ပင်ရောက်သွားနိုင်ပါသည်။ တတ်နိုင်ပါက ဆေးလိပ်ကိုလည်း ရှောင်ရှားသွားသင့်သည်။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးအပြင် မီးဘေးအန္တရာယ်ပါစိုးရိမ်ရသဖြင့် အထူးသဖြင့် နွေရာသီတွင် ဆေးလိပ်သောက်သည့်အလေ့အထကို ရှောင်ရှားပြုမူသွားသင့်သည်။

နွေရာသီနေ့ခင်းဘက်တွင် နေအပူချိန်အောက်၌ လုပ်ကိုင်ကြရသူများသည် ပူလောင်မှုနှင့် ဆာလောင်မှုဒဏ်ကိုအခိုက်အတန့်ပြေပျောက်စေရန် ရေခဲရေသောက်ခြင်း၊ ရေခဲထုပ်၊ရေခဲချောင်းများစားခြင်း၊ လက်လုပ်အချဉ် (သရက်သီး၊ဂွေးသီး)များနှင့် အသုပ်မျိုးစုံတို့ကိုစားလေ့ရှိကြသည်။ ထိုသို့ပြုမူခြင်းသည် ကျန်းမာရေးကိုများစွာ ထိခိုက်စေသည်။ နွေရာသီတွင် သောက်ရေအတွက်ညဘက်ကတည်းက သဲအိုးထဲတွင်ရေထည့်ထားသင့်သည်။ ထိုသို့ထည့်ထားလျှင် သဲအိုးထဲရှိ ရေသည်နေ့ခင်းဘက်တွင် ရေခဲရေကဲ့သို့ပင်အေးစိမ့်ပြီး ကျန်းမာရေးနှင့်လည်း ကိုက်ညီမှုရှိသည်။

### သစ်ရိပ်၊ ဝါးရိပ်

နွေရာသီအပူဒဏ်ကို အံတုနိုင်ရန်သည် သဘာဝက ပေးထားသော သစ်ရိပ်၊ ဝါးရိပ်များသာလျှင် အကောင်းဆုံးဖြစ်သည်။ မိမိအိမ်ပတ်ဝန်းကျင်တွင် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးထားမည်ဆိုလျှင် နွေရာသီအပူဒဏ်ကို အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။ တောခလေ့ ထန်းရွက်နှင့် သက်ငယ်တဲများသည် အပူဒဏ်ခံနိုင်သောအဆောက်အအုံများပင်ဖြစ်သည်။ တတ်နိုင်ပါက သက်ကြီးရွယ်အိုများနှင့် ကလေးများအတွက် ယာယီအပူရှောင်တဲများ ဆောက်လုပ်ပေးထားသင့်ပေသည်။ "နွေထနောင်း၊ ဆောင်းမန်ကျည်း" ဆိုသလို တစ်ပင်လုံးစိမ်းနေသောထနောင်းပင်သည် နွေရာသီအပူဒဏ်ကာကွယ်ပေးသော သဘာဝဆေးတစ်မျိုးပင်ဖြစ်သည်။

နွေရာသီတွင်အပူချိန်မြင့်တာလာမှုနှင့်အတူ နေရောင်ခြည်အတွင်းခရမ်းလွန်ရောင်ခြည် (Ultraviolet-UV) ပါဝင်မှုနှုန်းလည်း တစ်စတစ်စမြင့်တက်လာလေ့ရှိသည်။ ထိုခရမ်းလွန်ရောင်ခြည်သည် လူသားတို့၏ ခန္ဓာကိုယ်ပေါ်သို့ တိုက်ရိုက်ထိတွေ့ကျရောက်ပါက ကျန်းမာရေးထိခိုက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကို ကြိုတင်ကာကွယ်သွားသင့်ပါသည်။

ခရမ်းလွန်ရောင်ခြည်ကို ၁၈၀၁ ခုနှစ်တွင် ဂျာမနီ ရူပဗေဒပညာရှင်တစ်ဦးက စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် အီလက်ထရောနစ်ရောင်ခြည်တန်းတစ်ခုဖြစ်သည်။ ထိုရောင်ခြည်သည် သာမန်လူသားတို့၏ မျက်စေ့ဖြင့် မြင်နိုင်သောအလင်းရောင်ထက်အလျားတိုပြီး X-rays ရောင်းခြည်တန်းထက် ပိုမိုရှည်လျားသည်။ နေရောင်ခြည်မှဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည်အား ရောင်ခြည်ဖြာထွက်မှု အလျားကိုအခြေခံလျက် UV-a၊ UV-b နှင့် UV-c ဟူ၍ သုံးမျိုးခွဲခြားထားရှိသည်။ ၎င်းရောင်ခြည် သုံးမျိုးအနက် UV-b သည် လူသားတို့အပေါ်သို့ ဆိုးကျိုးသက်ရောက်မှုအများဆုံးဖြစ်ပေါ်စေသည့် ရောင်ခြည်တန်းဖြစ်သည်။ ထိုရောင်ခြည် တိုက်ရိုက်ထိတွေ့ခံစားရပါက အရေပြားကင်ဆာဖြစ်ပွားနိုင်သည်။ ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကို အိုဇုန်းလွှာမှ ကာကွယ်ပေးနိုင်သော်လည်း လူသားတို့ကိုယ်တိုင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှုမရှိအောင် ကြိုတင်ကာကွယ် ဆင်ခြင်နေထိုင်သွားသင့်ပါသည်။

### ခရမ်းလွန်ရောင်ခြည်လွန်ကဲ

လူ့ခန္ဓာကိုယ်ပေါ်သို့ ခရမ်းလွန်ရောင်ခြည်လွန်ကဲစွာ ထိတွေ့ကျရောက်ပါက အသားအရေနှင့် မျက်စိတို့ကို ထိခိုက်ခြင်း၊ နေလောင်ခြင်းဒဏ်မှသည် နောက်ဆုံးတွင် အရေပြာကင်ဆာအထိပါဖြစ်ပွားလာနိုင်ပါသည်။ အရေပြားပေါ်သို့ ခရမ်းလွန်ရောင်ခြည် လွန်ကဲစွာထိတွေ့ကျရောက်ပါက နေလောင်ခြင်းဒဏ်ခံစားရလေ့ရှိသည်။ နေလောင်မှုကြောင့် အရေပြားသည် နှစ်နာရီမှခြောက်နာရီအတွင်း အနီရောင်သန်းလာပါသည်။ ထို့နောက် တစ်ရက်မှသုံးရက်အတွင်း ရောဂါခံစားရမှု ပိုမိုပြင်းထန်လာပါသည်။

ခရမ်းလွန်ရောင်ခြည်ကျရောက်မှု ပိုမိုများလေလေ နေလောင်ဒဏ် ပိုမိုပြင်းထန်လာလေလေပင်ဖြစ်သည်။ အသားရေချောမွေ့ပြီး အဖြူရောင်သန်းသူများသည် အသားမဲသူများထက်နေလောင်ဒဏ်ပို၍ခံစားရသည်။ အသားအရေချောမွေ့သူများသည် နေရောင်ခြည်နှင့် ၁၁ မိနစ်ခန့်ထိတွေ့ရုံမျှဖြင့် နေလောင်ဒဏ် ခံစားရနိုင်ပါသည်။ နေလောင်ဒဏ်ခံစားရသူများသည် နဂိုမူလ အသားအရေအတိုင်း ပြန်မဖြစ်နိုင်သည့်အပြင် နောက်ပိုင်းတွင် အရေပြားကင်ဆာအထိပါ ခံစားရနိုင်ပါသည်။ သက်ရှင်နေထိုင်စဉ်ကာလအတွင်း ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုများလေလေ အရေပြားကင်ဆာရောဂါဖြစ်နိုင်ခြေပိုများလေလေပင်ဖြစ်သည်။ ထို့အပြင် မျက်လုံးရောင်ရမ်းခြင်း၊ အမြင်မှုန်ဝါးခြင်း၊ အရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ အသားအရေပေါ်တွင်အစက်အပြောက်များဖြစ်ပေါ်ခြင်း၊ အသားအရေများ ကြမ်းတမ်းမာကျောလာခြင်းတို့ကိုပါ ဖြစ်ပေါ်ခံစားရပါသည်။

### ကြိုတင်ကာကွယ်

နေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းမြင့်မားလာပါက ကြိုတင်ကာကွယ်သွားသင့်ပါသည်။ ထိုသို့ကာကွယ်ရာတွင် UV ကာကွယ်သည့် ခရင်(မ်)များလိမ်းခြင်း၊ နေကာမျက်မှန်တပ်ခြင်း၊ ချောင်ချိသော အဝတ်အစားများဝတ်ဆင်ခြင်း၊ နေလောင်ဒဏ်ကာကွယ်မှုပေးသည့် ထီး၊ဦးထုပ်များဆောင်းခြင်း၊ အရိပ်အောက်တွင် နေထိုင်ခြင်းနှင့် ပူပြင်းသည့် နေရောင်ခြည်အောက်တွင်သွားလာခြင်းမှ တတ်နိုင်သမျှ ရှောင်ရှားခြင်းများ ပြုလုပ်သွားသင့်ပါသည်။ အထူးသဖြင့် နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည် ပါဝင်မှုနှုန်းသည် မွန်းတည့်ချိန်တွင် အများဆုံးဖြစ်သည်။ တတ်နိုင်ပါက နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီ အချိန်အတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှုမခံရအောင်ရှောင်ရှားသွားသင့်ပါသည်။

ထိုအချိန်မျိုးတွင် မဖြစ်မနေသွားလာရမည်ဆိုပါကလည်း နေရောင်ခြည်ကာကွယ်ပေးနိုင်သည့် ခရင်(မ်) များလိမ်းခြင်း၊နေကာမျက်မှန်၊ ထီးနှင့်ဦးထုပ်များယူဆောင်သွားသင့်ပါသည်။ ကလေးများသည် လူကြီးများထက် နေရောင်ခြည်နှင့်ထိတွေ့မှုအချိန်ပိုများသဖြင့် နေကာမျက်မှန်နှင့်အကျီလက်ရှည်၊ ဘောင်းဘီရှည်တို့ ဝတ်ဆင်ထားကြရန် ကြပ်မတ်ပေးသင့်ပါသည်။ အရောင်ရင့်သည့် အဝတ်အထည်များသည် အရောင်ဖျော့သည့် အဝတ်အထည်များထက် နေလောင်မှုဒဏ်ကို ပိုမိုကာကွယ်ပေးနိုင်သည်။

အောက်ခြေလူတန်းစားများသည် စား၊ ဝတ်၊ နေရေးအတွက် နေ့စဉ် မလွှဲမရှောင်သာ ရုန်းကန်လှုပ်ရှားနေရမည်သာဖြစ်သည်။ ထိုသို့လုပ်ငန်းခွင်ဝင်ရာတွင်လည်း ပူးပြင်းသောနေရောင်အောက်၌သာ အများဆုံးလုပ်ကိုင်ကြရသဖြင့် ခရမ်းလွန်ရောင်ခြည်သင့်မှုအန္တရာယ်သည် ရှောင်လွှဲ၍မရသော ခြိမ်းခြောက်မှုကြီးပင်ဖြစ်နေသည်။ ထိုခရမ်းလွန်ရောင်ခြည်ကို တတ်နိုင်သမျှ ရှောင်ရှားသွားရန်သည် နေ့စဉ်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တတ်နိုင်ပါက နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအချိန်အတွင်း လုပ်ကိုင်ဆောင်ရွက်ခြင်းကိုရှောင်ရှားသွားသင့်ပါသည်။ ထိုသို့မရှောင်နိုင်ပါကလည်း ခရမ်းလွန်ရောင်ခြည် အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်တပ်ခြင်း၊ အကျီလက်ရှည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်လျက် လုပ်ငန်းခွင်ဝင်သင့်ပါသည်။

### အစွန်းရောက် ရာသီဥတုကြုံတွေ့

နည်းပညာများ အံ့မခန်းတိုးတက်လာသော ကမ္ဘာကြီးတွင် အစွန်းရောက်ရာသီဥတုကို ကျွန်ုပ်တို့ လူသားများ ကြုံတွေ့ခံစားလာရပြီဖြစ်သည်။ သစ်ပင်များကို လွန်ကဲစွာ ခုတ်လှဲခြင်း၊ မြစ်၊ ချောင်း၊ ပင်လယ်၊ သမုဒ္ဒရာထဲသို့ ဓာတုအဆိပ်အတောက်ပစ္စည်းများ စွန့်ပစ်ခြင်း၊ မြေပေါ်မြေအောက်အပါအဝင် အာကာသထဲသို့ပင် နျူးကလီးယား လက်နက်များ ပစ်ခတ်စမ်းသပ်ခြင်း စသည့်လူသားတို့၏အတ္တပယောဂများကြောင့် ကမ္ဘာကြီးသည် တစ်နေ့တခြား ကျန်းမာရေးချူချာလာနေပြီဖြစ်သည်။ နွေရာသီတွင် အပူလှိုင်းဖြတ်ခြင်း၊ မိုးရာသီတွင် မိုးခေါင်ခြင်း၊မိုးသည်းထန်ခြင်း၊ ဆောင်းရာသီတွင် အအေးလှိုင်းဖြတ်ခြင်းစသည့်အစွန်းရောက် ရာသီဥတုများကို ဆက်တိုက်ကြုံတွေ့လာကြရပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးအချိန်မီပြုပြင်သွားကြရန် အရေးတကြီး လိုအပ်နေပြီဖြစ်သည်။

ခြုံ၍ဆိုရလျှင် "အသက်ကိုဉာဏ်စောင့် ဥစ္စာကိုကံစောင့်" ဆိုသလို နွေရာသီအပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်အောက်တွင် ကျန်းမာစွာဖြတ်သန်းနိုင်ရေးအတွက် နေထိုင်မှုပုံစံများမှန်ကန်ဖို့လိုပါသည်။ လူသားတို့သည် အနာဂတ်ကာလတွင် အစွန်းရောက်ရာသီဥတုကို ဆက်တိုက်ကြုံတွေ့လာရတော့မည်ဖြစ်သည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုအပ်သည်။ အထူးသဖြင့် ယခုလိုပူပြင်းလှသော နွေရာသီတွင် အပူဒဏ်ခံနိုင်ရန်အတွက် သဘာဝနည်းကိုသာအသုံးပြုသင့်သည်။

### ဆင်ခြင်နေထိုင်သင့်

ဆိုလိုသည်မှာ သဘာဝကျကျ နေထိုင်သွားမည်ဆိုလျှင် အပူဒဏ်ကို လွယ်ကူစွာ ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲခေတ်မီ အီလက်ထရောနစ်ပစ္စည်းများ၊ သဘာဝလွန် အစားအသောက်များကိုသာ အသုံးပြုမှီဝဲသွားမည်ဆိုလျှင် ရေရှည်တွင် ကျန်းမာရေးကိုများစွာ ထိခိုက်စေနိုင်ပါသည်။ ထို့အပြင် နွေရာသီတွင်နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်းသည်လည်း နှစ်စဉ်မြင့်တက်လာလျက်ရှိသည်။ လူကိုအန္တရာယ်ဖြစ်စေနိုင်သော ထိုခရမ်းလွန်ရောင်ခြည်ကို တတ်နိုင်သမျှကြိုတင်ကာကွယ်သွားသင့်ပါသည်။ ထိုသို့ကြိုတင် ကာကွယ်ဆင်ခြင်နေထိုင်ခြင်းမရှိပါက မျက်လုံးရောင်ရမ်းခြင်းနှင့်နေလောင်ဒဏ်တို့ကိုခံစားရပြီး နောက်ဆုံးတွင် အရေပြားကင်ဆာရောဂါအဆင့်အထိ ပြင်းထန်စွာခံစားရမည်ဖြစ်သည်။

ထို့ကြောင့်နွေရာသီတွင် အပူဒဏ်နှင့်ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကိုကာကွယ်နိုင်ရေးအတွက် အပူချိန်မြင့်မားသည့် မွန်တည့်ချိန်များတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့မှုကို တတ်နိုင်သမျှရှောင်ရှားသွားသင့်ပါသည်။ ထိုနေရောင်ခြည်အောက်သို့မဖြစ်မနေသွားလာရမည်ဆိုပါကလည်း နေကာမျက်မှန်နှင့်လုံခြုံသော အဝတ်အစားများကိုသာ ဝတ်ဆင်သွားလာသင့်ပါကြောင်း အကြံပြုတိုက်တွန်းရေးသား တင်ပြအပ်ပါသည်။ ။

# ကဆုန်လပြည့်ညောင်ရေသွန်းပွဲတော်နှင့် (၂၃) ကြိမ်မြောက် မုံရွာဗုဒ္ဓမြတ်စွယ်တော် ဗုဒ္ဓပူဇနိယပွဲတော် မုံရွာဆုတောင်းပြည့်ဘုရားကြီးတွင်ကျင်းပ

**မုံရွာ မေ ၁၀**
ကဆုန်လပြည့်နေ့ (၂၃) ကြိမ်မြောက် ဗောဓိညောင်ရေတော်သွန်းလောင်းပွဲနှင့်အတူ စွယ်တော်တိုက်အတွင်း ကိန်းဝပ်စံပျော်တော်မူသော မုံရွာဗုဒ္ဓမြတ်စွယ်တော် (၂၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို မုံရွာမြို့ဆုတောင်းပြည့်ဘုရားကြီးအတွင်းကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်မြင့်နိုင်နှင့်ဇနီး၊ ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဝတ်ရွတ်စဉ်အသင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဘုရားဖူးလာသူများ တက်ရောက်ကြသည်။

ကဆုန်လပြည့်ဗုဒ္ဓနေ့သည် ဘုရားအလောင်းတော်ဖွားမြင်တော်မူသောနေ့၊ ဘုရားအဖြစ်သို့ရောက်တော်မူသောနေ့၊ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူသောနေ့များဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ်သတ်မှတ်၍ ကုသိုလ်ကောင်းမှုများပြုလုပ်ကြလျက်ရှိရာ မုံရွာမြို့နှင့်ဝန်းကျင်တွင် ညောင်ရေသွန်းလောင်းပွဲများ၊ စတုဒိသာကုသိုလ်ပြုသူများ၊ ရေအလှူပြုသူများ၊ ဘေးမဲ့ကုသိုလ်ပြုသူများ စသည်ဖြင့်ကုသိုလ်ပြုမှုအမျိုးမျိုးဖြင့် နံနက်အရုဏ်တက်မှစတင်ကာ ဆောင်ရွက်လျက်ရှိကြသည်ကိုတွေ့ရသည်။

အိန္ဒိယနိုင်ငံမှပင့်ဆောင်လာပြီး မုံရွာမြို့ဆုတောင်းပြည့်ဘုရားတွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်ပွားအား ကဆုန်လပြည့်နေ့မှစ၍ ခုနစ်ရက်တိုင်တိုင် ပြည်သူများ၏ ဖူးမြော်ကြည်ညိုမှုကိုခံယူနိုင်ရန် အပူဇော်ခံထားရှိသည်။ တစ်နှစ်တာကာလပတ်လုံး ကဆုန်လအတွင်းမှသာ ဖွင့်လှစ်ပူဇော်ခံထားပြီး ကျန်အချိန်များတွင် စွယ်တော်တိုက်အတွင်းတွင်ထားရှိကြောင်း စွယ်တော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ရာသီမရွေးသွားလာနိုင်ရေး ရေပေါ်နှင့်ကမ်းပေါ်အမှတ်အသား ၃၀၀၀ ကျော် ချထားမည်

**မုံရွာ မေ ၁၀**
ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် အထက်အောက်သွားလာလျက်ရှိသော ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေပေါ်နှင့် ကမ်းပေါ်အမှတ်အသား ၃၀၇၀ ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ချထားပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်ဝမှ ခန္တီးမြို့နယ်အထိ ရေမိုင် ၅၀၇ မိုင်ရှည်လျားပြီး နေ့စဉ် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် လူစီးအမြန်၊ ကုန်စည်တင်နှင့် ပက်လက်တွဲကြီးများ၊ နိုင်ငံခြားခရီးသွား ဧည့်သည်များ စီးနင်းသည့် သင်္ဘောများသည် စုန်-ဆန်သွားလာလျက်ရှိရာ လမ်းခရီးတွင် ရေလမ်းအမှတ်အသားများကို ချထားပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက နိုင်ငံခြားခရီးသွားသင်္ဘောတွေ ချင်းတွင်းမြစ်ကြောင်းထဲဝင်လာရင် အထက်အောက်ကို ရေလမ်းကြောင်းတွေ လိုက်ပြီးပြပေးရတယ်။ ပက်လက်တွဲတွေ၊ ပုဂ္ဂလိကရေယာဉ်တွေ သွားလာကြတဲ့အခါမှာ ရေပေါ်နှင့် ကမ်းပေါ်အမှတ်အသားတွေက အများကြီးအထောက်အကူပြုပါတယ်၊ မြစ်ရေများတဲ့အချိန်မှာ ရေဖော့တွေ ချထားပေးမယ်၊ ရေနည်းတဲ့အချိန်တွေမှာတော့ ကမ်းပေါ်ပြအမှတ်အသားတွေကို ချထားပေးသွားမှာပါ" ဟု ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်အတွင်း နေ့စဉ် နိုင်ငံခြားခရီးသွားသင်္ဘောကြီးများ၊ ပက်လက်တွဲကြီးများနှင့် မုံရွာမြို့မှ အထက်ချင်းတွင်းဒေသများသို့ ကုန်တင်ရေယာဉ် ၁၉ သင်းတွင် အစီးရေ ၄၅၂ စီး၊ လူစီးအမြန်ရေယာဉ် ကိုးသင်း အစီးရေ ၁၃၄ စီးဖြင့် ကုန်စည်နှင့် ခရီးသည်များကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော အရှည် ၅၀၇ မိုင်ရှိ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် ရေပေါ်အမှတ်အသား ၁၅၉၀ နှင့် ကမ်းပေါ်အမှတ်အသား ၁၄၈၀ တို့ကို ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၁) စီမံကိန်းစာအုပ်အား အစိုးရအဖွဲ့သို့ပေးအပ်

**မြင်းခြံ မေ ၁၀**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည်များကို ကြီးကြပ်ကူညီပံ့ပိုးပေးနိုင်ရန် စီမံကိန်းစာအုပ်အား ခရိုင်အစိုးရအဖွဲ့သို့ ပေးအပ်ခြင်းကို မေ ၉ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းစာအုပ်ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးညွှန်ကြားရေးမှူး (ပညာ)ဦးမြင့်ဇော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည်များအားကြီးကြပ်ကူညီပံ့ပိုးပေးနိုင်ရန် စီမံကိန်းစာအုပ်ကို အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်းက ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိုးလင်းထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒေါက်တာအောင်အောင်မင်းက အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းပြုစုခဲ့ပုံနှင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြခဲ့သည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းမှ ဒေါ်အေးသီတာနှင့် ဒေါက်တာသီရိနိုင်တို့က အမျိုးသားပညာရေးမဟာဗျူဟာ (၂၀၁၆-၂၀၂၁) စီမံကိန်းစာအုပ်ပါ ကဏ္ဍအလိုက်ကို ဆွေးနွေးတင်ပြ ရှင်းလင်းခဲ့ကြသည်။

အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (၂၀၁၆-၂၀၂၁) ရှင်းလင်းတင်ပြခြင်းနှင့် စာအုပ်ပေးအပ်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့၊ ခရိုင်ပညာရေးမှူးဦးတင်ဝင်း ၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ဆရာတော်ကြီးများ၊ ပါတီအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာကဏ္ဍအလိုက်ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ပြည်သူများ၏ကျန်းမာရေးသည် နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သော သယံဇာတဖြစ်

**မကွေး မေ ၁၀**
မကွေးမြို့ မြို့တော်ခန်းမတွင် မေ ၉ ရက် နံနက် ၉ နာရီခွဲက ပြည်သူလူထုလက်တွေ့ခံစားနေရသည့် ကျန်းမာရေးအခြေအနေများကို ထင်ဟပ်နိုင်စေရေး၊ ပြည်သူများ၏ အသံကိုနားထောင်နိုင်ရေးအတွက် People Health Assembly ကို ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုရဲ့ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်းအဖြစ် ၂၀၁၇-၂၀၂၁မှ စတင်ဆောင်ရွက်နေပြီဖြစ်၍ ပြည်သူများ၏ကျန်းမာရေးသည် မိမိတို့နိုင်ငံ၏ အဖိုးမဖြတ်နိုင်သော သယံဇာတဖြစ်သည့်အတွက် အမျိုးသားကျန်းမာရေးစီမံကိန်းသည် ပြည်သူကို အခြေပြုသည့် စီမံကိန်းမျိုးဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် People Health Assembly (လူထုကျန်းမာရေးဆွေးနွေးပွဲ) ကို ဆက်လက်ကျင်းပရာ တက်ရောက်လာသည့် အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းများ၊ INGO များ၊ NGO များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံဆင်းလူနာများကို အဖွဲ့များဖွဲ့ပြီး အဖွဲ့အလိုက်ဆွေးနွေးကြသည်။

People Health Assembly (လူထုကျန်းမာရေးဆွေးနွေးပွဲ)ကျင်းပခြင်းဖြင့် ရရှိလာသည့် အလွှာအသီးသီးမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ဗဟိုအဆင့်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးချက်များအပေါ်မူတည်ပြီး ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးတက်ကောင်းမွန်စေရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်၍ မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အောက်ခြေပြည်သူများအထိ ပိုမိုထိရောက်စွာနှင့် အဆင်ပြေအကျိုးရှိစွာ ပြည်သူလူထုများ ရရှိခံစားနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ညီညီမောင် (မကွေး)**

# ညောင်ရေသွန်းပွဲတော် အကအလှများဖြင့်ကျင်းပ

**မန္တလေး မေ ၁၀**
မန္တလေးခရိုင် အမရပူရမြို့နယ် ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကဆုန်လဆန်း ၁၄ ရက် မွန်းလွဲ ၂ နာရီမှစတင်ပြီး ရွှေကြက်ယက်ကျေးရွာအုပ်စု ကျေးရွာ ၁၂ ရွာတို့ မဲစဉ်အလိုက် ရတနာပုံခဝါတော်နှင့် စိန်တုံးရွာမှဦးဆောင်၍ သက္ကယ်တော်ရွာ၊ ပတ္တမြားကျေးရွာ၊ ရွာသစ်ကျေးရွာ၊ အောင်ချမ်းသာကျေးရွာ၊ ရွှေလောင်းကျေးရွာ၊ ရွှေဟင်္သာကျေးရွာ၊ မိုးကောင်းကျေးရွာ၊ ရွှေဒင်ကျေးရွာ၊ ကိုးသင်းကျေးရွာ၊ သပြေတန်းကျေးရွာနှင့် ရွှေလေးကွက်သစ်အပါအဝင် ရွာ ၁၅ ရွာတို့က စုစည်းညီညွတ်စွာ ဝင်းခင်း၍ ရွှေရထား၊ ငွေရထားများ၊ မြင်းစီးစစ်သူကြီးများခြံရံကာ အကအလှများဖြင့် ကျေးရွာအလိုက် ဆိုင်းဘုတ်များကိုင်ဆောင်ကာ မြို့ပတ်ကမ်းနားလမ်းတစ်လျှောက်လှည့်လည်ကာ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားသို့ တပျော်တပါး ညောင်ရေသွန်းလောင်းကြသည်။

မန္တလေးမြို့နှင့် အမရပူရမြို့နယ်မှ ဒေသခံပြည်သူများကလည်း မြို့ပတ်ကမ်းနားလမ်းတစ်လျှောက် ရတနာပုံတံတားထိပ်အထိ ကြက်ပျံမကျလာရောက်အားပေးကြသည်။ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရားအနီး လမ်းဘေးဝဲယာတွင် စစ်ကိုင်းမြို့မှ ကရေကရာနှင့် မြန်မာမုန့်ဈေးသည်များ၊ ၁၂ ပွဲဈေးသည်များဖြင့် တိုးမပေါက်အောင်စည်ကားပြီး ညပိုင်းတွင် အငြိမ့်ပွဲ၊ ဇာတ်ပွဲများဖြင့် ဧည့်ခံဖျော်ဖြေကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**


## တစ်မူထူးခြားသည့် နယ်စပ်မြို့ ကော့သောင်းတွင် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပ

**ကော့သောင်း မေ ၁၀**

နယ်စပ်မြို့ ကော့သောင်းတွင် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူရာ ဗောဓိပင်နှင့် ဒီပင်္ကရာ မြတ်စွာဘုရားဆင်းတုတော်အား ရေသွန်းလောင်းပူဇော်သည့် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအား (ကဆုန်လပြည့်နေ့) မေ ၁၀ ရက် မွန်းလွဲပိုင်းက စည်ကားသိုက်မြိုက်စွာကျင်းပ ကြသည်။

အဆိုပါ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲတွင် ဒီပင်္ကရာမြတ်စွာဘုရားဆင်းတုတော်အပြင် ပွင့်တော်မူခဲ့သည့် နှစ်ဆယ့်ရှစ်ဆူကုန်သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ကိန်းဝပ်စံပယ်ရာ ပြည်တော်အေးသာသနာ့ဗိမာန်တော်မှ ပြာသာဒ်မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ကာ မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံရာ လမ်းဘေးဝဲယာတွင် ပြည်သူအပေါင်းတို့မှ ပန်း၊ ရေချမ်းများကပ်လှူပူဇော်ခြင်း၊ အမွှေးနံ့သာရည်များလှူဒါန်းခြင်း ၊ အလှူငွေများ လှူဒါန်းခြင်းဖြင့် ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသည်။

ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပသည့် ကဆုန်လပြည့်နေ့တွင် မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများ၊ စေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာရည်ဖြင့် ပူဇော်ခြင်း၊ ရေသွန်းလောင်း ပူဇော်ခြင်း၊ စေတီများ၊ ဘုန်းတော်ကြီးကျောင်းများတွင် စိုက်ပျိုးပူဇော်ထားသော ဗောဓိပင်များတွင်လည်း ညောင်ရေသွန်းလောင်းပူဇော်ခြင်းကို မြို့လုံးကျွတ် အုံးအုံးကျွက်ကျွက် စည်ကားသိုက်မြိုက်စွာ စတုဒိသာ အကျွေးအမွေးကုသိုလ် အလှူဒါနများဖြင့် ပွဲတော်အား တစ်မူထူးခြားစွာ ဆင်နွှဲကျင်းပကြခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



## လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံ

**လှိုင်ကော် မေ ၁၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မေ ၉ ရက် နံနက်ပိုင်းက ကယားပြည်နယ်အတွင်း သွားလာရန်ခက်ခဲသော ဒေသတစ်ခုဖြစ်သည့် ဖရူဆိုမြို့နယ် ဒိုးလာစောကျေးရွာသို့ သွားရောက်ပြီး အခြားကျေးရွာများနည်းတူ ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုမရှိစေရေးအတွက် ပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် သွားရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဒိုးလာစောကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ တင်ပြချက်များနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးနိုင်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဘော်ဒါဆောင်တွင်နေထိုင်သော ကျောင်းသား၊ ကျောင်းသူများ စားနပ်ရိက္ခာအတွက် အလှူငွေ ၁၅ သိန်းနှင့် အမျိုးသမီးအဆောင် ယင်လုံအိမ်သာ လေးခန်းအတွက် အလှူငွေ ရှစ်သိန်း၊ ကျေးရွာမူလတန်းကြိုကျောင်းအတွက် မတည်ငွေကျပ် ၁၀ သိန်းနှင့် ဒိုးလာစောကျေးရွာအလယ်တန်းကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်းတို့အား ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဖရူဆိုမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဖရူဆိုမြို့ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

## ပဲခူး၌ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပ

**ပဲခူး မေ ၁၀**

ပဲခူးမြို့ ရွှေမော်ဓောဘုရားရင်ပြင်တော် အရှေ့ဘက်မုခ်ရှိ မဟာဗောဓိညောင်ပင်၌ မေ ၁၀ ရက် နံနက် ၇ နာရီခွဲက (၆၇) ကြိမ်မြောက် ညောင်ရေသွန်းပွဲတော်ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ပြည်သူများက မဟာဗောဓိညောင်ပင်အား ညောင်ရေတော်သွန်းလောင်းခဲ့ကြသည်။

ပဲခူးမြို့ပေါ်ရှိစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းနှင့် ရပ်ကွက်ဆွမ်းလောင်းဓမ္မာရုံများတွင် မြတ်ဗုဒ္ဓအားရည်မှန်း၍ ပရိဘောဂစေတီဖြစ်သော မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းခြင်း၊ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ သီလခံယူခြင်း၊ တရားဘာဝနာများပွားများနာယူခြင်းတို့အပြင် ဇီဝိတဒါနငါးလွှတ်ပွဲ၊ ငှက်လွှတ်ပွဲနှင့် တိရစ္ဆာန်ဘေးမဲ့လွှတ်ခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများလည်း ပြုလုပ်ကြကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ပြည်နယ်အစိုးရအကြားညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ရမည့်ကိစ္စရပ်များဆွေးနွေး

**ဘားအံ မေ ၁၀**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအကြား ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေး ရှင်းလင်းဆွေးနွေးသည့် အခမ်းအနားကို မေ ၈ ရက် ညနေ ၃ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က ချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းဆွေးနွေးကာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများအား ရှင်းလင်းတင်ပြ၍ ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးနေဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးကျော်နိုင်ဦးတို့က သက်ဆိုင်ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများက မရှင်းလင်းသည်များနှင့် သိရှိလိုသည်များအား အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



&efukbdvfwdkif;a'oBuD;*vmawmifurf;ajcU, f&eukbf;tvmu;Data 9 &uf ett;u;P9e;m&DrIeU, f;wyf;ta&;rS;cifrmif;OD;Ewm0e;f;eU;uwbdkif;a'oBuD; &wyf;tcifynmay;jycef;, mOD;ifynmbdkrm;tm;rtcifynmay;rIrm;uudkqmif &ufchnifodbnf owif;Esmwyfkaumpf;h

## သာယာဝတီခရိုင်အတွင်း ရေဘေးကာကွယ်ရေးတာများကြံ့ခိုင်မှုအခြေအနေအားကွင်းဆင်းစစ်ဆေး

**သာယာဝတီ မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် ဒုတိယညွှန်ကြားရေးမှူးဦးစိုးအောင်၊ လက်ထောက်ညွှန်မှူးဦးဝေဖြိုးကျော်နှင့် ဦးစီးအရာရှိများနှင့်အတူ မေ ၉ ရက်က သာယာဝတီခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရေဘေးကာကွယ်ရေးတာများ မိုးရာသီမတိုင်မီ ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မင်းလှမြို့ စိမ်းလန်းစိုပြည်ရေးကန်နှင့် (Food Court Centre) ဆောင်ရွက်နေမှုအခြေအနေ၊ မိုးညိုမြို့နယ် မြစ်မခမြစ်ရေတံခါး တည်ဆောက်နေမှု၊ (၂၀၁၇ - ၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မိုးညိုမြို့နယ် မြစ်မခမြစ်အနောက်ဘက်ကမ်းတာ တာမိုင်(၃/၄)မှ(၈/၀) အထိ တာပုံစံကျတာမြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မိုးညိုမြို့နယ် ဘုရားကြီးကုန်းခအောင်းပင်တာ၊ လက်ပံတန်းမြို့နယ် ဧရာဝတီအရှေ့ဘက်ကမ်းတာ၊ သာယာဝတီမြို့နယ် အသရော်ဆင်လမ်းတာ၊ အသရော်အိုင်လဟာတာများ၏ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့် ဒုတိယညွှန်ကြားရေးမှူးတို့သည် ၂၀၁၇ ခုနှစ် မိုးရာသီမတိုင်မီ တာထိန်းသိမ်းပြုပြင်ရန် လိုအပ်သည့်နေရာများအား ဌာနဝန်ထမ်းများမှ ကြိုတင်ပြုပြင်ရန် မှာကြားပြီး ဒေသခံများနှင့် တွေ့ဆုံကာ တင်ပြချက်များအား ညှိနှိုင်းပေါင်းစပ်ဆောက်ရွက်ပေးခဲ့သည်။

သာယာဝတီခရိုင်အတွင်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းဆောင်ရွက်ထားရှိရသည့် ရေဘေးကာကွယ်ရေးတာ ၁၆ ခုရှိရာ စုစုပေါင်း အလျားမိုင် ၁၆၉ မိုင် ၆ ဖာလုံရှိပြီး ရေဘေးကာကွယ်ရေး ဧကအနေဖြင့် ဧက ၂၂၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအတွင်း ရေဘေးကာကွယ်ရေးအတွက် တာလုပ်ငန်း ၄၃ ခုရှိ တာအလျားမိုင် ၇၁ မိုင်ကျော်အား တာပုံစံကျပြုပြင်ဆောင်ရွက်ခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

**သူရအောင် (ပြည်)**



## ပဲခူးမြစ်သို့စီးဝင်သည့် ရေနုတ်မြောင်းမကြီးအား ဆယ်ယူရှင်းလင်း

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၏ လမ်းမကြီးများဖြစ်သော ပဲခူးမြစ်လမ်းမကြီး တစ်လျှောက်ရှိ ရေနုတ်မြောင်းမကြီးအား ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန့်စင်၏ ကြီးကြပ်မှုဖြင့် လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများက မေ ၉ ရက်မှ စတင်၍ တန် ၂၀ ဘက်ဟိုးယန္တရားယာဉ်ဖြင့် နုန်းမြေများ၊ မြက်ပင်များနှင့် အမှိုက်များ ဆယ်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါရေမြောင်းကြီးသည် ပဲခူးမြစ်အတွင်းသို့ တိုက်ရိုက်စီးဆင်းအောင် ဖောက်လုပ်ထားသည့်အတွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၏ အဓိကရေထွက်ပေါက်ဖြစ်ကြောင်း သိရသည်။ **(ရွှေတိုင်လွင်)**

# Psy ရဲ့ တေးအယ်လ်ဘမ်သစ်တွင် ပါဝင်မည့် တေးသီချင်းများ ထပ်မံဖော်ပြ




တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ Psy က မကြာမီထုတ်လွှင့်သွားမယ့် သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းတွေအနက် တေးသီချင်းငါးပုဒ်ရဲ့အမည်နဲ့ ဓာတ်ပုံတွေကို ပြီးခဲ့တဲ့ မေ ၈ ရက်က ထုတ်ဖော်ပြသခဲ့ပြီးတဲ့နောက် နောက်တစ်နေ့မှာ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် ကျန်ရှိနေသေးတဲ့ တေးသီချင်းတွေရဲ့ အမည်နဲ့ ဓာတ်ပုံတွေကို ထပ်မံထုတ်ဖော်ပြသခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

Psy ရဲ့ ရှစ်ခုမြောက် စတူဒီယိုတေးအယ်လ်ဘမ် “4×2=8”အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ရာမှာတော့ အားလုံးဟာ ကာတွန်းပုံတွေဖြစ်နေတာကို တွေ့ရပါတယ်။ လတ်တလောအချိန်မှာတော့ Psy ဟာ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်း ၁၀ ပုဒ်ရဲ့အမည်တွေကို ထုတ်ဖော်ပြသခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

ဒုတိယမြောက်ထုတ်ဖော်ပြသလာခဲ့တဲ့ တေးသီချင်းငါးပုဒ်မှာ “We are Young” နဲ့ “Rock Will Never Die”ဆိုတဲ့ အင်္ဂလိပ်အမည်နဲ့ တေးသီချင်းနှစ်ပုဒ် ပါဝင်နေတာတွေ့ရပြီး ကျန်သုံးပုဒ်ကိုတော့ ကိုရီးယားလို အမည်ပေးထားတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် လတ်တလောမှာ ထုတ်ဖော်ပြသခဲ့တဲ့ တေးသီချင်းတွေမှာတော့ ထူးခြားတဲ့ရှော့ခ်တေးသီချင်းတစ်ပုဒ်ပါဝင်နေတာကိုလည်း တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် လတ်တလောထုတ်ဖော်ပြသလာတဲ့ တေးသီချင်းတွေမှာတော့ ဝိုင်ဂျီအန်တာတိန်းမန့်ရဲ့ လက်အောက်မှာ လှုပ်ရှားနေကြတဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ “Big Bang” တေးဂီတအဖွဲ့မှ G-Dragon နဲ့ “Epik High”မှ တက်ဘလိုတို့ ပါဝင်အားဖြည့်သီဆိုထားတဲ့ တေးသီချင်းတွေလည်း ပါဝင်နေတာ တွေ့ရပါတယ်။

ဝိုင်ဂျီအန်တာတိန်းမန့်ရဲ့ စီအီးအိုယန်ဟွန်ဆပ်က Psy ရဲ့ တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ယန်ဟွန်ဆပ်က Psy ရဲ့ သတ္တမမြောက်တေးသီချင်းဖြစ်ပြီး G-Dragon နဲ့ အတူ တွဲဖက် ဖန်တီးထားတဲ့ တေးသီချင်းဟာ သူ့ရဲ့အကြိုက်နှစ်သက်ဆုံးသောတေးသီချင်းဖြစ်ကြောင်းနဲ့ သူကြိုက်နှစ်သက်ရတဲ့ တေးသီချင်းပုံစံမျိုးလည်းဖြစ်ကြောင်း ယင်းသီချင်းရဲ့ ကာဗာဓာတ်ပုံနဲ့အတူ ဖော်ပြခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၈ ရက်က တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့်တေးသီချင်းငါးပုဒ်ကို ဦးစွာဖော်ပြပေးခဲ့တာဖြစ်ပါတယ်။ “4×2=8”တေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေး “I Luv It”အတွက် ထုတ်ဖော်ပြသခဲ့တဲ့ ဓာတ်ပုံမှာတော့ မင်းသားလီဗြောင်ဟွန်းနဲ့ Psy တို့ဟာ ဘေးချင်းယှဉ်ကာ ထိုင်နေတာကို တွေ့မြင်ရပါတယ်။ လီဗြောင်ဟွန်းဟာ Psy ရဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်းကိုတော့ Psy က ပြီးခဲ့တဲ့ လအတွင်းက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယမြောက် တေးသီချင်းကိုတော့ “New Face”လို့အမည်ပေးထားပြီး Psy နဲ့အတူ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “A pink”မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူနာအွန်းက ယင်းတေးသီချင်းမှာ တွဲဖက်အားဖြည့်သီဆိုပေးထားတာတွေ့ရပါတယ်။ ကျန်တေးသီချင်းသုံးပုဒ်ဖြစ်တဲ့ “Last Scene”၊ “Love” နဲ့ “Bomb”တို့အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ကာဗာဓာတ်ပုံတွေအရ ယင်းတေးသီချင်းတွေမှာတော့ Psy နဲ့ အတူ တောင်ကိုရီးယားရဲ့အခြားသော နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ လီဆန်ကွန်း၊ အမျိုးသားတေးဂီတအဖွဲ့ “Big Bang”ရဲ့ အဖွဲ့ဝင် တေးယန်၊ “iKON”မှ ဘီအိုင်အန်ဘော်ဘီတို့က ပါဝင်အားဖြည့်သီဆိုပေးထားတာကို တွေ့ရပါတယ်။

Psy ရဲ့ တေးအယ်လ်ဘမ်သစ်တစ်ခုလုံးကိုတော့ မေ ၁၀ ရက် ညနေပိုင်းမှာ စတင်ထုတ်လွှင့်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့်-စုစည်းသည်

# ဂီတလှုပ်ရှားမှုတွေ ပြန်လည်စတင်လာတော့မှာဖြစ်ကြောင်း လှစ်ဟပြခဲ့တဲ့ တေလာဆွစ်

တေးသီချင်းသစ်တွေကို ထုတ်လွှင့်ခဲ့ခြင်းမရှိသည်မှာ နှစ်နှင့်ချီကြာမြင့်ခဲ့ပြီဖြစ်ပြီး လူမှုကွန်ရက်မီဒီယာနဲ့ အနုပညာနဲ့ပတ်သက်တဲ့ အခမ်းအနားတွေမှာပါ တွေ့ရခဲတဲ့ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာတော့ လူမှုကွန်ရက်မီဒီယာပေါ်ကို ပြန်လည်တက်လှမ်းလာခဲ့ကာ တေးဂီတနဲ့ပတ်သက်ပြီး ဖော်ပြခဲ့တာကြောင့် မကြာမီမှာ တေလာဆွစ်ရဲ့ တေးသီချင်းသစ်တွေကို ခံစားရနိုင်ဖွယ်ရှိကြောင်း ဟောလိဝုဒ်မီဒီယာအချို့က ဝေဖန်ရေးသားဖော်ပြခဲ့ပါတယ်။


ပြီးခဲ့တဲ့ မေ ၃ ရက်မှာတော့ တေလာဆွစ်က အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “HAIM”ရဲ့ တေးသီချင်း “Want You Back”ကို သီဆိုထားတဲ့ ဗီဒီယိုဖိုင်တစ်ခုကို သူ့ရဲ့ လူမှုကွန်ရက် မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ် စာမျက်နှာပေါ်ကနေ တစ်ဆင့် ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ လူမှုကွန်ရက်မီဒီယာကို အသုံးမပြုတာ ကာလအတော်ကြာသွားပြီဖြစ်တဲ့ တေလာဆွစ်အနေနဲ့ ဒီလိုဖော်ပြခဲ့ခြင်းဟာ သူ့ရဲ့ဂီတလှုပ်ရှားမှုတွေ မကြာမီ စတင်လာတော့မှာ ဖြစ်ကြောင်း လှစ်ဟပြနေတာဖြစ်တယ်လို့လည်း မီဒီယာတွေက ဝေဖန်ခဲ့ကြပါတယ်။ ဒါ့အပြင် လတ်တလောမှာ တေလာဆွစ် ဖော်ပြခဲ့တဲ့ ဗီဒီယိုဖိုင်ဟာ ၁၃ စက္ကန့်သာ ကြာမြင့်တာဖြစ်ပြီး ၁၃ ဂဏန်းဟာ တေလာဆွစ်ရဲ့ အကြိုက်ဆုံးသော ကိန်းဂဏန်းလည်းဖြစ်တာကြောင့် ပရိသတ်တွေကလည်း တေလာဆွစ်ရဲ့ တေးသီချင်းသစ်တွေကို ကြားရဖို့ရာ ပိုမိုနီးစပ်လာခဲ့ပြီဖြစ်တယ်လို့ ထင်ကြေးပေးနေကြပါတယ်။

တေလာဆွစ်ဟာ ယခုနှစ်အတွင်းမှာ ပရိသတ်တွေရဲ့မျက်စိအောက်ကို ပေါ်ထွက်လာတာအတော်ကို ရှားခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလအတွင်းကတော့ သူနဲ့ “One Direction”အဖွဲ့ဝင်ဟောင်း ဇေမာလိခ်တို့ရဲ့ စုံတွဲတေးသီချင်း “I Don't Wanna Live Forever” ကို ထုတ်လွှင့်ခဲ့ပြီး အခြားသောတေးသီချင်းသစ်တွေကို ထုတ်လွှင့်ခဲ့ခြင်းမရှိပါဘူး။ ဒါ့အပြင် သူ့ကိုလူမှုကွန်ရက်မီဒီယာပေါ်မှာပါ အလွန်ကို တွေ့ရခဲခဲ့တာဖြစ်ပါတယ်။ တေလာဆွစ်ရဲ့ ယခုလို အခြေအနေနဲ့ပတ်သက်ပြီး သူ့ရဲ့ပရိသတ်တွေအတွက် တေလာတစ်ယောက် ဘာတွေများ လုပ်ဆောင်နေလဲလို့ အတွေးများနေခဲ့ရပါတယ်။

တေလာဆွစ်ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့တဲ့ “Super Bowl ”အကြိုဖျော်ဖြေပွဲမှာ ပါဝင်ဖျော်ဖြေခဲ့ပြီး ယင်းဖျော်ဖြေပွဲဟာ ယခုနှစ်အတွင်း တေလာဆွစ်ရဲ့ ပထမဆုံးသော ဖျော်ဖြေပွဲလည်းဖြစ်ခဲ့ပါတယ်။ အဲဒီဖျော်ဖြေပွဲမှာ တေလာဆွစ်က သူ့ရဲ့အကျော်ကြားဆုံးသောတေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Blank Space”နဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ စုံတွဲတေးသီချင်း “I Don't Wanna Live Forever” တို့နဲ့ဖျော်ဖြေခဲ့ကာ ၂၀၁၇ ခုနှစ်ရဲ့ ပထမဆုံးနဲ့ နောက်ဆုံးသောဖျော်ဖြေပွဲဖြစ်တယ်လို့လည်း သီဆိုနေစဉ်အတွင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ဒါပေမယ့်လည်း မကြာသေးမီက သတင်းရင်းမြစ်တစ်ဦးက တေလာဆွစ်ဟာ လတ်တလောမှာ တေးသီချင်းသစ်တွေကို ရေးသားလျက်ရှိပြီး သူ့ရဲ့ တေးသီချင်းသစ်တွေကို ဖန်တီးဖို့အတွက် အာရုံစိုက်နေရတဲ့အတွက် ပရိသတ်တွေအရှေ့ကို ပေါ်ထွက်မလာခဲ့တာ ဖြစ်တယ်လို့လည်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ဖူးပါတယ်။ ဒါ့အပြင် တေလာဆွစ်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးဖြစ်တဲ့ တေးရေး၊ တေးဆို အက်ဒ်ရှီရန်ကလည်း တေလာဆွစ်ဟာ လတ်တလောမှာ တေးသီချင်းသစ်တွေကိုဖန်တီးလျက်ရှိပြီး သူ့ရဲ့ သီချင်းသစ်တွေကိုတော့ ယခုနှစ် ဒီဇင်ဘာလမတိုင်မီ ထုတ်လွှင့်သွားနိုင်ဖွယ်တော့ မရှိသေးကြောင်းလည်း အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ယခင်က မီဒီယာစာမျက်နှာတွေပေါ်မှာ အမြဲလိုလိုတွေ့နေရပြီး လူမှုကွန်ရက်မီဒီယာပေါ်မှာလည်း အမြဲလှုပ်ရှားမှုတွေနဲ့ ပြည့်နေတဲ့ တေလာဆွစ်ဟာ ယခုနှစ်အတွင်းမှာတော့ တိတ်ဆိတ်နေခဲ့တာ ဖြစ်တာကြောင့် တေလာနဲ့ပတ်သက်တဲ့ ကောလာဟလတွေဟာလည်း များစွာပေါ်ထွက်နေပါတယ်။ တေလာရဲ့ တေးသီချင်းသစ်တွေဘယ်အချိန်မှာများ ပရိသတ်ရှေ့ရောက်လာနိုင်မလဲဆိုတာ ကတော့ စောင့်ကြည့်ရမှာဖြစ်ပြီး လတ်တလောမှာတော့ စိတ်ဝင်စားစရာ သတင်းတစ်ပုဒ်အဖြစ်ရှိနေတာပဲ ဖြစ်ပါတယ်။


© Dean Chapple /AJ/ Splash News

# TWICE ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် အစမ်းဗီဒီယိုများထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “TWICE”ဟာ မကြာမီထွက်ရှိတော့မယ့် တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်တဲ့ ဗီဒီယိုဖိုင်တွေကို လတ်တတောမှာ အွန်လိုင်းမီဒီယာပေါ်ကနေ တစ်ဆင့် အစမ်းသဘောထုတ်လွှင့်ပြသခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောထုတ်လွှင့်ခဲ့တဲ့ အစမ်းဗီဒီယိုဟာ တေးအယ်လ်ဘမ်သစ်အတွက် ထုတ်လွှင့်ခဲ့တဲ့ တတိယမြောက် ဗီဒီယိုဖြစ်ပြီး ပြီးခဲ့တဲ့ မေ ၉ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ယင်းဗီဒီယိုမှာတော့ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ အစမ်းဗီဒီယိုမှာကဲ့သို့ အဖွဲ့ဝင်တွေဟာ သစ်တောတစ်ခုအတွင်း ရောက်ရှိနေကြတာတွေ့ရပါတယ်။ တတိယမြောက်ဗီဒီယိုမှာတော့ အဖွဲ့ဝင်တွေဟာ ကောင်းကင်ပေါ်ကို အံ့သြတကြီး ငေးကြည့်နေရာင်းက ရုတ်တရက်တစ်ခုခုပြုတ်ကျလာတာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။

“Signal”ရဲ့ ပထမဆုံးသော အစမ်းတေးဗီဒီယိုမှာတော့ အဖွဲ့ဝင်အားလုံးဟာ သစ်တောတစ်ခုအတွင်း ရောက်ရှိနေကြပြီး ကင်မရာကိုသာ စူးစိုက်ကြည့်နေတဲ့ဟန်တွေကိုတွေ့ မြင်ခဲ့ရကြောင်းလည်း သိရပါတယ်။ ဒါပေမယ့် ပထမဆုံးသောအစမ်းဗီဒီယိုနဲ့မတူဘဲ ဒုတိယမြောက် ထုတ်လွှင့်ခဲ့တဲ့ ဗီဒီယိုမှာတော့ အဖွဲ့ဝင်တွေဟာ တစ်ခုခုကို ရှာဖွေနေဟန်၊ ချောင်းကြည့်နေဟန်တွေကို ထည့်သွင်းရိုက်ကူးထားကြောင်းလည်း သိရပါတယ်။



ပြီးခဲ့တဲ့ ဧပြီ ၇ ရက်မှာတော့ “ TWICE ”က တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် ခေါင်းစီးတေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Signal”ရဲ့ တေးဗီဒီယိုကို အစမ်းသဘောထုတ်လွှင့်ပြသခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ တေးအယ်လ်ဘမ်သစ်နဲ့အတူ အနုပညာလှုပ်ရှားမှုတွေကို ပြန်လည်စတင်လာတဲ့ တေးဂီတအဖွဲ့က အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ အလှဓာတ်ပုံတွေနဲ့ အဖွဲ့လိုက်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

ဒါ့အပြင်“TWICE”ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်ကလည်း “Signal”တေးအယ်လ်ဘမ်ကို ထုတ်လုပ်ရောင်းချသွားမယ့် ပုံစံတွေကိုလည်း အွန်လိုင်းမီဒီယာမှတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။ “Signal”ကို A, B, C အမျိုးအစားသုံးမျိုးခွဲခြားကာ ထုတ်လွှင့်ရောင်းချသွားမှာဖြစ်ပြီး လတ်တလောအချိန်မှာတော့ ကြိုတင်မှာယူထားနိုင်ပြီဖြစ်ပါတယ်။

“TWICE”အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် “Signal”ကိုတော့ လာမယ့် မေ ၁၅ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်ဟာ အဖွဲ့ရဲ့ စတုတ္ထမြောက်မီနီတေးအယ်လ်ဘမ်ဖြစ်လာမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။




## “ ဂုဏ်ယူဝမ်းမြောက်ခြင်း ”

၂၀၁၇ ခုနှစ်၊ ဧပြီလ (၂၉)ရက်နေ့တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (သတ္တမ) အကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် (၂၀၁၇ - ၂၀၁၉) ခုနှစ် အသင်းဝင်များပြန်လည်ရွေးချယ်ပွဲတွင် Amazing Hotels & Resorts နှင့် Adventure Myanmar Tours & Incentives တို့၏ ဥက္ကဋ္ဌ ဖြစ်သူ ဦးအောင်မျိုးမင်းဒင်သည် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အသင်း၏တာဝန်များကို ဆတက်ထမ်းပိုး ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

CB BANK မိသားစု

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဗဟန်းမြို့နယ်မြေတိုင်းရပ်ကွက်အမှတ်-၃၅ CGမြေကွက်အမှတ်-၁၂၁၇မြေကွက်တည်နေရာအမှတ်(၃၃)မင်းလမ်းဆေးရာစံတောင် ရပ်ကွက်ဗဟန်းမြို့နယ်ဦးဘာရှိန်(၁၂/ဗဟန(နိုင်)၀၆၁၃၃၁)အမည်ပေါက်နေ(၆၀)ဂရန်မြေအားအမည်ပေါက်ဦးဘာရှိန်(ခင်မွန်း)ကွယ်လွန်သဖြင့်ဇနီးဖြစ်သူဒေါ်အုန်းရှိ(၁၂/ဗဟန(နိုင်)၀၅၇၁၅၅)မှဇနီးတော်စပ်ကြောင်း၊ ၄င်းမှလွဲ၍အခြားဇနီးတစ်ဦးတစ်ယောက်မျှမရှိကြောင်းကျမ်းကျိန်လွှာထောက်ခံကျမ်းကျိန်လွှာသေစာရင်းမိတ္တူမှန်အိမ်ထောင်စုစာရင်းတို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရေးမြေပုံကူးလျှောက်ထားခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# မူးယစ်ကိုပစ်
# ပန်းတိုင်သစ်
# စိတ်သစ်
# လူသစ်
# ဘဝသစ်

**ဦးအောင်ဆန်း (၇၃)နှစ်**
**မြန်မာ့ကြယ်ငါးပွင့်ကော်ပိုရေးရှင်း**
**M.O.T First Class Engineer, Chief Engineer (FG) (အငြိမ်းစား)**
**အချိန်ပိုင်းနည်းပြဆရာ(ရေကြောင်းသိပ္ပံ/ရေကြောင်းတက္ကသိုလ်အင်ဂျင်နီယာဌာန**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ်(၂၀)နေ (ဦးဘထွန်း-ဒေါ်အေးမ)တို့၏သားကြီး၊ ဒေါ်အမာထွန်း၊ ဒေါ်အတာ၊ ဒေါ်တူးတူးတို့၏အစ်ကိုကြီး၊ ဒေါ်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်အောင်၊ မသင်းမွှေးလှိုင်၊ မောင်စိုးမင်းထွေး၊မောင်ထက်နေလင်းတို့၏ဖခင်၊ မခင်ကြည်ဖြူ၊ မောင်အောင်ခန့်ဇော် (အမက-၃၊ ဗဟန်း)တို့၏ အဘိုးသည် ၉-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးစိုးအောင်(စိန်ကမ္ဘာပွဲရုံ) (၈၄)နှစ်**

ဦးသန်းအောင် (M.D, 81 HOTEL INLAY)-ဒေါ်ခင်ယုဝေ(M.D, 81 CENTRAL HOTEL)တို့၏ချစ်လှစွာသောဖခင် ဦးစိုးအောင်(စိန်ကမ္ဘာပွဲရုံ) သည် ၈-၅-၂၀၁၇ ရက်နေ့ နံနက် ၇း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုရဲမှူးကြီးမြင့်ကျော်-ဒေါ်ဝေဝေစိုး**
**အမှတ်(၄)၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူး**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးသန်းစိန် အသက်(၇၉)နှစ်**

**Youth Golfer United Group** ၏ အတွင်းရေးမှူးဖြစ်သူ ဦးကျော်စွာဦး၏ ကျေးဇူးရှင် ဖခင်ကြီး ဦးသန်းစိန်သည် (၈-၅-၂၀၁၇)ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်၊

**Youth Golfer United Group**

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကားဒါယိကာမကြီး
ဒေါ်ခင်စီ အသက်(၉၀)နှစ်
အငြိမ်းစားဆရာမကြီး

Grand Royal Group ဒါရိုက်တာ ဦးဇော်ထိုက်+ဒေါ်ဥမ္မာခင် တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မမေပြည့်ဇော်၏ ဘွားဘွားကြီး ဒေါ်ခင်စီ သည် ၄-၅-၂၀၁၇ (ကြာသာပတေးနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဦးခင်မောင်မြတ် + ဒေါ်ဆွေဇာလွင်
မိသားစု

ဦးသန့်ဇင် + ဒေါ်ဥမ္မာမျိုး
မိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**ဒေါ်အင်မာရှန် (သားဖွားဆရာမ-ငြိမ်း၊ မြိတ်-စခန်းသစ်) (၇၈)နှစ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ ဖာဘာရိန်ကျေးရွာနေ ဦးအင်ပေါ့ဂေါင်-ဒေါ်စဘော်ခေါန်တို့၏သမီး၊ ယခင်မြိတ်၊ စခန်းသစ်နှင့် ယခုအမှတ်(၃၇)၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးကြင်အောင်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်သက်သက်အောင်-ဦးဇော်ထွန်း၊ ဒေါ်ညွန့်ညွန့်အောင်၊ ဒေါ်သီသီအောင်-Mr Nomura Yutaka၊ ဒေါ်ဥမ္မာအောင်-ဦးမိုးသူလွင်၊ ဒေါ်မြတ်မြတ်အောင်-ဦးသန်းဇော်၊ Dr. ထင်လင်းအောင်(UK)-ဒေါ်အေးအေးထိုက်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မဟန်သူအောင်၊ မနှင်းပွင့်အောင်၊ မဆုလာဒ်ပိုင်၊ မနေခြည်မိုးထက်၊ မောင်ဇော်ဖုန်းအောင်၊ မဆိုင်းဂျာအောင်၊ မောင်ရှိုင်းလင်းဇော်၊ မအင်ကြင်းအောင်၊ မစုယဉ်အောင်တို့၏ ချစ်လှစွာသောအဘွားသည် ၈-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၉း၅၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ဈာပနဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို ၁၂-၅-၂၀၁၇ (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန် ဥယျာဉ်၌ ပြုလုပ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်နိုင်ရန်။] (ရန်ကုန်ကချင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်းနှင့် ဇလွန်လမ်းနေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း**
**ဦးပီတာသောင်းစိန်**
**(အာခါတိုင်းရင်းသားရေးရာဝန်ကြီး - ငြိမ်း)**
**ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် - ငြိမ်း**
**တရားလွှတ်တော်ရှေ့နေ**
**ကျိုင်းတုံမြို့**

အဖေ တစ်နှစ်ဆိုတဲ့ အချိန်တွေသာ ကုန်ဆုံးသွားပေမယ့် ရင်ထဲမှာ အဖေက အမြဲရှိနေ၊ ရှင်သန်နေဆဲပါ။ အနားမှာအမြဲရှိသူ ကျန်ရစ်နေတဲ့ အဖေရဲ့ ဆိုဆုံးမမှု စကားလုံးတွေက တစ်သက်စာအတွက် ကြိုတင်ပြောကြားချက်တွေ ဖြစ်ခဲ့ပါတယ်။ အဲဒီဆိုဆုံးမမှုတွေကြောင့် အကောင်းဆုံး ရှင်သန်ခွင့်ရှိအောင် အဖေပေးခဲ့တဲ့ ကျေးဇူးတော်တွေပါ အဖေ။ အဖေလည်း ဘုရားရှင်ရဲ့ အိမ်တော်မှာ အမြဲခိုဝင်အိပ်စက်နိုင်စေရန် ဆုတောင်းရင်းနှင့် အဖေ့အတွက် ရည်စူးရည်မှန်း ပြုလုပ်လှူဒါန်းမှုတွေကို လစဉ်လတိုင်း ပြုလုပ်ရင်း အမြဲတမ်း ရည်စူးကုသိုလ်တွေပြုလုပ်ရင်း သတိတရ အောက်မေ့ လွမ်းဆွတ်နေပါတယ် အဖေ။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း
## ဦးလှမြင့်(ဝါးခယ်မ)
### အသက်(၉၀)

ဟသ်ာတရွှေလမင်းဆေးရုံ ဒေါက်တာ ဦးခင်မောင်ဦး (မေ့ဆေးအထူးကုဆရာဝန်ကြီး)၏ ချစ်လှစွာသော ဖခင်ကြီးသည် ၇-၅-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရွှေလမင်းဆေးရုံများ၏ ဒါရိုက်တာအဖွဲ့နှင့် ဆေးရုံအုပ်ကြီးများ
ဆရာဝန်များ၊ ဝန်ထမ်းများ
ရွှေလမင်းဆေးရုံ(မြောက်ဥက္ကလာပမြို့နယ်)
ရွှေလမင်းဆေးရုံ(လမ်းမတော်မြို့နယ်)
ရွှေလမင်းဆေးရုံ(ဟသ်ာတမြို့နယ်)

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊
## ကျောင်းဒါယကာကြီး
## ခိုင်းလွယ်ရွှေကျောင်းအိုက်ဖုန်း
## အသက်( ၇၅ )နှစ်

**ဦးကျော်ထွန်းနိုင် - ဒေါ်ရီရီတို့၏ ဖခင် ခိုင်းလွယ်ရွှေကျောင်းအိုက်ဖုန်း အသက်( ၇၅ )နှစ်သည် (၇.၅.၂၀၁၇)ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။**

**မြင့်မြတ်ထွဋ်ရွှေခေါင်အင်တာနေရှင်နယ်ကုမ္ပဏီမိသားစု**

# ကြော်ငြာ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မိုးဝေ (Sylvia We)(၆၄)နှစ်
**St. Augustine ကျောင်းသူဟောင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၇၁)၊ သာသနာ့ရိပ်သာလမ်းနေ (ဦးစံဝေ)-ဒေါ်ခင်လှတို့၏သမီး၊ (ဦးခင်ငြိမ်း-ဒေါ်တင်မြင့်)တို့၏ သမီးချွေးမ၊ ဦးဆန်နီဝေ-ဒေါ်ချယ်ရီ၊ ဦးဆန်နီဝေ(ခ)ဦးတင်မောင်ဝင်း-ဒေါ်စန်းစန်းမြင့်၊ ဒေါ်တင်မိုးဝေတို့၏ညီမ၊ ဦးစံညိုဝေ-ဒေါ်သီတာရွှေ၊ ဦးစံပိုဝေ (Miraco Co,)-ဒေါ်မြင့်မြင့်အေး၊ ဦးစံမိုဝေ(VOA, USA)-ဒေါ်သိဂီထိုက်(VOA, USA)၊ (ဒေါ်စုစုဝေ)၊ (ဦးထွန်းနိုင်-ဒေါ်သန့်သန့်ထူးဝေ)တို့၏ ချစ်လှစွာသောအစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏အဒေါ်၊ ဦးစိုးဝင်း(Sydney)၏ ချစ်လှစွာသောဇနီး၊ စိုးမိုးအောင်(Sydney)၏ ကျေးဇူးရှင် မွေးသမိခင် ဒေါ်ခင်မိုးဝေသည် ၈-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀း၄၅နာရီတွင် Sydney မြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(၇၁)၊ သာသနာ့ရိပ်သာလမ်း၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မိုးဝေ (Sylvia We)(၆၄)နှစ်
**B.A(Eco)၊ ဌာနခွဲမှူးဟောင်း**
**အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၇၁)၊ သာသနာ့ရိပ်သာလမ်းနေ (ဦးစံဝေ)-ဒေါ်ခင်လှတို့၏သမီး၊ (ဦးခင်ငြိမ်း-ဒေါ်တင်မြင့်)တို့၏သမီးချွေးမ၊ Australia နိုင်ငံ Sydneyမြို့နေ မောင်စိုးမိုးအောင်၏ကျေးဇူးရှင်မွေးသမိခင်၊ Jonathan Tun၊ Harrison Tunတို့၏အဒေါ်၊ ဦးစိုးဝင်း၏ချစ်လှစွာသောဇနီး ဒေါ်ခင်စိုးဝေသည် ၈-၅-၂၀၁၇ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် South Chaple Lidcombe၊ Rookwood Cemetery ၌ သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ Asokha Monestery၊ Valencia Crescent Toongabbie သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီး ကျော်မိုး(ငြိမ်း)
## အသက် (၆၈)နှစ်
**ကြည်း/၁၄၃၅၅၊ OTS (53)**

သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်သစ္စာ (၃)လမ်း၊ အမှတ် (၈၄၅/က)နေ ဆရာမ ဒေါ်အယ်(လ်)စီခင်၏ခင်ပွန်း ဗိုလ်ကြီးကျော်မိုး(ငြိမ်း) သည် ၇-၅-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာ သုဂတိလားပါစေ။

**OTS (53) စည်သူတပ်ခွဲ**
**ကျောင်းဆင်းသူငယ်ချင်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝင်း
## အသက် (၇၆)နှစ်

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါ်ကြည်ကြည်မြင့်၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ဝင်းသည် ၈-၅-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစာဌာန**
**ရန်ကုန်တက္ကသိုလ်**

## ဦးကျော်ရင် (၅၇)နှစ်
**(နမ့်ဆန်မြို့၊ ရှမ်း/မြောက်)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ (၁၂)လမ်း(လမ်းတို)၊ တိုက်(၁၀၀)၊ ပထမထပ်နေ (ဦးဝူကြာရှင်း-ဒေါ်အဲခမ်း)တို့၏ သားကြီး၊ ဒေါ်မြခင်၏ခင်ပွန်း၊ ကိုစိန်ဝင်း-မကြူကြူလွင်၊ မသိန်းမေ၊ မမိုးမိုးဝင်းတို့၏ ဖခင်သည် ၉-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအေးမြို့ (၅၆)နှစ်
**(တပ်ကြပ်ကြီး-ငြိမ်း၊ က. ပ. စ)**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၅၅)ရပ်ကွက်၊ ဦးပေါ်ဦးလမ်း၊ အမှတ် (၁၅၁၀)နေ (ဦးတင်လှိုင်)-ဒေါ်တင်ရတို့၏သား၊ (ဦးတင်အေး)-ဒေါ်စောသိန်းတို့၏သားသမက်၊ ဦးလှတိုး-ဒေါ်ခင်သန်းတို့၏တူ၊ ဦးမြင့်ကြည်-ဒေါ်ပိုက်ငွေးတို့၏မောင်၊ ဦးဘိုချုပ်-ဒေါ်သန်းသန်းဝင်း၊ ဦးဘိုစန်း-ဒေါ်ရီနွယ်၊ ဦးမျိုးလွင်စန်း-ဒေါ်ငွေးနွယ်၊ ဦးဝင်းလွင်အေး-ဒေါ်သန်းနုစိန်၊ ဦးထွန်းထွန်းဝင်း-ဒေါ်ခင်ငွေးမြင့်၊ ဦးဇော်ဇော်အေး-ဒေါ်နုနုထွေးတို့၏အစ်ကို၊ မခင်သန္တာမြို့ (Elite Tech Manufacuring Co., Ltd)၊ မဆုကလျာမြို့တို့၏ဖခင်၊ ဒေါ်သူဇာအေး၏ခင်ပွန်းသည် ၉-၅-၂၀၁၇ ရက် မွန်းလွဲ ၁၂း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး
## ဆရာကြီးဦးစန်းမောင်(၈၅)နှစ်
**သက်ကြီးကန်တော့ခံ**
**အလပြ အထက(၁)၊**
**လပွတ္တာ(အငြိမ်းစား)**

လပွတ္တာမြို့၊ (၅)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၁၃/၅)နေ (ဦးစံတင်-ဒေါ်ခင်ကြည်)တို့၏သား၊ ဒေါ်လှငွေး၏ခင်ပွန်း၊ ဦးဇော်မင်း (ဝင်းလှိုင်ဆေးဆိုင်)၊ ဦးအောင်နိုင်-ဒေါ်ဝင်းမြတ်ခိုင် (ဆားလုပ်ငန်းရှင်)တို့၏ ဖခင်သည် ၉-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် လပွတ္တာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးဇော်ထွန်း(ခ)
## ဦးတင်မောင်ဝင်း (၇၉)နှစ်
**လ/ထညွှန်ကြားရေးမှူး၊ စက်မှု(၁)**

ပျော်ဘွယ်မြို့နေ (ဦးမော်အင်-ဒေါ်ကျင်စိန်)တို့၏သားကြီး၊ ပျဉ်းမနားမြို့နေ သစ်ကုန်သည်(ဦးညို-ဒေါ်သန်းရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၀၃)၊ အခန်း(၆)၊ မြေညီထပ်နေ (ဒေါ်အေးအေးလွင်)၏ ခင်ပွန်း၊ ဦးဇော်ဝင်းထွန်း၊ ဦးကျော်ဝင်းစိုး၊ ဒေါ်မိုးသီတာတို့၏ဖခင်၊ ဦးမျိုးလွင်-(ဒေါ်မြကျင်)တို့၏ အစ်ကိုကြီး ဦးဇော်ထွန်း(ခ)ဦးတင်မောင်ဝင်းသည် ၁၀-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ထုံ (၉၉)နှစ်
**မော်လမြိုင်(လိမ္မော်ကုန်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (441-B2) တက္ကသိုလ်ရိပ်သာလမ်းသစ်နေ (ဦးကမ်-ဒေါ်ချာ)တို့၏ သမီး၊ (ဦးထွန်းစိန်)၏ ဇနီး၊ ဦးရီရွှေ(ခ)နိုင်ရစ်-(ဒေါ်သန်းသန်းအေး)တို့၏ မွေးသမိခင်၊ ဦးမင်းစိုးသန်း-ဒေါ်ငွေးငွေးမြင့်၊ ဦးမင်းမြင့်ဦး-ဒေါ်သန်းသန်းချို၊ ဦးသန်းအောင်-ဒေါ်စိမ့်စိမ့်ရီ၊ ဦးအောင်ဇော်-ဒေါ်သန်းသန်းနွယ်၊ ဦးသန်းဝင်း-ဒေါ်ပန်းဝါတို့၏အဘွား၊ မြစ် ၁၁ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ထုံသည် ၁၀-၅-၂၀၁၇ရက် နံနက် ၆း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေ မျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ဆွေဆွေ(မြန်မာစာ)
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ လမ်း(၅၀)အိမ်ရာ၊ ကွန်ဒိုတိုက်(အေ)၊ အခန်း(၂၂၇)နေ (ဦးဘဟန်-ဒေါ်စောကြွယ်)တို့၏သမီး၊ [ဦးမင်းအောင် (မြန်မာ့ရေနံ-ငြိမ်း)]-ဒေါ်နန်းလှ၊ ဂုဏ်ထူးဦးအောင်ခိုင်-ဒေါ်ခင်ပြုံးသွင်၊ (ဒေါ်ခင်သန်းအေး)တို့၏ညီမ၊ ဒေါ်မေပြုံးဟန်၊ ဒေါ်မျိုးမျိုးတို့၏အစ်မ၊ ဒေါက်တာကျော်ခိုင်ဦး၊ မောင်ဇော်ရဲထွန်းတို့၏မိခင်၊ မောင်ဇမ္ဗူဦး၏အဘွားသည် ၉-၅-၂၀၁၇ (အင်္ဂါနေ့) ည ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြကြည် (၈၆)နှစ်
**နိကာယ် သာသနာတော်ထွန်းကားပြန့်ပွားရေးအသင်း(နာယကကြီး)**

ရန်ကုန်မြို့နေ (ဦးထွန်းစိန်-ဒေါ်စိန်)တို့၏သမီး၊ (ဦးတင်မောင်-ဒေါ်မြစီ)တို့၏သမီးချွေးမ၊ (ဦးကြည်ဦး)၏ ဇနီး၊ ဦးကျော်ဦး-ဒေါ်ခင်လင်းဦး၊ (ဦးသိန်းအောင်) - ဒေါ်ခင်သင်းဦး၊ ဦးမြတ်သူ(ISY)-ဒေါ်ခင်စိုးဦး၊ ဦးကျော်ကျော်ဦး-ဒေါ်ခင်ခင်လတ်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၂၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၇(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ (Snow Garden)၊ ခြံအမှတ်(၇)နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်ညွှန့် (၆၈)နှစ်
**နမ့်ဆန်မြို့(ရှမ်း/မြောက်)**
**ခိုင်သဇင်လက်ဖက်ခြောက်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၉၉)၊ (၉၂)လမ်း၊ ကန်ရှေ့ရပ်နေ [ဦးချိန်ထန်(ခ)ဦးတင်အောင်-ဒေါ်လှရင်]တို့၏တတိယသား၊ သီပေါမြို့၊ နှင်းဆီလမ်း၊ ပန်းတိမ်မြောက်ရပ်နေ ပွဲစားကြီးဦးစိန်ရုံး(မိသားစုလက်ဖက်ခြောက်လုပ်ငန်း)-(ဒေါ်ကျင်ဝှုံး)တို့၏ သားသမက်၊ ဒေါ်ရီရီဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်စိုးဝင်း-မအေးမွန်သွယ်(ကျောက်မဲ)၊ ကိုအောင်ဟိန်း-မရွှန်းလဲ့ဝေတို့၏မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးကျော်ညွှန့်သည် ၁၀-၅-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀ နာရီတွင် သုခိတာလမ်း၊ (A-49)၊ ရန်ကင်းရပ်၊ မကွေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မကွေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစိုးမင်း (၄၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင် အနောက်ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၅၂-၅၄)နေ (ဦးတင်ဝင်း-ဒေါ်မြဥ)တို့၏ သား၊ (ဦးသန်းဦး)၊ (ဒေါ်မြမြဝင်း)၊ ဦးကိုလေး-ဒေါ်ဝါဝါဝင်း၊ ဦးကိုမြင့်၊ ဦးတင့်လွင်-ဒေါ်နော်အုံးကျင်၊ ဦးခင်ကျော်စိုး-ဒေါ်လဲ့လဲ့ဝင်း၊ ဦးထွန်းဦး-ဒေါ်ငွေးငွေးဝင်းတို့၏မောင်၊ ဦးကျော်ဝေလွင်-ဒေါ်စိုးစိုးမော်တို့၏ အစ်ကို၊ တူ/တူမ ၁၂ ယောက်တို့၏ဦးလေး ဦးစိုးမင်းသည် ၁၀-၅-၂၀၁၇ ရက် ညနေ ၃း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၆ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်အင်မာရှန်(မြိတ်)
## အသက် (၇၈)နှစ်
**အသင်းဝင်အမှတ်(၇၃၁)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ်(၃၇)နေ (ဦးကြင်အောင်)၏ဇနီးသည် ၈-၅-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်ဥယျာဉ်တော်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ နံနက် ၆း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

### ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးသိန်းထွန်း(MEIC) (၇၆)နှစ်
**နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားရေးမှူး(ငြိမ်း)**
**San Chain Trading Co.,Ltd (Adviser)**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၉)နေ (ဦးစိုးညွှန့်-ဒေါ်လှသိန်း)တို့၏သားကြီး၊ (ဦးဖိုးအိုင်-ဒေါ်သိန်းရွှေ)တို့၏ သားသမက်၊ ဒေါ်တင်ကြိုင်၏ခင်ပွန်း၊ မအေးအေးမိုး၊ ဒေါက်တာ အောင်ခိုင်ထွန်း (မေ့ဆေးအထူးကုဆရာဝန်၊ ကလေးဆေးရုံ)-(မငြိမ်းငြိမ်းမိုး)တို့၏ဖခင်၊ (ဦးမြင့်ဟန်)၊ ဦးမြင့်သိန်း၊ ဦးခင်ဇော်၊ ဦးဝင်းတင်၊ (ဦးကျော်ကျော်)တို့၏အစ်ကို ဦးသိန်းထွန်းသည် ၁၀-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၇(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောဒေးဗစ်တင်အောင်
## အသက်(၆၉)နှစ်
**(MCC-URM)မြို့ပြကျေးလက်သာသနာ**
**(ယုဒသန်အသင်းတော်ရုံးအုပ်)**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ မရမ်းရိုးကျေးရွာနေ [ဗိုလ်ကြီးမောအီ(ငြိမ်း)-ဒေါ်သိန်းပွင့်]တို့၏မြေး၊ (ဦးသန်းမောင်-စစ္စတာနော်ဂျူး)တို့၏ တစ်ဦးတည်းသောသား၊ နန့်မေဘယ်လ်၏ခင်ပွန်း၊ စောတင်အောင်ရွှေ-မစန်းစန်းထွန်း၊ စောပိုင်မင်းထွဋ်တို့၏ဖခင်၊ ဒေါ်နော်ရီဘက်ခါအေးလှ-ဦးကျော်မြင့်၊ ကိုသက်ချို(5 Plus)-နန့်မေရီထွန်းတို့၏အစ်ကို၊ နန့်မေနှင်းသက်၊ ဘေဘီတင်အောင်ရွှေတို့၏အဘိုး ဦးစောဒေးဗစ်တင်အောင်သည် ၁၀-၅-၂၀၁၇ ရက် နံနက် ၃နာရီတွင် Judson Centre ဝင်းနေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားခဲ့ပါသဖြင့် ၁၁-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကမာရွတ်မြို့နယ် Judson Church ၌ ဈာပနဝတ်ပြုကိုးကွယ်မှုပြုပြီး ရေဝေးဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (Judsone Church တွင် မော်တော်ယာဉ်များ စီစဉ်ထားရှိပါသည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်ခင်သန်းဆွေ (၇၂)နှစ်
**(ရဲအုပ်-ငြိမ်း)၊ CID၊ ဒုရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၈/၈၀)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ နှင်းဆီလမ်းသွယ်၊ အမှတ်(၅၃၈)နေ (ဦးသန်းမောင်-ဒေါ်သင်း)တို့၏သမီး၊ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ကျောက်ရဲကျေးရွာနေ (ဦးကြီးမောင်-ဒေါ်စိမ့်)တို့၏ သမီးချွေးမ၊ ဒေါ်နုနုလွင်၊ ဦးသက်အောင်-ဒေါ်မြင့်မြင့်မော်၊ ဒုရဲမှူးစန်းစန်းထွေး (CID)၊ ဒုရဲမှူးဇော်မင်းအောင်-တပ်ကြပ်ကြီး ဝါဝါမြင့်၊ ဒုရဲမှူးခင်ဇော် (ရွှေပြည်သာမြို့မရဲစခန်းမှူး)-(ဒေါ်မိုးမိုးမြင့်)တို့၏ အစ်မ၊ ကိုအောင်ကိုကို သန်း-မအေးစန္ဒာအောင်တို့၏မိခင်၊ မောင်မင်းခန့်ကိုကို၏အဘွား၊ ရဲမှူးအောင်မင်း၏ချစ်လှစွာသောဇနီးသည် ၁၀-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၇ (အင်္ဂါနေ့) နံနက်တွင် ရွှေပြည်သာမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း(ခ)
## Victor Aung Thaung(ပြည်)
## အသက် (၇၀)
**မြန်မာ့လေကြောင်း (အငြိမ်းစား)**
**Air Mandalay**

ရန်ကုန်မြို့နေ [ဗိုလ်ကြီး အောင်သောင်း(ငြိမ်း)-ဒေါ်ခင်သန်းနွဲ့]တို့၏ သားကြီး၊ ဦးအောင်ဝင်း-ဒေါ်မေမေသိန်း၊ ဒေါ်စုစုအောင်(မြန်မာ့သစ်လုပ်ငန်း)-(ဦးဝင်းအောင်)၊ ဒေါ်နုနုအောင်-ဦးခင်မောင်ဝင်း၊ ဒေါ်စိုးစိုးအောင်-ဦးဘိုဘိုလွင်တို့၏အစ်ကိုကြီး၊ အမှတ်(၄၀)၊ ငါးလွှာ၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်နေ ဒေါ်စုစုခိုင်(YESC-မြောက်ပိုင်းခရိုင်)၏ခင်ပွန်း၊ ဒေါ်လွင်မေဦး-ဦးအောင်သန်းငွေ၊ ဒေါ်ဖြူစင်မြင့်-ဦးမျိုးသန့်ချိန်၊ ဒေါ်ဆွေဇင်မြင့်-ဦးမျိုးသူအောင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘိုး ဦးမြင့်သိန်းသည် ၁၀-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမ ည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းတင်(ခ)ကွန်ဘုတ်
## အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန် (၇) လမ်းထိပ်၊ အမှတ် (၂၈၇/က)နေ (ဦးအောင်ညွန့်-ဒေါ်လွန်းရင်)တို့၏ သမီး၊ (ဦးသောင်းရီ)-ဒေါ်ငွေသန်း၊ (ဦးသိန်းမောင်)-ဒေါ်ခင်သန်းဝင်းတို့၏ ညီမ၊ ဦးမောင်ခိုင်-ဒေါ်မြဝင်း၊ (ဦးခင်လှိုင်)-ဒေါ်ခင်မြ၊ ဒေါ်ရင်လှတို့၏ အစ်မ၊ ဦးထွန်းထွန်းဦး-ဒေါ်မြင့်မြင့်စန်း၊ ဦးဖိုးဇော်-ဒေါ်ကြည်ကြည်ဆွေ၊ ကိုငွေးအောင်-မကျင်သိန်း၊ ကိုကျော်ကျော်လှိုင်-မကလျာ၊ ကိုအောင်ကျော်မိုး-မဆွေဆွေဦး၊ ကိုအောင်ကျော်စိုး-မဝတ်ရည်ဖြိုး၊ ကိုသန့်ဇင်ထွေး-မလဲ့လဲ့တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၅ ယောက်၊ မြစ်သုံးယောက်တို့၏အဘွား၊ (ဦးအုန်းမြင့်)တို့၏ ချစ်လှစွာသောဇနီးသည် ၁၀-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့)တွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘိုကလေးမြို့ ဓမ္မာယတန စက်စုပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက မြို့နယ်သံဃနာယက ဩဝါဒါစရိယ ဆရာတော်ကြီး
## ဘဒ္ဒန္တ ကလျာဏ မဟာထေရ်မြတ်
## သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်ဘိုကလေးမြို့၊ မြို့မ (၃)ရပ်ကွက်၊ စကားဝါလမ်း၊ ဓမ္မာယတန စက်စုပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တ ကလျာဏ မဟာထေရ်မြတ်ကြီးသည် (၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁၀ရက်) ၅-၅-၂၀၁၇ (သောကြာနေ့) ညနေ ၆း၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ရက်) ၁၅-၅-၂၀၁၇(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်ပူဇော်၍ အန္တိမအဂ္ဂိ ဈာပနကို ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ဓမ္မာယတန စက်စုပရိယတ္တိစာသင်တိုက်
ဘိုကလေးမြို့

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ သာသန (မြို့နယ်ဝိနည်းဓိုရ်)
## သိက္ခာတော် (၃၉)ဝါ၊ သက်တော် (၅၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ မင်းတစုကျေးရွာအုပ်စု၊ စော်ပန်ကြီးကျေးရွာနေ ခမည်းတော်ဦးသောင်းညွှန့်-မယ်တော်ဒေါ်ခင်တို့၏ သားတော်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ကျွန်စစ်သားလမ်း၊ ဇီးကုန်းကျောင်း တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ သာသန သိက္ခာတော် (၃၉)ဝါ၊ သက်တော် (၅၉) နှစ်သည် (၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်နေ့) နံနက် ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

## ဒေါ်ကျင်မြ(ဒိုက်ဦး) (၉၇)နှစ်

ဒိုက်ဦးမြို့နေ (ဦးစံလင်း-ဒေါ်ငို)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးစိတ်ကောင်း-ဒေါ်စိမ်းရင်)တို့၏ သမီးချွေးမ၊ (ဦးစိန်မော်)-ဒေါ်အေးမြင့်တို့၏ အစ်မ၊ ဦးမောင်ကြည် (မြို့နယ်လျှပ်စစ်မှူး-ငြိမ်း)-ဒေါ်ခင်သိန်း၊ (ဦးဝင်းမြင့်)-ဒေါ်တင်အေး၊ (ဦးအောင်ကြည်)-ဒေါ်လှမြင့်၊ ဦးမောင်စိန်၊ (ဦးဘိုတင့်)-ဒေါ်ခင်ထွေး၊ တိုက်ကြီးမြို့နေ ဗိုလ်မှူးချုပ် မျိုးတင့်အောင်-ဒေါ်သက်သက်မွန်တို့၏ မွေးသမိခင်၊ (ဦးယုံခင်)၏ဇနီး၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၀-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ်(၂)တပ်မတော်ဆေးရုံ၊ (ခုတင်-၅၀၀) ငြိမ်းအေးဇရပ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့)တွင် တိုက်ကြီးမြို့နေအိမ်သို့လည်းကောင်း၊ ၁၆-၅-၂၀၁၇(အင်္ဂါနေ့)တွင် အမှတ်(ဂ/၈၈)၊ မေဒါဝီလမ်း၊ ဒိုက်ဦးမြို့နေအိမ်သို့လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဖွားစိန် (နိဗ္ဗာန်ရွာ/ပဲခူး) (၈၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃/မာန်ပြေ)ရပ်ကွက်၊ မာန်အောင်လမ်း၊ အမှတ်(၅၆၉)နေ (ဦးအောင်သိန်း)၏ချစ်လှစွာသောဇနီး၊ (ဦးထွန်းရွှေ)-ဒေါ်တင်ကြည်တို့၏ ချစ်လှစွာသောအစ်မ၊ ဦးသိန်းမြင့် (မြို့နယ်အုပ်ချုပ်ရေးမှူး-ငြိမ်း၊ YBPC Co., Ltd)-ဒေါ်သန်းရွှေ၊ ဦးတင့်ခိုင် (လ/ထ ညွှန်ကြားရေးမှူး-မိုးညှင်းခရိုင်၊ လ. ဝ. က)-ဒေါ်နွယ်နွယ်ရွှေ၊ (ဦးသန်းငွေး)-ဒေါ်မြင့်မြင့်အေး၊ ဦးဝင်းဇော်-ဒေါ်မြင့်မြင့်အေး(ကြယ်ငါးပွင့်)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မယဉ်မျိုးထိုက် (Shwe Sae Taw-999 Co., Ltd)၊ မောင်ထိန်လင်းကျော်(AE,MEC၊ တာယာစက်ရုံ)၊ မပြုံးသော်တာသိန်း(SBT Co., Ltd၊ ခေတ္တ-ဂျပန်)၊ မနှင်းဝတ်ရည်ကျော် (B.A LI)၊ မမေမျိုးစန်း (B.Sc-Zool,Hon)၊ မအေးမြနန္ဒာခိုင်(2BE TTU)၊ မဆုဝတီဇော်(အထက-၃၊ သာကေတ)၊ မောင်ထင်လင်းအောင်(အထက-၃၊ သာကေတ)တို့၏ ချစ်လှစွာသောအဘွားသည် ၁၀-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ (သောကြာနေ့) ညနေ ၃ နာရီတွင် ကျိုက်စုသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သောင်းတင် (၈၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာသုခိတာလမ်း၊ အမှတ် (၃၁)နေ (ဦးဘိုးမောင်-ဒေါ်ထွန်း)တို့၏ သမီး၊ (ဦးမောင်ငယ်-ဒေါ်သင်းလှိုင်)တို့၏သမီးချွေးမ၊ ဦးညွှန့်ရှိန်(တိ/မွေးကု-ငြိမ်း)၏ဇနီး၊ (ဦးအောင်မြိုင်)-ဒေါ်စန်းစန်းမြင့်တို့၏ညီမ၊ ဒေါ်ညွှန့်ရီ၏အစ်မ၊ ဒေါက်တာ ဒေါ်ခင်ချိုဝင်း၊ ဒေါက်တာဝင်းကိုရှိန်-ဒေါ်တင်တင်ချို၊ ဦးသိန်းနိုင်-ဒေါ်ရီရီဝင်းရှိန်၊ (ဦးမျိုးအောင်)-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါက်တာဝင်းညီရှိန်-ဒေါ်ခင်အိထွန်း၊ ဒေါ်မို့မို့ဝင်း၊ ဦးဝင်းဇော်ရှိန်-ဒေါ်တင်တင်ဝင်း၊ ဒေါက်တာဝင်းနိုင်ရှိန်-ဒေါက်တာ သင်းသင်းညွှန့်၊ ဦးခိုင်ဝင်းကျော်ရှိန်၊ ဒေါ်ဝင်းသန့်သန့်ရှိန်တို့၏မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၅-၂၀၁၇ရက် နံနက် ၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးနေဝင်း(CMA) (၇၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၉၈)၊ ငုဝါလမ်းနေ (ဦးဗိုလ်ကြီး-ဒေါ်အမာ)တို့၏သားကြီး၊ ဒေါ်ထွေးရင်၏ခင်ပွန်း၊ ဒေါ်မြတ်သန္တာဝင်း၊ ဒေါ်မြတ်သဇင်ဝင်း-ဦးထွေးညီတို့၏ဖခင်၊ ဦးမျိုးဝင်း-ဒေါ်နီနီတို့၏အစ်ကို၊ မဆုဝေမျိုး၏ဘကြီး၊ မမြတ်ကြည်ဖြူညီ၏ဘိုးဘိုးကြီးသည် ၁၀-၅-၂၀၁၇ ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၇(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ် သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဝမ်းမောင် (၇၁)နှစ်
**ကျေး/ရေ (လယ်ယာနှင့်သစ်တော၊ လ/ထညွှန်မှူး-ငြိမ်း)**
**Project Consultant, Phnom Penh, Cambodia**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ တွင်းတော်ကျေးရွာနေ (ဦးဗိုလ်ရေး)-ဒေါ်ရွှေအုံတို့၏ သားကြီး၊ မုံရွာမြို့နေ (ဦးသိန်းလှ-ဒေါ်တင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၅၄/၄၅)ရပ်ကွက်၊ ကာဘိုးလမ်းနေ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဦးစံသာအောင်-ဒေါ်အေးမြတ်ဝမ်း၊ ဦးစည်သူ-ဒေါ်စုမြတ်ဝမ်း၊ ဦးသူရဇင်-ဒေါ်မျိုးပပဝမ်းတို့၏ဖခင်၊ မဆုမြတ်စံ၏အဘိုးသည် ၁၀-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၇ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု



ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့သို့ ဆွေးနွေးပွဲတက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် ထွက်ခွာသွားသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းအား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# အာရှ-ပစိဖိတ်ဒေသဆိုင်ရာဆွေးနွေးပွဲ တက်ရောက်ရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၁၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan ၏ ဖိတ်ကြားချက်အရ မေ ၁၀ ရက်မှ ၁၆ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် "Responding to Climate Change-Action of Legislators to achieve the SDGs" ခေါင်းစဉ်ဖြင့် ကျင်းပမည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းသည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ရန်နှင့် တစ်ဆက်တည်း ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသည်။

**စာမျက်နှာ ၆ ကော်လံ ၅ သို့ ❖**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး၌ သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပမီဒီယာသမားများ မှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို မေ ၂၄ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference-21st Century Panglong ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ် မှတ်ပုံတင်ခြင်းကို မေ ၁၉ ရက် ညနေ ၄ နာရီနောက်ဆုံးထား ဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို မေ ၂၃ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှ တစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းထောက်များ ဝင်/ထွက် ခွင့်ရရှိရေးအတွက် သိရှိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း-၀၆၇-၄၁၂၁၈၇ သို့လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅နှင့် ၀၆၇-၄၁၂၁၂၆ တို့သို့လည်းကောင်း ဆက်သွယ် မေးမြန်းနိုင်သည်။

ညီလာခံသို့တက်ရောက်သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပ မီဒီယာများ တည်းခိုမှုလွယ်ကူစေရန် Sky Palace Hotel တွင် စျေးနှုန်းသက်သာစွာဖြင့်

**စာမျက်နှာ ၆ ကော်လံ ၅ သို့ ■**

# ဟံသာဝတီအသင်း အချိန်ပိုတွင် အနိုင်ရ

**ရန်ကုန် မေ ၁၀**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်(ပထမနေ့)ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်း၌ကျင်းပရာ ဟံသာဝတီအသင်း အချိန်ပိုတွင် အနိုင်ရခဲ့သည်။

**ဟံသာဝတီ - သုံးဂိုး**
**ဇွဲကပင် - တစ်ဂိုး**

အမှတ်ပေးပြိုင်ပွဲတွင် ရှုံးကန်နေရသည့်အသင်းနှစ်သင်း၏ တွေ့ဆုံမှုဖြစ်ပြီး မိနစ် ၉၀ တွင် တစ်ဂိုးစီသရေကျနေ၍အချိန်ပိုကစားခဲ့ရပြီး ဟံသာဝတီအသင်းက တိုက်စစ်မှူး မာစီယို၏သွင်းဂိုး များဖြင့် အနိုင်ရခဲ့သည်။ ၂၀၁၀ ရှုံးထွက်ချန်ပီယံ ဟံသာဝတီအသင်းသည် ကွာတားဖိုင်နယ်တွင် ၂၀၁၁ ရှုံးထွက်ချန်ပီယံ ရန်ကုန်နှင့် ကစားရမည်ဖြစ်သည်။

**စာမျက်နှာ ၆ ကော်လံ ၄ သို့ ❍**



ဟံသာဝတီအတွက် ပထမဂိုးကို မာစီယို သွင်းယူနေစဉ်။